
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ဝိဇ္ဇာ

လေရှူးတံ့တုံ / ဝိဇ္ဇာ။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၄။

၁၄၄ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ – – ဦးအောင်မြင့်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် – – အောင်မြင်ပုံနှိပ်တိုက်၊

ဖြန့်ချိရေး – – အောင်မြင်စာပေ၊ ပထမအကြိမ် – ၂၀၁၄ ခုနှစ်၊

(အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)။



BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

"လေရှူး ခရီးသည်စာရင်းနဲ့ ခုံနံပါတ်တွေ စစ်ထားပြီးပြီ လား"

"ဟုတ်ကဲ့ ကိုကို့ . . ညီ စစ်ပြီးပါပြီ"

"ကားကိုရော သေချာစစ်ဦး"

"ဆီ၊ ရေ၊ လေ၊ ဝိုင်. . . အားလုံး အိုခေ"

Laptop တစ်လုံးနှင့် ကားအဝင်အထွက်စာရင်းစစ်နေသော လေပြေ. . မျက်မှန်ကိုပင့်တင်ပြီး အစ်ကိုဖြစ်သူ နွေဦးကို လှည့်မေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ (၉၀၉၈)က ဘယ်အချိန်လောက် ရန်ကုန်ပြန်ဝင်မတဲ့လဲ"

"ထောက်ကြန့်နား ဝင်လာပြီကိုကို၊ (၄၈၃၉)က ခုမှ မုတ္တမပဲ ရောက်သေးတယ်၊ မနက်က ထွက်သွားတဲ့ မန္တလေးကားက လမ်းမှာ ပျက်နေတယ်ဆိုပြီး စောစောကပဲ ဖုန်းဝင်လာလို့ ဝပ်ရှော့ဆရာတွေကို လွှတ်လိုက်ပြီ"

"ဟာကွာ. . အဲဒါကြောင့် ဒရိုင်ဘာတွေကို ကားမထွက်ခင်စစ် လို့ ပြောတာပေါ့၊ ကားက ဘာဖြစ်တာတဲ့လဲ"

"ဆီတိုင်ကီ ပေါက်တယ်ဆိုလားပဲ၊ နောက်ပြီး. . ဝါယာရိန်းက လည်းဖောက်နေလို့"

"ကျွတ်. . အဲဒါပေါ့ 'သတိမမူ ဂူမမြင်'ဆိုတာ၊ လုပ်ငန်းကြီး လုပ်နေတာကို ဘာများထင်နေလဲ. . ဒင်းတို့ ပေါ့လျော့တော့ ခရီးသည် တွေဆီက ကွန်ပလိမ်းတွေ ဝင်လာပြီး နောက်ဆုံး ထိခိုက်ရမှာက ငါတို့ လုပ်ငန်း. . ."

"သူတို့လည်း စစ်တော့စစ်သွားကြတာပါပဲ ကိုကိုရာ၊ ဒါပေ မယ့် စက်ပစ္စည်းလေ. . ဘယ်အစိုးရမတုန်း၊ လူတောင် ခန္ဓာရှိရင် ဝေဒ နာ ရှိသေးတာပဲ. . ဟာကို"

မိကျောင်းမင်း ရေခင်းပြတာ ဝန်ထမ်းတွေဘက်မှနေပြီး အ ကာအကွယ်ပေးလိုက်သည်။ စက်ပစ္စည်း ချို့ယွင်းတာတော့ ဒရိုင်ဘာ တွေကို အပြစ်လို့ချည်းပဲ ပုံချလို့မရ. . ။

"အေး. . အဲဒီဝေဒနာ အသာထား၊ ခုထွက်မယ့် ကားပေါ်ကို ရော ဆေးဝါးနဲ့ရေသန့်ဘူး အလုံအလောက် တင်ပြီးပြီလား"

"ဖြိုးမောက်ကို တင်ခိုင်းလိုက်ပြီ"

ရုံးခန်းထဲ ဝင်လာပြီးကတည်းက နန်းစတော့ပြောနေသော. . ကိုကိုနွေဦးကို လေပြေကလည်း စိတ်ရှည်လက်ရှည် ဖြေပါသည်။ ခုချိန်





မှာ သူက သုခဘုံ ခရီးသွားကုမ္ပဏီရဲ့ ဒါရိုက်တာပဲလေ. . . ။

"ဒရိုင်ဘာ ကိုသန်းဝင်း ရောက်ပါပြီ၊ သူ လမ်းမှာလိုအပ်မယ့် ရိက္ခာတွေ သွားဝယ်နေတယ်"

"ဘာရိက္ခာတုန်း. . မဟုတ်က ဟုတ်ကတွေလား"

လေပြေ စိတ်ထဲမှပဲ ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး. . .

ဟာ. . ကိုကိုကလဲဗျာ၊ ရိုးရိုးလေးတွေးပြီး အကောင်းမြင်ပေး စမ်းပါဗျာ၊ ကိုသန်ဝင်းသွားဝယ်တဲ့သူ့ရိက္ခာက ဝါးထွေးလေ. . ဝါးထွေး သူက အဲဒီအရည်မရအဖတ်မရ မပါရင် သူ့မိန်းမအိမ် မပြန်ရတာထက် ပိုပြီး မရိုးမရွ ဖြစ်တဲ့လူ"

ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သော လေပြေ့စကားကြောင့် နွေဦး ကျွတ်ခနဲ စုတ်သပ်ကာ. . .

"ဟာကွာ. . ဒီလူ အဲဒီကွမ်းကို မစားပါနဲ့လို့ အကြိမ်ကြိမ် သတိ ပေးနေရင်းနဲ့. . မင်းကရော မပြောဘူးလား လေပြေရာ၊ ခရီးသွား ပို့ ဆောင်ရေးက ဝန်ထမ်းတွေအားလုံး ဆေးလိပ်၊ ကွမ်း၊ အရက် မသုံးစွဲ ရဘူး ဆိုတာလေ"

နောက်ဆုံး ကိုယ့်ဘက်ကို မြှားဦးလှည့်လာပြီမို့ လေပြေ ခေါင်း ကို ခပ်ဖြည်းဖြည်း ခါယမ်းပြီး. . .

"အဲလောက်လည်း စာအုပ်ကြီး မကျပါနဲ့ ကိုကိုရာ၊ အဲ့ဒီကွမ်း က သူ့ကိုရော ခရီးသည်တွေကိုရော ကယ်တင်ရာ ရောက်ပါတယ်ဗျာ"

"ဘာ. . အဓိပ္ပါယ်မရှိ၊ အဲဒါ စိတ်ပဲ. . စိတ်ကြောင့် စွဲလမ်းနေ တာ၊ ကားသမားတိုင်း ကွမ်းစားရမယ်ဆိုရင် ငါတို့လည်း ဟိုင်းဝေးကား တွေ မောင်းခဲ့တာပဲ. . စားပါလား"

ကိုကို့လေတွေ မြန်နှုန်းမြင့်လာသည်။ လေရှူးဆိုးအဲ ... လမ်း ပြောင်ကို ကိုကို့ကိုပဲ ပြောင်းခေါ်သင့်နေပြီ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဒီကွမ်းမစားလို့ ညဘက် ကားမောင်းရင်း အိပ်ပျော်သွားရင် ခရီးသည်တွေရဲ့ အသက်ကို ကိုကိုတာဝန်ယူမလား"

နွေဦး ပါးစပ်ပိတ်သွားပြီး လေပြေကို ပြုံးကြည့်သည်။

"အေးပါ. . ဒရိုင်ဘာနဲ့ လမ်းမှာ ပေါက်ကရ လုပ်ဖော်လုပ်ဖက် မို့ အတိုင်အဖောက်ကို ညီနေတာပဲ"

လေပြေ ဟတ်ခနဲ ရယ်လိုက်ပြီး

"ညီက မနေ့တနေ့ကမှ ခရီးသွားဝန်ဆောင်မှု တာဝန်ခံဖြစ် တာ၊ ကိုကိုက ညီ့ထက် ဆရာပိုကျခဲ့မှာပါ၊ လုပ်သက်ရင့်သွားလို့ အဲဒီက သူ့နေရာမှာ အစားထိုး ခန့်ခဲ့တာပါ၊ ညီလည်း တစ်ချိန် ကိုကို့ရဲ့နေရာကို ယူရမှာမို့ ညီ့လုပ်ဆောင်ချက်တိုင်းမှာ ဘာအမှားအယွင်းမှ မရှိစေရဘူး၊ ခုတော့ ကိုကို့ သံသယတွေကို သပ်သပ်ယပ်ယပ်လေး ပြန်ခေါက်သိမ်း လိုက်ဦးနော် ချစ်ကို"

"အေးပါ. . ငါကလည်း ငါ့ဝါသနာမပါတဲ့ ဒီလုပ်ငန်းကြီးကို မြန်မြန်ကျောခိုင်းပြီး နိုင်ငံခြားပညာတော်သင် သွားချင်နေတာပါ၊ ဒါ ကြောင့် မင်းကို အမှားလုပ်မိမှာ စိတ်ပူနေရတာ"

"စိတ်မပူနဲ့. . စိတ်ကို အေးအေးလေးထား၊ ဒီထက်ပူလာရင် ကိုကို့ပုံစံလည်း ခေါင်းမွေးတွေဖြူပြီး အဘိုးကြီးအိုပုံစံ ပေါက်တော့မယ်၊ ကဲ. . တော်ပြီ ညီဗိုက်ဆာသွားပြီဗျာ၊ ဒီနေရာ မုန့်တိုင်းထန်နေတယ်. . လစ်တော့မယ်"

မခိုးမခန့် ရယ်ပြောလေးပြောပြီး Laptop ကိုပိတ်ကာ ထိုင်ရာမှ ထလိုက်သည်။

"ဒါက ဘယ်ကိုလစ်ဦးမှာလဲ"

"ဟိုင်းဝေးထွက်မယ့်ကားကို ဆီ၊ ရေ၊ လေ၊ ဝိုင် စစ်ရသလို လူကိုလည်း ဆီ၊ ရေ လေ၊ ဝိုင် ဆိုတဲ့. . ဓါတ်ကြီးလေးပါးနဲ့ ညီမျှအောင်





အဟာရလေး သွားဖြည့်ထားလိုက်ဦးမယ်လေဗျာ၊ လစ်ပြီ. . "

ဆက်နေလျှင် အပြစ်ဘယ်နှစ်မျိုးလောက် ထပ်ပြီး အတင်ခံရ ဦးမည်မသိ။ ဒီတော့. . ကိုကို့ရှေ့မှ ခတ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။

ဗိုက်ကလည်း တဂွီဂွီနှင့် ဆာလာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"ဒေါ်တုတ်ရေ ပုဇွန်ထုပ် ဆီပြန်ဟင်းနဲ့ ထမင်းပြင်ပေးပါ၊ ခရမ်းချဉ်သီးသုပ်နဲ့ အရည်တစ်ပွဲပါ ချပေး"

ထမင်းဆိုင်ထဲ မဝင်ခင်ကတည်းက လေပြေ့အသံက ထမင်းဆိုင်ထဲ လှုထက်ပို၍ ကြိုရောက်နေသည်။

"ဟော. . ငါ့ဖောက်သည်လေး လာပြီဟေ့"

ဒေါ်ခင်တုတ် ကောင်တာမှထကာ ဟင်းတွေထားရာဘက်သို့ သူ့ကိုယ်လုံး ဖိုင့်ဖိုင့်ကြီးနှင့် တလှုပ်လှုပ် လျှောက်သွားသည်။

"မိသင်းရေ ပုဇွန်ထုပ် အကောင်ကြီးကြီးတစ်ပွဲ ထပ်ပြင်ပေး"





"မရှိတော့ဘူး ကြီးတုတ်ရဲ့. . ဒီတစ်ပွဲက ဟိုဝိုင်းက အစ်မအတွက်"

"ဟော. . ဟုတ်လား၊ လေရှူးရေ တခြားဟင်းနဲ့ပဲ စားလိုက်ပါလား"

လေပြေ ဒေါ်ခင်တုတ်နား ရောက်လာပြီး ပုဇွန်ထုပ် ဟင်းအိုးကို မြင်သွားသည်။

"ဒါကရော ပုဇွန်ထုပ်ဟင်း မဟုတ်ဘူးလား၊ ဟမ်. . ဘာမရှိတော့ဘူးလဲ"

"အဲ. . အဲဒါ ဟိုဘက်ဝိုင်းက မှာထားတာ လေရှူးရဲ့"

လေပြေ စတီးဇွန်းထဲက ပဲသီးကြော်တစ်ချောင်းကို နှိုက်မြည်းပြီး. . .

"ဟာ. . မရှိဘူးလို့ ပြောလိုက်ပေါ့ဗျာ၊ ကျွန်တော်က ဒီဆိုင်ရဲ့ အမြဲတမ်း ဖောက်သည်နော်၊ ကျွန်တော့်ကို ဦးစားမပေးဘဲနဲ့ သူများကို ဦးစားပေးလို့ကတော့ ခရီးသည်တွေကို ဒေါ်ခင်တုတ်ဆိုင် မညွှန်ဘဲနဲ့ ဟိုဘက်က အောင်မောင်းထမင်းဆိုင်ကို ညွှန်လိုက်မယ်"

ထိုသို့ ခြိမ်းခြောက်တော့ ဒေါ်ခင်တုတ် မျက်လုံးပြူးသွားအာ စိုးရိမ်သော လေသံဖြင့်. . .

"အယ်. . လေရှူးရယ် အဲလိုတော့ ဂျစ်မတိုက်ပါနဲ့ကွာ၊ တို့လေ မနက်ဖြန်ကျရင် ဒေါ်တုတ်က သားအတွက် အကောင်အကြီးဆုံး ပုဇွန်ထုပ်ကို ချန်ထားမယ်လေ၊ ဒီနေ့တော့ ဝက်သားလေးနဲ့ပဲ စားလိုက်ပါလား၊ ဝက်ကလီစာချက်လည်း ရှိတယ်"

"ဟာ. . ကျွန်တော်ခရီးထွက်ရမှာလေ၊ ခရီးထွက်တာ[illegible] တုန်းက ဝက်သားစားလို့ ရလို့လဲ၊ ကိုကိုသာသိရင် မိုးမီးလောင်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိအောင်စားပေါ့"

"မဖြစ်ဘူး . . ခရီးထွက်ရင် ဝက်သားမစားရတာ ကျွန်တော့် ဒယ်ဒီနဲ့အဘိုးတို့ လက်ထက်ကတည်းက အဲ့ဒီအစဉ်အလာကို ဖျောက်လို့မရဘူးဗျ၊ ရှောင်ခ်ဝင်သွားရင် တိုင်ပတ်မှာ . . ကဲပါဗျာ ကြာပါတယ်၊ ဒီဆိုင်မှာ ကျွန်တော့်လောက် ဘယ်သူမှ အရေးမကြီးဘူး . . ဟုတ်ပြီလား၊ ကဲ . . ထည့်ပါ မြန်မြန်၊ ပြီးရင် . . ခရီးသည်တွေကို နေရာသွားချပေးရဦးမှာ"

ဒေါ်ခင်တုတ် ငြင်းရခက်နေသဖြင့် တစ်ဖက်ဝိုင်းကို အားနာစွာ လှမ်းကြည့်၏။

"အန်တီ တုံတုံမှာထားတဲ့ ပုဇွန်ထုပ် မရသေးဘူးလား၊ ကားမထွက်ခင် မြန်မြန်စားရမှာမို့ပါ"

"မရဘူး ကုန်ပြီ"

ဒေါ်ခင်တုတ် ဖြေခြင်းမဟုတ်၊ လေပြေ လှည့်မကြည့်ဘဲ ဖြေလိုက်ခြင်း ဖြစ်သည်။

"ဒီမှာ ရှင် မိန်းကလေးတစ်ယောက်ကို ဦးစားပေးရတယ်ဆိုတဲ့ နိုင်ငံကြီးသားစိတ် မရှိဘူးလား"

ရန်လိုသော အသံခပ်စူးစူးကြောင့် လေပြေ ပုခုံးတစ်ချက် ဆတ်ခနဲ တွန့်လိုက်ပြီး လက်ညှိုးမှာပေနေသော ပဲသီးကြော်အဆီကို ပါးစပ်နှင့် စုပ်လိုက်ရင်း လှည့်ကြည့်လိုက်သည်။

ဝါး . . ရက်ရက်စက်စက် လှရက်သူလေးပါလား . . . ။

စိတ်ထဲမှ တအံ့တသြပြောကာ စပ်ဖြီးဖြီးနှင့် ရယ်ပြလိုက်သည်။

"လာရယ်မပြနဲ့ . . ကျွန်မ ရှင့်ကို လာမိတ်ဆက်နေတာ မဟုတ်ဘူး"

"အယ် . . ဘလိုင်းကြီးပါလား၊ ငါက မင်းကို ဘာပြောလို့ ငါ့ကို





လာပြီး နှုတ်ခမ်းကို ရှေ့နှစ်တောင်လောက်ချွန်ပြီး ပြောနေရတာလဲ"

"ဒီမှာ ကျွန်မကလည်း လေကုန်ခံပြီး မပြောချင်ပါဘူး၊ ဒါပေမယ့် နောက်မှလည်းလာသေးတယ် သူများမှာထားတဲ့ ဟင်းကိုလည်း လာဖြတ်ခုတ်သေးတယ်၊ ငြိမ်နေရင် ကျွန်မ ညံ့ရာကျသွားမှာပေါ့၊ ဒါကြောင့်လာပြောတာ၊ အန်တီ ကျွန်မ အရေးကြီးနေလို့ ပုဇွန်ထုပ်ဟင်း မြန်မြန်လေး ပို့ပေးပါ"

စိတ်ထဲမှာ အလျှော့ပေးချင်ပေမယ့် ကြုံတုန်းကြုံခိုက် မိန်းမချောလေး၏ ဒေါသတွေကို နည်းနည်းလေး မြည်းစမ်းကြည့်ဦးမှ ဟူသော မထိတထိ စတတ်သည့် ညဉ်လေးက ဖြုန်းခနဲ ပေါ်လာပြီး . .

"အဒေါ်ကြီး ဒီပုဇွန်ထုပ်ဟင်းကို ကျွန်တော်မစားရလို့ကတော့ အဒေါ်ကြီး နောက်နေ့ ထိုင်ငိုက်နေရလိမ့်မယ်နော် . . ၊ သဘောပေါက်တယ် မဟုတ်လား၊ ကျွန်တော်နော် . . ခေသူတော့ မဟုတ်ဘူး၊ ဒီအရေး ပြေးကားဝင်းထဲမှာ ကျွန်တော့်အကြောင်း ကောင်းကောင်းသိပါတယ် ကြားပြောနေစရာ မလိုပါဘူး၊ ဒီအချိန်မှာ အဒေါ်ကြီးရဲ့ စီးပွားရေး ကျွန်တော့်လက်ထဲမှာ ရှိနေတာနော် . . ."

လက်ဝါးကိုဖြန့်ပြီး တစ်စုံတစ်ခုကို ဖမ်းဆုပ်လိုက်ပုံမျိုး လုပ်ပြလိုက်သည်။

ဒေါ်ခင်တုတ် မျက်လုံးလေး ကလယ်ကလယ်ဖြစ်ပြီး ကျဉ်းထဲကျပ်ထဲ ရောက်နေဟန်ဖြင့် တုံတုံကို အသနားခံကာ ကြည့်သည်။ တုံတုံကလည်း အလျှော့မပေးသည့်ပုံဖြင့် လေပြေကို အံကြိတ်ကြိတ်ဖြင့် စားတော့ဝါးတော့မတတ် ကြည့်သည်။

မိသင်းကို ပုဇွန်ထုပ်ပန်းကန်ထဲ ထည့်ခိုင်းပြီး [illegible] ကို ပို့ခိုင်းလိုက်ပြီ ဆိုတာကိုတော့ ဒေါ်ခင်တုတ်ချော [illegible] သေး။



www.burmeseclassic.com

www.burmeseclassic.com

လေပြေ ဟတ်ခနဲ လှောင်ရယ်ကလေး ရယ်လိုက်ကာ. . .

"ကဲ. . အဒေါ်ကြီး ဒီက အမျိုးသမီးကို ကြည့်ရတာ ပုဇွန်ထုပ်ဟင်းမှ မစားရရင် ကျွန်တော့်အသားတွေကို တစ်စစီ ဆွဲကုတ်ဖဲ့ရွဲ့ပြီး စားမယ့်ပုံပဲ၊ အစားလေးတစ်လုတ်နဲ့ စေမာန် မထတော့ပါဘူးဗျာ. .၊ သူ့ကိုပဲ ကျွေးမှာပါ။ ကဲ. . အမိ. . လူကိုစွတ်ပြီး ဒေါသထွက်မနေနဲ့၊ ဟောဒီအိုးထဲက ပုဇွန်ထုပ်ကဖြင့် ခင်ဗျားလေး အစားခံချင်လှချည်ရဲ့ ဆိုပြီး ခင်ဗျားစားပွဲပေါ်မှာ မိန့်မိန့်ကြီး စောင့်နေပြီ၊ သွားပြီး သုံးဆောင်လိုက်ပါဦးဗျာ. . . နော်၊ ကျေးဇူးတင်ပါတယ်. . ရန်တွေ့ပြလို့"

မထိတထိ စနောက်လိုက်သော လေပြေ့ကို တုံတုံ မကျေမနပ်မျက်စောင်းရွယ်ပြီး အနားမှ ခပ်ဆောင့်ဆောင့် ထွက်သွားသည်။

လေပြေရင်ထဲမှာ တုံတုံဆိုသော မိန်းမချောလေးရဲ့အလှကို မှတ်မှတ်ထင်ထင် ရှိသွား၏။

အမှန်ဆို သူ ဘယ်မှာနေလဲ၊ ဘယ်သွားမလို့လဲ၊ ဒါမှမဟုတ် ဘယ်မြို့က ပြန်လာသလဲ ဆိုတာလောက် သိခွင့်ရအောင် ပုဇွန်ထုပ်ဟင်းကို လျှောလျှောလျှူလျှူလေး ပေးလိုက်ရမှာ. . .။







# အခန်း (၃)

"ဟယ်. . . တုံလေးရယ်၊ ထမင်းတစ်ခါစားသွားတာ ထမင်းဆိုင်မှာ တစ်ရေးပါ အိပ်နေသလားတောင် မှတ်ရတယ်၊ တကယ်ပါပဲ၊ 'ဉ'တင်းနေပြီ သိလားလို့. . အောင့်ထားရတာ"

အလှဖန်တီးရှင် မာမီ'ဉ'၏ စကားကြောင့် ဂျော့ပုံးအိတ်ကြီး လွယ်ကာ ကားပေါ်တက်တော့မည့် ခရီးသည် လူရွယ်တစ်ဦး မြူးမိမိဖြစ်ပြီး လှည့်ကြည့်သည်။

"အောင့်မထားနဲ့ ဖောက်ချလိုက်၊ ဒီလိုတိစ္ဆာမျိုးက ထင်သလောက် ဖီးလ်မလာဘူး"

"ဘာရှင့်. . အဲ. . ဘာတော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ တင်းနေပြီဆို၊ တင်းတာ မကောင်းဘူး"

"ဟယ် . . မြွေခြောက်ကိုက်၊ ခရမ်းသီးမီးဖုတ်ရုပ်နဲ့ ဥကို စော်ရတား မော်ရကား စကားမပြောနဲ့၊ ဥ ကြွေးလိုက်ရင် တစ်ခါတည်း . . လောကကြီးနဲ့ အဆက်ပြတ်သွားမယ် သိလား"

ဥ၏ စကားကြောင့် ထိုလူစိတ်မဆိုးဘဲ တဟားဟား အော်ရယ်ရင်း ကားပေါ်တက်၍ သွားသည်။

"ဟွန်း . . သေချင်းဆိုး မသာခြောက်၊ ဒီမှာ ရှူးပေါက်ချင်လို့ အောင့်ထားရတဲ့စိတ်တောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"

ကချေသည်တစ်ယောက်လို မိတ်ကပ်တွေ အဖွေးသားနှင့် ဟန်ရေးပြနေသော ဥကိုကြည့်ပြီး တုံတုံ ရယ်ချင်နေသည်။

ဥနှင့် ဘယ်ကိုသွားသွား . . အများက စိတ်ဝင်တစား နောက်ပြောင်ခြင်း ခံရတာ တုံတုံ့အတွက် အထူးအဆန်း မဟုတ်တော့။

"ကဲပါ ပေါတ်ပန်းလေးဆယ်စကားတွေ ပြောမနေပါနဲ့ ဥရယ် ရှက်စရာကြီး၊ ကဲ . . သွား မြန်မြန် ဥပြန်လာမှ ကားပေါ်ကို ပစ္စည်းတင်မယ်"

"အင်း . . အင်း . . ဒါဆို သွားမယ်၊ သွားပြီး ထုတ်လိုက်ဦးမယ်၊ ဩော် . . တုံရေ၊ စလင်းဘက်အိတ်ကိုလည်း ကိုယ်နှင့်မကွာ လွယ်ထားဦးနော်၊ ဟိုချဒီချ မချနဲ့ . ."

ဖင်လေး လိမ်ကျစ်လိမ်ကျစ်ဖြင့် သန့်စင်ခန်းသို့ သွားကာနီး တုံတုံကို စိတ်မချဟန်ဖြင့် မှာသွားသေးသည်။

"ကဲပါ . . ဒီမှာ လွယ်ထားတဲ့ဥစ္စာ၊ မြန်မြန်သွားပါ"







# အခန်း (၅)

"ဟော့ . . ဟော့ . . ဒါက ဘယ်ကိုဝင်တာလဲ"

အနောက်မှ ခပ်ကျယ်ကျယ် လှမ်းအော်လိုက်သံကြောင့် အမျိုးသမီး သန့်စင်ခန်းဘက်သို့ ဝင်နေသော ဥခြေလှမ်းတွေ ရပ်သွားတော့ ထွက်တော့မည့်ဆဲဆဲ ဖင်ကို လိမ်ကျစ်ပြီး လှည့်ကြည့်လိုက်သည်။

"ဘာတုန်းလို့ . . ဒီမှာ ဥ ထွက်တော့မယ့်ဟာကို"

ကန့်ကလန့်ဖြင့် ခြေဆောင့်၍ ပြောလိုက်သော ဥကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး လေပြေ ရုပ်တည်ကြီးဖြင့် အနားသို့ရောက်လာပြီး

"လာ . . ဘယ်ကိုဝင်မှာလဲ၊ ဒီကိုလာ ဒီကို . .



www.burmeseclassic.com

www.burmeseclassic.com



လေပြေ ဉလက်ကိုဆွဲပြီး အမျိုးသားသန့်စင်ခန်းဘက်သို့ ဆွဲခေါ်သွားသည်။

"အို. . လွှတ်. . လွှတ်. . သူများကို ဘယ်ခေါ်လာတာတုန်း။ သူများအလိုမတူဘဲ ဘာမှ လုပ်ခွင့်မပေးဘူးနော်၊ အဟစ်. . ဟစ်. . လွှတ်. . လွှတ်ဆို"

ဉ အသံကချွဲပစ်ပစ်သံ ပေါက်နေသလို မျက်လုံးတွေက ကြာပစ်နေကာ လေပြေကို သဘောကျနေသော အမူအရာဖြင့် ဟန်လုပ်၍ ပြောနေ၏။

"အောင်မာ ငါက မင်းကို ဘာလုပ်ရမှာလဲ. . ဝေးသေးတယ်၊ မင်းအပေါက်မှားဝင်နေလို့ အမှန်ဝင်လို့ရအောင် လုပ်ပေးတာ"

လေပြေကတော့ ခပ်တည်တည်ပင် သူ ဘယ်လိုပဲ မိန်းမစိတ်ပေါက်နေပါစေ၊ ယောက်ျားက ယောက်ျားပဲမို့ တခြားမိန်းကလေးတွေအတွက် ဘေးကင်းဖို့ ဒီအခြောက်မကို ယောက်ျားအိမ်သာထဲသာ သွားခွင့်ပြုရမှာက လေပြေ့တာဝန်. . .

"အို. . အဟင့် အမလေး ရှက်လိုက်တာနော်၊ ဉကို ဒီအခန်းထဲ ဝင်ခိုင်းရသလား၊ ကိုယ်ကျိုးတွေတော့ နည်းကုန်တော့မှာပေါ့"

"အမ်. . ဟော့. . မင်းက ဉမို့လို့ ဒီအခန်းထဲ ဝင်ခိုင်းရတာပေါ့ လို့ ဟိုဘက်မှာ မိန်းကလေးတွေလေ၊ မင်းကိုမြင်ရင် သူတို့ ဘယ်လိုဖြစ်သွားမလဲ စဉ်းစား"

"အို. . အဟင့်၊ ဉ. . ဉက မိန်းကလေးပါရှင်၊ ဉ. . ဉထွက်တော့မှာမို့ ဉကို ဝင်ခွင့်ပြုပါ၊ အား. . အီး. အင်း. . ဟင်း. . ဟင်း"

"ဒီမှာ. . ခင်ဗျားဉလည်း ပြောသေးတယ်၊ ဘယ့်နှယ် မိန်းကလေး အိမ်သာထဲ ဝင်မယ်လုပ်နေတာလဲ၊ ခင်ဗျား အကြံအဖန် မလုပ်နဲ့နော်"





လေပြေအဖို့ ဒီအခြောက်မကို မိန်းကလေး အိမ်သာထဲ ပေးဝင်၍မဖြစ်။

"တကယ် မလုပ်ပါဘူး၊ ဉ. . ဉလေ. . အဲ. . ကျွန်. . ကျွန်မက မိန်းကလေးပါ၊ ကျွန်. . ကျွန်မ သေး. . သေးအရမ်းထွက်ချင်နေလို့ပါ"

"အေး. . ထွက်. . ထွက်လေ၊ ဒီအထဲဝင်ပြီး ပေးထွက်လိုက်ပေါ့"

"ဉ. . ပေါင်နှစ်ချောင်းကိုစေ့ကာ ဖင်ကို လိမ်ကော့ထားရ၏။ ဒီဝေဒနာက တခြားဝေဒနာတွေနှင့်မတူ. . .။

"အဲဒီအထဲမှာ ယောကျ်ားလေးတွေနဲ့လေ၊ ဉ ဘယ်လို. . အဲ ကျွန်မ ဘယ်လိုထွက်မလဲ၊ အမလေး ရှက်လွန်းလို့ အသက်တောင်ထွက်မတတ်ပါပဲ၊ လုပ်ပါ. . ထွက်ခွင့်ပေးပါတော့၊ ဒီမှာ ပြူတစ်ပြူတစ်ဖြစ်နေပြီရှင့် ကျွန်မ တကယ် မိန်းကလေးပါရှင်"

"ဘာ. . မင်းက မိန်းကလေး ဟုတ်လား၊ ဒါဆို ဒီလည်စိကြီးက ဘာလဲ"

လည်ပင်းမှ ပြူထွက်နေသော ဇလုပ်ကြီးကို လက်ညှိုးထိုးပြီး မေးလိုက်သည်။

"အို. . ဒါကတော့ မွေးကတည်းက ပါတာ၊ ဘာတတ်နိုင်မှာလဲ လို့. . ဉက မွေးကတည်းက မိန်းကလေး"

"ဒါဆိုရင်. . ပြ"

"ရှင်. . "

ထိုစကားသည် ထွက်ချင်နေသော ဆီးလမ်းကြောင်းပင် ပြန်၍ ပိတ်သွားမလား ထင်ရလောက်အောင် ဉ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားကာ ရင်တွေ တလှပ်လှပ် ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ကြောတွေ မှေးစင်းပြီး . . မျက်လုံး ပေကလပ် ပေကလပ် လုပ်ကာ နီရဲနေအောင် ဆိုးထားသော နှုတ်ခမ်းအစုံကို လျှာဖြင့် ထိုးသပ်လိုက်ပြီး . . .

"ဂယ် . . ဂယ်ကြည့်မှာလား"

"ဟုတ်တယ် ကြည့်ရမယ်လေ၊ မိန်းကလေး အစစ်ဆိုမှ ဟိုဘက်သန့်စင်ခန်းထဲ ဝင်ခွင့်ပြုမှာ၊ ယောက်ျားလေး ဖြစ်နေလို့ကတော့ ယောက်ျားအခန်းထဲ ဝင်ရမယ်"

"အို . . ရတယ် . . ရတယ်၊ လာလေ လူရှင်းတဲ့နေရာ သွားရအောင်၊ ထွက်တာကို နောက်မှထွက်ခိုင်းတော့မယ်၊ အရင်ပြမယ်လေ လာ . . လာပါလို့"

ဥကိုကြည့်ပြီး လေပြေ အော်ဂလီဆန်ကာ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်သည်။

"မောင်ပြုံး"

လေပြေ အိမ်သာသန့်ရှင်းရေး ကုလားလေး မောင်ပြုံးကို လှမ်း၍အော်ခေါ်လိုက်သည်။

"ဗျာ . ."

ကုလားပိန်လေးတစ်ကောင် အနားသို့ လှစ်ခနဲ ရောက်လာသည်။

"ဒီမှာ သူ့ကို မင်းအခန်းထဲ ခေါ်သွား"

ကုလားမောင်ပြုံး နာမည်နှင့်လိုက်အောင် မျက်လုံးပြူးသွားသည်။

"အ . . အခန်းထဲ ခေါ်သွားပြီး ဘာလုပ်ရမလဲ အစ်ကို"

"သူ ယောက်ျားလား မိန်းမလား စစ်ခဲ့"

ကုလားပိန်မောင်ပြုံး သွားဖြူဖြူတွေပေါ်အောင် ဟီးခနဲ ရယ်





ချလိုက်သည်။

ဥမှာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်သွားပြီး . . .

"အို ဒီကုလားကို ပြစရာလားလို့၊ ပြောတော့ ရှင်ကြည့်မလို့ဆို ရှင်မကြည့်ဘဲနဲ့တော့ ဥ မပြနိုင်ပါဘူး"

"ဟား . . အစ်ကို အဖြေက ရှင်းနေပြီပဲ၊ သူ့ကိုယ်သူ ဥလို့ ဝန်ခံနေပြီ . . ဟား . . ဟား . . ဟား . . ဟား . . "

ကုလားမောင်ပြုံး တဟားဟား အော်ရယ်သလို ဘေးမှ ဖြတ်သွားဖြတ်လာ မိန်းကလေးတချို့ပါ ဥအဖြစ်ကိုကြည့်ပြီး ရယ်သွားကြသည်။

ဥ အရှက်တွေ ဖြန်းဖြန်းကွဲရပြီမို့ နောက်ဆုံး ကြံရာမရသည့်အဆုံး ထွက်လည်း ထွက်တော့မှာမို့ ယောက်ျားလေး သန့်စင်ခန်းထဲသို့ ရှက်သောသောဖြင့် လိမ်ကျစ်လိမ်ကျစ် ဝင်၍သွားသည်။

ဒီတော့မှ လေပြေ အားရပါးရ အော်ရယ်ပစ်လိုက်တော့သည်။

နောက်ဆိုလျှင် သန့်စင်ခန်းကို ကျားမ သီးသန့်ခွဲထားသည့်အပြင် အခြောက်တွေအတွက် သီးသန့်တစ်ခန်း၊ ယောက်ျားလျှာတွေအတွက် သီးသန့်တစ်ခန်း ခွဲထားရမလိုတောင် ဖြစ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

"သူများကျတော့ ထမင်းသွားစားတာကြာလို့တဲ့၊ ခု သူအပေါ့သွားတာကျတော့ရော အလေးဆယ်ခါပြန် ထုတ်နေလို့လား မှတ်တယ်"

မဒီမသာ မျက်နှာကြီးဖြင့် ကားဆီသို့ ခပ်နွဲ့နွဲ့ လျှောက်လာသော ဥကို ဆီး၍အပြစ်တင်လိုက်သည်။

"အမလေး မပြောချင်တော့ပါဘူး တုံလေးရယ်၊ ဟိုမှာလေ. . မြွေခြောက်ကိုက်တစ်ကောင်ပေါ့ ဥကို အမျိုးသမီး သန့်စင်ခန်းထဲ မဝင်





ရဘူးတဲ့၊ ယောက်ျား သန့်စင်ခန်းထဲပဲ ဝင်ရမယ်တဲ့လေ၊ တုံလေး စဉ်းစားကြည့်၊ ဥ ဘယ်လောက် အရှက်တွေ ကွဲခဲ့လဲလို့၊ အဟင့်. . ငိုချင်လိုက်တာများ ပြောမနေပါနဲ့တော့. . ."

ဥ၏ ငိုချင်ရက်လက်တို့ စကားကြောင့် တုံတုံ မျက်ဝန်းလေး ဝိုင်းစက်သွားကာ. . .

"ဟော့တော်. . ဒါဆို ဥ ဘယ်အိမ်သာ ဝင်ခဲ့ရလဲ"

"အဟင့်. . အင့်. . အင့်. . ရှက်လိုက်တာ၊ ရှက်လိုက်တာ. . တုံလေးရယ်. . ဘဝမှာ ခုလောက် တစ်ခါမှကို ဖြန်းဖြန်းမကွဲခဲ့ဘူးပါဘူး၊ အဲဒါ. . ဟိုမသာခြောက် ပဲလင်းမြွေခြောက် မွေလို့ သိလား၊ အ. . အထဲမှာလေ ဥကို. . ဝိုင်း. . ဝိုင်းပြီး ကြည့်ကြတယ်တော့"

"ဟင်. . ဒါနဲ့ပဲ ဥက ပြခဲ့ရောလား"

တုံတုံ အလန့်တကြား အမေးကြောင့် တအိအိငိုနေသော ဥ အငိုရပ်သွားကာ. .

"အဲ. . ဘယ်က ပြရမှာလဲ၊ အိမ်သာထဲဝင်ပြီး ရှူးရှူးပေါက်တဲ့ဟာ ပြစရာလား၊ သူတို့ ကြည့်တယ်ဆိုတာ အဲဒါကို မဟုတ်ဘူး၊ ဥကို အခြောက်မဆိုတဲ့အကြည့်နဲ့ ဝိုင်းကြည့်ပြီး လှောင်ကြတာကို ပြောတာ. . သိလား"

ပြောပြောဆိုဆိုဖြင့် အဝတ်သေတ္တာလေးကိုဆွဲပြီး ကားပေါ်သို့ တက်သွား၏။ ဥ၏ အရှက်သည်းနေသော ပုံကိုကြည့်ပြီး တုံတုံ ခစ်ခနဲ ရယ်ကာ နောက်မှလိုက်တက်လိုက်သည်။

ကားပေါ်မှာ ခရီးသည်တွေပင် တော်တော်စုံသလောက် ရှိနေပြီမို့ တုံတုံ ကိုယ့်ခုံနံပါတ်ရှိရာသို့ ခပ်ဖြည်းဖြည်း တိုးဝင်သွားခဲ့လိုက်သည်။ ဒရိုင်ဘာ၏ နောက်ကျောခုံမို့ တုံတုံတို့က ရှေ့ဆုံးမှာ ဖြစ်သည်။ တုံတုံနှင့် ဥက တစ်တွဲမို့. . ဥသည် စိတ်ရှုပ်နေသည့်ကြား တုံတုံကို



www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးသည့်အနေနှင့် ပြတင်းပေါက်ဘက်အခြမ်းကို တုံတုံအတွက် နေရာဖယ်ပေးထား၏။

အဲယားကွန်း တပ်ထားသည်မို့ ကားထဲမှာ အအေးဓါတ်သည် စိမ့်နေ၏။

ခက်တာက တုံတုံသည် အဲကွန်းအအေးဓါတ်ကိုမကြိုက်၊ စိတ်ထဲမှာ မွန်းကြပ်သလို ခံစားရ၍ ဖြစ်သည်။







# အခန်း (၆)

"ခရီးသည်များခင်ဗျား၊ ကားစထွက်တော့မှာမို့ ကိုယ့်ထိုင်ခုံနံပါတ်မှာ နေရာယူပေးကြပါ"

လေပြေ့အသံကြောင့် ဆိုဖာနောက်ကျောမှီကာ မျက်လုံးမှေးစင်းထားသော တုံတုံ မျက်ဝန်းလေး ဖျတ်ခနဲ ပွင့်လာပြီး ကားခေါင်းခန်းဘက်သို့ ကဲကြည့်လိုက်သည်။

"ဟင်. . ဟိုလူပဲ"

"ဥက အဲဒီလူကို သိလို့လား"

ဥက အမေးကို ခေါင်းဆတ်ဖြေလိုက်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ အဲဒီကောင်ကို စောစောက သန့်စင်ခန်းမှာ ဥကို ပြဿနာရှာလိုက်တဲ့ကောင်၊ ဟွန်း. . ကျက်သရေဗုံး. . ရုပ်ကလေး ဖြောင့်ပြီး စိတ်က ကောက်ကွေ့နေတယ်၊ ကြည့်လို့ကို မရဘူး"

"ဟုတ်တယ်. . . တုံလည်း အဲဒီကောင်ကို ကြည့်လို့မရဘူး၊ ထမင်းဆိုင်မှာ ပြဿနာဖြစ်တဲ့ကောင်က သူပေါ့"

တုံတုံ မျက်စောင်းချီလျက် မကျေမနပ်ဖြင့် တွတ်ပွတွတ်ပွပြော နေ၏။

ကိုယ့်ပစ္စည်းတွေကို သတိဝိရိယနဲ့ ထိမ်းသိမ်းကြပါခင်ဗျာ၊ ပျောက်သွားလျှင် သုခဘုံက တာဝန်ယူဖြေရှင်းပေးမှာ မဟုတ်ပါဘူး၊ လမ်းမှာ အခက်အခဲပြဿနာ တစ်စုံတစ်ရာရှိရင်. . ကျွန်တော်တို့ကို အသိပေးပါ၊ နေထိုင်မကောင်း ဖြစ်ရင်လည်း ဆေးဝါးအပြည့်အစုံ ပါပါတယ်၊ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လိုရာခရီးကို အချိန်မီရောက် အောင် သုခဘုံက အကောင်းဆုံး ဝန်ဆောင်မှုပေးမှာပါ ခင်ဗျာ"

ယဉ်ကျေးသိမ်မွေ့သော လေပြေလေယူလေသိမ်း စကားအ ပြောအဆိုကြောင့် တုံတုံ မဲ့လိုက်သည်။

"ဟွန်း. . ခုကျတော့လည်း မင်းသားခေါင်း စွပ်ထားသလိုပဲ"

"ရုပ်ကတော့ ဖြောင့်တယ်နော် တုံလေး"

"အို ဘာလုပ်ရမှာလဲ စိတ်မဝင်စားပါဘူး"

နှစ်ယောက်သား တီးတိုးပြောဆိုနေကြသည်ကို ဘေးတစ် ဖက်ခုံမှ အမျိုးသမီးကြီး လှမ်းကြည့်နေသည်။

ဥ သတိမထားမိဘဲ. . . ချမ်းစိမ့်စိမ့်ဖြစ်နေသော အဲကွန်း ကြောင့်. . .

"အမလေး စိမ့်နေတာပဲနော်၊ သုခဘုံဆိုတဲ့ နာမည်အတိုင်း တခြားဘုံတစ်ခုခုကို ရောက်သွားသလို ခံစားလိုက်ရတယ်"





"ဟယ်. . ဒီကလေး ပါးစပ်က ဘာတွေလျှောက်ပြောနေတာ တုန်း၊ ခရီးသွားရင် အတတ်နိုင်ဆုံး ပါးစပ်ကို ငြိမ်ငြိမ်လေး နေပါကွယ်၊ ဒါ ဟိုင်းဝေးသွားနေတာ၊ ပါးစပ် စည်းစောင့်မှ ဖြစ်မှာပေါ့"

တစ်ဖက်ခုံမှ အဒေါ်ကြီး၏ ဟန့်တားပြစ်တင်သော စကား ကြောင့် ဥ ပါးစပ်ကို ကဗျာကယာ ပိတ်ပြီး ငြိမ်သွားသည်။

တုံလေးက ငြိမ်ငြိမ်နေဟု တံတောင်နှင့်တွတ်၍ သတိပေး သည်။ ထိုစဉ်. . ဖုန်းမြည်လာသည်။

တုံတုံတို့ဖုန်းမဟုတ်၊ အနောက်ဖက်ထိုင်ခုံတွေမှ မြည်ခြင်း ဖြစ် သည်။ ဖုန်းပြန်ထူးသံ ထွက်ပေါ်လာသည်။

"ဟဲလို. . အော် ဟုတ်ကဲ့ ဘော့စ်၊ ကျွန်တော် အခု စထွက်လာ ပါပြီ၊ ဩော်. . ဟုတ်ကဲ့ ပါပါတယ်၊ ကျွန်တော် သေသေချာချာ အသေး စိတ် စုံစမ်းခဲ့ပြီးပါပြီ၊ ကျွန်တော်နဲ့အတူ ပါပါတယ်၊ ဗျာ ဩော်. . ဟုတ် ကဲ့ပါ၊ အကြောင်းထူးရင် ကျွန်တော် ဖုန်းဆက်ပါမယ် ဘော့စ်၊ ဟုတ်ကဲ့ ပါ. . ဟုတ်ကဲ့၊ ဒါဆို. . ဒါပဲနော်. . ဘော့စ်. ."

"ဟွန်း. . ဖုန်းပြောတာကလည်း ကျယ်လိုက်တာ၊ တစ်ကားလုံး ကို ဟိန်းသွားတာပဲ"

နောက်ခုံမှ အမျိုးသမီးတစ်ဦးထံမှ ဝေဖန်သံ ခပ်တိုးတိုး ထွက် ပေါ်လာ၍ တုံတုံနှင့်ဥ ပြုံးလိုက်ကြသည်။

အလင်းရောင်သည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်[illegible] အ မှောင်ဘက်သို့ပင် ကူးပြောင်း၍လာသည်။ အဲကွန်း [illegible] ကြောင့် တုံတုံ ချမ်းစိမ့်စိမ့် ဖြစ်လာရသလို ရင်ထဲမှာလည်း [illegible] ကျုပ်သလို ခံစားလာရသည်။ ကားသည် တငြိမ့်ငြိမ့်နှင့် [illegible] ဆဲ။

ထို့ကြောင့် ပေါင်ပေါ်တင်ထားသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှူဆေးကို နှိုက်လိုက်သည်။

"ကျွတ်. . အရေးထဲဆို ရှာမတွေ့တော့ဘူး"

အိတ်က ကြီးနေ၍ အထဲမှာ ထည့်လာသော တိုလီမိုလီတွေက လည်း အမှိုက်အိတ်ကြီး တစ်အိတ်သဖွယ် ရှုပ်ပွ၍ နေ၏။

တလှုပ်လှုပ်ဖြစ်နေသော တုံတုံကိုကြည့်ပြီး ဥ မျက်လုံးမေးစင်း ထားရာမှ. . .

"ဘာရှာနေတာလဲ တုံလေး"

"ရှူဆေး. ."

"ဟင်. . ခေါင်းမူးနေလို့လား"

"အင်း အသက်ရှူလည်း နည်းနည်းကျပ်နေလို့ပါ"

"အိမ်က ထည့်လာလို့လား"

"အန်တီလေးကတော့ ငသချာထည့်ပေးလိုက်တာပဲ၊ ဒါမှမ ဟုတ် မေ့ပြီးများ မထည့်ပေးမိဘူးလားပဲ"

"တော်တော်မူးနေလား၊ ခြင်းထဲမှာ သံပုရာသီးပါတယ်"

"ဟင့်အင်း ရပါတယ်"

"ဩော်. . ဒီမှာခင်ဗျ. . ရှူဆေးလိုနေလို့လား၊ ကျွန်တော်တို့ မှာ ရှူဆေးပါပါတယ်၊ ရော့ပါ. ."

တုံတုံကို မှတ်မိပေမယ့် လုပ်ငန်းခွင်ထဲမှာမို့ မစမနောက်တော့ ပဲ ယဉ်ယဉ်ကျေးကျေးပင် ဆက်ဆံလိုက်သည်။

တုံတုံ မျက်စောင်းရွယ်ကာ. .

"မလိုပါဘူး၊ ရှင့်လို လူမျိုးကိုလည်း ကျေးဇူးတင်စရာ မလိုပါ ဘူး"

"ဟောဗျာ. . ဒီက တာဝန်အရ ဆောင်ရွက်မှုပေးတာပါ၊ အန် ချင်စိတ်ရှိနေရင်လည်း ပြတင်းတံခါးကိုဖွင့်ပြီး လေရှူပါ. . ရပါတယ်





ဝလတ်စတစ်အိတ်လည်း ဘေးမှာချိတ်ပေးထားပါတယ်"

"ကျွတ် စကားရောဖောရော လာမပြောနဲ့ စိတ်မဝင်စားဘူး ရှင့်အသံကြားရင် ပိုပြီး အသက်ရှူကျပ်လို့ ဖြစ်နိုင်ရင် ငြိမ်ငြိမ်လေးနေပါ စကားမပြောပါနဲ့"

"ဗျာ. . ဩော်. . ဟုတ်. . ဟုတ်ကဲ့၊ ဒါဆိုလည်း ငြိမ်ငြိမ်လေး နေပါ့မယ်"

လေပြေ ဒေါသသံ လုံးဝမပါသော ကြည်ကြည်လင်လင် အသံ ဖြင့်ပြောကာ သူ့ခုံမှာ ပြန်ထိုင်လိုက်သည်။

ကိုယ်က စေတနာနှင့် ကူညီဖို့ပဲ၊ သူမှ ကိုယ့်အကူအညီ မလို တာ နေပေါ့ဟု. . စိတ်ထဲကပဲ ပြောလိုက်သည်။

ကိုသန်းဝင်းနှင့် ဘောလုံးအကြောင်း ထိုင်ပြော၍ လိုက်ပါလာ လိုက်သည်။

တစ်ချက်တစ်ချက် တုံတုံကို လှည့်ကြည့်ဖြစ်သည်။ ကားမီး ရောင် ပြာလဲ့လဲ့အောက်မှာ အိပ်ပျော်နေသော တုံတုံကို သမင်လည်ပြန် ကြောခဏ ငေးမောကြည့်မိခြင်းကို စိတ်ထဲက သိပ်မလုံပေမယ့် လေ ပြေ့စိတ်ထဲမှာ မကြည့်ဘဲနဲ့မှ မနေနိုင်တာ. . .

နာမည်လေးက တုံတုံတဲ့၊ အပြစ်ကင်းစင်သောအလှနှင့် ငြိမ်း ချမ်းသော ရုပ်ဆင်းသဏ္ဌာန်မှာ ဒေါသတွေ အာဃာတတွေနှင့် မလိုက် ဖက်တာတော့ အမှန်ပါ။

နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတော့သည်။ ကိုယ်စတာ လွန်သွားသည်ကိုး။

ကိုယ့်ကားမှာ စီးနင်းလိုက်ပါမည့် ခရီးသည်ဆိုတာ [illegible] ချင် လေပြေကရော ခုလိုစနောက်မှာတဲ့လား၊ တရိုတသေနဲ့ယဉ်ယဉ် ကျေးကျေး ဆက်ဆံမှာပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



ကံကဆိုးချင်တော့ လေပြေ ရစ်ခဲ့သည့် အခြောက်မကလည်း တုံတုံနှင့် တစ်ဖွဲ့တည်း. . .

ဒီအခြောက်မကလည်း လေပြေ့ကို မုန်းနေမှာ အသေအခြာ ကိုယ်က သူ့ကို အရှက်ခွဲမိသလို ဖြစ်သွားတာကိုး. . .

တွေးရင်းဖြင့် တစ်ယောက်တည်း ပြုံးလိုက်သည်။

ကားသည် ညအမှောင် ဟိုင်းဝေးလမ်းမကြီးပေါ်မှာ တရိပ်ရိပ် ပြေးနေ၏။







# အခန်း (၇)

ခရီးသည်တွေ ပျင်းမည်စိုး၍ ဟားငါးကောင် လူရွှင်တော် အငြိမ့်ခွေ ဖွင့်ပေးထားလိုက်သည်မို့ ကြည့်ပြီး ရယ်သူကရယ်၊ မကြည့်တဲ့ [illegible]န်းနှင့် ဂိမ်းဆော့သူကဆော့၊ ဖုန်းဆက်သူကဆက်၊ အချင်းချင်းစကား ပြောသူကပြောနှင့် ကားထဲမှာ ကြွက်စီကြွက်စီ အသံဗလံတွေ [illegible] ထွက်နေ၏။

ခရီးလည်း အတော်လေး ရောက်နေသလို ည [illegible] ထိုးနေလေပြီ။ ခုမှ 'ဖြူး'အဝင်ပင် ရှိသေးသည်။ တုံတုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သူ့လက်ထဲမှာ ရှူဆေးဘူးနှင့် မျက်နှာမှာ နွမ်းနေသည်။

ကိုယ့်ကိုရန်လိုနေပေမယ့် လေပြေ တုံတုံ့ကို စိတ်ပူပေးနေတာ တော့ ကိုယ်သာလျှင် အသိဆုံး၊ ဘာကြောင့် ဒီမိန်းကလေးကိုမှ စိတ် ထဲမှာ ရင်းရင်းနှီးနှီး ခင်မင်ချင်မိပါလိမ့်။

"လေရှူး. . ငါ့ကို ရေတစ်ဘူးလောက်ကွာ"

ကားသမား ကိုသန်းဝင်း ကွမ်းတစ်ယာကုန်သွား၍ လေပြေထံ ရေတစ်ဘူး လှမ်းတောင်းသည်။

လေပြေ ရေခဲပုံးထဲမှ ရေခဲရေတစ်ဘူး လှမ်းပေးလိုက်သည်။ ကိုသန်းဝင်း ရေမသောက်ခင် တစ်ငုံအရင်ငုံပြီး ပလုတ်ကျင်းလိုက် သည်။ ပြီးမှ ရေဆက်သောက်သည်။ ရေသောက်ပြီးသည်နှင့် လက် ကျန်ရေဘူးကို လေပြေ့ကို လှမ်းပေးရင်း. . .

"ကဲ. . . စောစောကစကား ဆက်စမ်းပါဦးကွ၊ မင်းက စိတ် ပညာနဲ့ ကျောင်းပြီးထားတဲ့ကောင်ဆိုတော့ လူတွေရဲ့စိတ်ကို အသေး စိတ် ဖတ်တတ်မှာပေါ့"

"အင်း. . . လူ့စိတ်ဆိုတာ အင်မတန် အပြောကျယ်တဲ့ ပင် လယ်ကြီးလိုပဲဗျ၊ ခင်ဗျား ဖရွိုက်ရဲ့ အိပ်မက်တိတ္ထံကျမ်းကို ဖတ်ဖူးလား Interpretation of drwams လေ"

"အဟတ်. . ကြားတောင် မကြားဖူးဘူး"

"ဟာ. . တော်တော်နဲ့စပ်တဲ့လူပဲ"

"ငါက မင်းလို ပညာတတ်တစ်ယောက်မှ မဟုတ်ဘဲကွ၊ ဒါတွေ ဘယ်လိုသိမှာလဲ လေရှူးရဲ့၊ မင်းသိတယ်ဆိုရင် ပြောသာပြောစမ်းပါ ကွာ"

ပွင့်လင်းလွန်းသော ကိုသန်းဝင်းစကားကြောင့် လေပြေ သ ဘောကျစွာရယ်လိုက်ပြီး. . တဖန် တုံတုံကို လှည့်ကြည့်လိုက်ပြန်သည်။





အကြည့်ချင်းဆုံသည့်အခိုက် လေပြေ့ရင်တွေ ဖျတ်ခနဲ ခုန် သွားသည်။ ထို့ကြောင့်. . စစ်ပြေငြိမ်းရေး သင်္ကေတအဖြစ် နှစ်လိုစွာ ပြုံးပြလိုက်သည်။

တုံတုံထံမှ မျက်စောင်းတစ်ချက် ဒိုင်းခနဲ ပစ်လွှတ်လိုက်သည်။

"ပြောလေ. . ဘာလို့ ဆံ့တင့်ငုံ့ကြီး ရပ်ထားရတာလဲ"

"ဩော်. . အင်း. . ပြော. . ပြောမှာပါဗျ၊ ဒီလိုဗျာ. . လောက ကြီးမှာ စိတ်ဟာ အရာအားလုံးရဲ့ တန်ခိုးပဲ၊ အဲဒီစိတ်ကို ထိန်းချုပ်နိုင် မယ်ဆိုရင် အရာရာကို အောင်မြင်နိုင်တယ်၊ စိတ်က အမှန်တရားကို မြင်နိုင်တဲ့ အစွမ်းသတ္တိတွေ ပါဝါတွေရှိတယ်၊




ဒါကို လူတွေက အသုံးမချတတ်တာဗျ၊ နောက်ဆုံးဘူး. . စိတ် ကို အမြင့်မားဆုံး အဆင့်တစ်ခုထိရောက်အောင် ထိန်းချုပ်ခွင့်ထိ နိုင်မယ်ဆိုရင် လူတွေက လေထဲမှာတောင် ပျံလို့ရတယ်ဗျ"

"ဟ. . ဟုတ်ပါ့မလားကွာ၊ ငါတော့ ဦးအောင်မြင့် လူပျံတော်



www.burmeseclassic.com

www.burmeseclassic.com



ဘွယ်မြှားပဲ ကြားဖူးတယ်"

"ကျွန်တော် ဖြစ်နိုင်ချေရှိတာကို ပြောတာပါဗျာ၊ ဥပမာဗျာ. . မိုးပျံပူဖောင်းဟာ ဟိုက်ဒရိုဂျင်ကြောင့် လေပေါ်တက်နိုင်သလို ကျွန်တော်တို့ လူ့ခန္ဓာကိုယ်ထဲမှာလဲ လိုအပ်တဲ့ ရေဒီယိုဓါတ်ကြွမှုတစ်မျိုးကို ဖန်တီးပေးနိုင်မယ်ဆိုရင်. . ကျွန်တော်တို့လူတွေကလည်း လေပေါ်မှာ မိုးပျံပူဖောင်းလို ပျံနိုင်ပါတယ်ဗျ"

"ဟေ. . ဟုတ်လား၊ တယ်ပြီးထူးဆန်းတာပဲ၊ မင်းပြောမှပဲ ငါတို့ခန္ဓာကိုယ်မှာ ရေဒီယိုဓါတ်ကြွမှုတွေ ထည့်သွင်းလိုက်ချင်လာပြီ၊ ငါက လေပေါ်မှာ သိပ်ပြီးပျံချင်တာကွ"

ကိုသန်းဝင်းစကားကြောင့် လေပြေ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"အဲဒီလို ရေဒီယို ဓါတ်ကြွမှုဖြစ်အောင် ဘာတွေလုပ်သင့်လဲ လေရူး"

ကိုသန်းဝင်းအမေးကြောင့် လေပြေ ခေါင်းကုတ်လိုက်သည်။

ချက်ချင်းမဖြေဘဲ တုံတုံကို လှည့်ကြည့်လိုက်ပြန်သည်။

တုံတုံသာ နားထောင်နေရင် သူ့ကို စိတ်ထဲကနေ တော်တော်လေး အထင်ကြီးနေမှာပဲဟု ခပ်မိန့်မိန့် တွေးလိုက်သေးသည်။

အထင်ကြီးလား မကြီးလားတော့မသိ၊ တုံတုံ့မျက်စောင်းသာ နဂါးမျက်စောင်းဆိုရင် ခုလောက်ဆို လေပြေ ပြာကျနေလောက်ပြီ။

"အဲ. . အင်း. . ဒါ. . ဒါက ရိုးရိုးလေးဗျ၊ အဲဒီ ရေဒီယိုဓါတ်ကြွမှုတွေကို ဖြစ်စေနိုင်တဲ့ အဟာရတွေကို အချိုးညီညီ စားသုံးပေးပြီး ဖန်တီးလို့ရတာပဲ"

"ပေါက်တော. . ပေါက်တော"

ကားခေါင်းမှာ ကိုသန်းဝင်းနှင့် ရေဒီယိုဓါတ်ကြွခြင်းအကြောင်း





တို့ လူအထင်ကြီးအောင်ပြောနေခိုက် လူကြီးတစ်ယောက်၏ ပေါက်တောဟူသော အသံကြောင့် စကားစပြတ်သွားကာ လေပြေ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကဲ. . ကိုသန်းဝင်းရေ၊ တစ်ယောက်ရဲ့ ဘုံဘိုင်ခေါင်းကတော့ ခွင့်တော့မယ်၊ အဆင်ပြေမယ့်နေရာသာ ကြည့်ရပ်ပေးလိုက်တော့"

ကိုသန်းဝင်း ကားကို အပင်ကြီးတစ်ပင်နားမှာ ကျွိခနဲ ထိုးရပ်လိုက်သည်။

"ကဲ. . ပေါက်တောပါ၊ ဆင်းလို့ရပါပြီ"

လေပြေ့စကားကြောင့် ကားပေါ်မှာ အိပ်ပျော်နေသူတွေရော ငိုက်မြည်းနေသူတွေပါ လူပ်လူပ်ရှားရှားတွေဖြစ်ကာ ပေါက်တော ဆင်းရန် ကားပေါ်မှ ဆင်းလိုက်ကြသည်။

ဟိုင်းဝေးလမ်းမကြီးသည် လရောင်အောက်မှာ ခန့်ခန့်ထည်ထည်နှင့် ငြိမ်သက်တိတ်ဆိတ်၍နေ၏။

လေပြေပါ ကားပေါ်မှဆင်းပြီး အောင်းထားသမျှတွေကိုထုတ်ရန် ခြုံတစ်ခုနားသို့ သွားလိုက်သည်။

သွားသာသွားလိုက်ရသည်။ စိတ်ထဲမှာတော့ ထိုနေရာမှ ရပ်ပေးလိုက်သော ကိုသန်းဝင်းကို စိတ်ထဲက အပြစ်တင်လိုက်သည်။

ဒီလူ မသိတာလည်းမဟုတ်ဘဲနှင့် ဘာကြောင့် ဒီနေရာမှာရပ်ပေးလိုက်ရတာလဲ. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

"တုံလေးရေ၊ ပေါ်တကောလေးဘာလေး သွားလိုက်ဦး"

ခြုံတိုးပြီးပြန်လာသော ဥမှာ တုံလေးကို ကားအောက်မှ လှမ်းခေါ်နေသည်မို့ တုံတုံ ကားပေါ်မှ ဆင်းခဲ့လိုက်သည်။ တကယ်ဆို တုံတုံလည်း အပေါ့အပါး သွားချင်နေတာပါ။

သို့သော် ဒီလောက်မှောင်မည်းနေသော ကားလမ်းဘေးမှ ချုံတွေနားကို တုံလေး ဘယ်လိုသွားမလဲ၊ ဥကို အဖော်ခေါ်ရအောင်လည်း ဥက အဖော်ဆိုပေမယ့် တကယ့်မိန်းကလေးမှ မဟုတ်တာ။

လေပြေ ခပ်လှမ်းလှမ်းမှာရပ်နေပြီး တုံတုံ အခက်အခဲကို ရိပ်မိ





ဟန်တူသည်။ ကားပေါ်မှ ခရီးသည် ကောင်မလေးကို လက်တို့ကာ အကူအညီတောင်းလိုက်သည်။

ထိုကောင်မလေး တုံတုံ့ကို လှမ်းကြည့်ပြီး လေပြေကို ခေါင်းတစ်ချက်ဆတ်ပြကာ တုံတုံ့နားသို့ ခပ်သွက်သွက် လျှောက်လာသည်။

ဒါကို တုံတုံ သတိမထားမိ။

"မမ အပေါ့သွားမလို့လား၊ လာလေ ညီမလေး အဖော်လိုက်ပေးမယ်"

အကူအညီ မတောင်းပါဘဲနှင့် အကူအညီလာပေးသော ကောင်မလေးကို ကျေးဇူးတင်သွားသည်။

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်၊ မမ တစ်ယောက်တည်း ခြုံမတိုးရဲလို့"

"လာ. . မမ"

ထိုကောင်မလေး လက်ဆွဲခေါ်ရာသို့ တုံတုံ တွန့်ဆုတ်တွန့်ဆုတ် လိုက်လာခဲ့လိုက်သည်။

အုံ့ဆိုင်းနေသော ခြုံကွယ်နားမှာတင် မလုံမလဲစိတ်ဖြင့် လေးဝင်နေသောကိစ္စကို အမြန်ရှင်းထုတ်လိုက်ရသည်။

စိတ်ထဲမှာ ခုမှပင် ပေါ့ပါးလန်းဆန်းသွားကာ ဖြတ်တိုက်လာသော လေပြည်ကို တစ်ဝကြီး ရှူလိုက်သည်။ ကားလမ်းဘေးမှ လေအဖြူးဖြူးနှင့် ညသည်ငြိမ်သက်စွာဖြင့်. . တုံတုံတို့ အဖွဲ့တွေ၏ ကျွတ်ကျွတ်စီ လှုပ်ရှားသံတွေကို နားစွင့်နေသည့်နှယ်. .

ညအမှောင်မို့ ကားမီးအလင်းရောင်သာရှိပြီး ထိုအလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို ခပ်ရေးရေးတော့ မြင်ရသေး၏။

အားလုံး ကားပေါ်သို့ အလျှိုအလျှို တက်ကုန်ကြသည်မို့ တုံတုံလည်း ကားပေါ်တက်ရန် လျှောက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ . . အစ်မ"

ခပ်လှမ်းလှမ်း သစ်ပင်အောက်မှ လှမ်းခေါ်လိုက်သံကြောင့် တုံတုံ လှည့်ကြည့်လိုက်သည်။ ရင်ဖုံးအင်္ကျီလက်ရှည်နှင့် ဆံပင်ကို ဖြန့်ချထားသည့် မြန်မာဆန်ဆန် ကောင်မလေးတစ်ဦး တုံတုံကို လက်ယပ်လှမ်းခေါ်နေသည်မို့ တုံတုံ့ခြေလှမ်းတွေ ကားဆီသို့ မလှည့်ဘဲ ထိုအမျိုးသမီးငယ် ရပ်နေရာ သစ်ပင်အောက်ဆီသို့ ခြေလှမ်းကို ဦးတည်လိုက်သည်။

"အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

"ညီမကို ကူညီပါဦး အစ်မရယ်"

ညှိုးငယ်သော အကူအညီ တောင်းခံသံကြောင့် တုံတုံစိတ်ထဲ ထိုကောင်မလေးကို သနားဂရုဏာ သက်သွားသည်။

"ပြောလေ . . အစ်မ ဘာကူညီရမလဲ"

"ညီမ အစ်မနဲ့အတူ လမ်းကြုံလိုက်ပါရစေ၊ ဒီမှာ . . အရမ်းကြောက်စရာကောင်းတယ်၊ ညီမကို ဘယ်သူမှ အကူအညီ မပေးကြဘူး၊ ညီမကို ကူညီပါနော်၊ အစ်မ ညီမကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်၊ ဒီအမှောင်ကြီးထဲမှာ ညီမတစ်ယောက်တည်း မကျန်ခဲ့ပါရစေနဲ့ ခေါ်သွားပါနော် ညီမကို"

"ညီမက ဘယ်ကိုသွားမလို့လဲ"

"မြို့ငလေးဘက်ကိုပါ"

"သြော် . . ဒါဆို လမ်းကြုံတာပဲ၊ ရပါတယ် လိုက်ခဲ့ပါ၊ အစ်မ ကားဆရာတွေကို ပြောပေးမယ်"

ကောင်မလေးကို အားပေးနှစ်သိမ့်နေတုန်း နောက်မှ ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုက်သော အထိအတွေ့ကြောင့် တုံတုံ ခြေအစုံ နောက်သို့ ယိုင်သွားကာ လူက လဲကျမလို ဖြစ်သွားသည်။





"ဟင် . . ရှင် . . ဒါ ဘာလုပ်တာလဲ"

လေပြေ့ကို ပြူးန်းခန် တွေ့လိုက်ရသည်နှင့် . . တုံတုံ ဒေါသတကြီးနှုန်းခန် ခုန်ပေါက်ထွက်လာသည်။

"မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ဟိုမှာ ကားထွက်တော့မယ် မြန်မြန်လာ"

"နေဦး . . ဒီမှာ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာ မမြင်ဘူးလား၊ သူ တုံတုံ့ကို အကူအညီတောင်းနေတယ်၊ ဒီကားနဲ့သူ့ကို လမ်းကြုံခေါ်သွားမယ်"

"ကျွတ် . . မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ အခု ဒီအမှောင်ထဲမှာရှိနေတာ မင်းရယ် ငါရယ်ပဲ ရှိတာလေ၊ တခြား ဘယ်သူမှ မရှိဘူးကွ"

တုံတုံ ဘာဖြစ်နေသည်။ ဘာကိုမြင်နေရသည်ဆိုတာကို လေပြေသဘောပေါက်သည်မို့ တုံတုံ့ကို ဒီနေရာကနေ အမြန်ခေါ်မှဖြစ်မည်။

"ရှင် ကန်းနေလား . . ဟမ် . . ဒီမှာလေ၊ သူ ဘယ်လောက်သနားစရာကောင်းလဲ၊ တုံ သူ့ကို ခေါ်သွားမယ်"

"မရဘူး . . အဲဒါ သူ့နေရာ၊ ငါတို့နဲ့သူနဲ့ ဘာမှမဆိုင်ဘူး မင်းအသိစိတ် ဝင်စမ်းပါ၊ လာ . . မင်းကြောင့် ခရီးသည်တွေရဲ့ အချိန်ကို မဖြုန်းချင်ဘူး"

"ရှင် . . လူမှ ဟုတ်ရဲ့လား . . ဟမ်"

တုံတုံ မျက်နှာပေါ်မှာ ခံပြင်းစိတ်နှင့် အထင်သေးစိတ်တွေ ရောပြွမ်းကာ လေပြေကို ရန်သူတစ်ယောက်လို စကားလုံး ရင့်ရင့်တွေနှင့် ပစ်ပေါက်နေတော့၏။

"ငါ လူမို့လို့ မင်းကို လူမှန်နေရာမှန်နေရအောင် ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွ လာ. . မြန်မြန်. . ”

“ဟင့်အင်း. . မမ၊ ညီမကို မထားခဲ့ပါနဲ့နော် ခေါ်သွားပါနော်”

တစ်ဖက်မှ ကောင်မလေးကလည်း သူ့ကို ထားခဲ့မည်စိုး၍. . တတွတ်တွတ် တောင်းပန်တိုးလျှိုးနေ၏။ တစ်ဖက်က လေပြေကလည်း ကားဆီသို့ တုံတုံကို မရမက ခေါ်နေ၏။

“ဒီမှာ ကျွန်မ ဒီကောင်မလေးကို မကူညီရဘဲနဲ့ ဒီကားနဲ့ ပြန်မလိုက်နိုင်ဘူး”

လေပြေ့ကို တမင်အကြွပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

“ဟာ. . မင်း. . မပြောကောင်းတာတွေ ပြောနေတယ်၊ ဒီ စကားက မင်းဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေတယ်ကွ”

“ဒီမှာ အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့၊ ဒီကောင်မလေးကို ကား ကြုံလိုက်ဖို့အတွက် ကားခကို တုံတုံရှင်းမယ်”

“ဟာကွာ. . . ဒီမှာ အဲဒီကောင်မလေးက လူမဟုတ်ဘူးကွ လူမဟုတ်ဘူး၊ ဟာ. . ကြာပါတယ်ကွာ. . ကဲ. . ”

“ဟင်. . ရှင်. . ရှင်. . လွှတ်”

လေပြေ ဆက်မနေရဲတော့။ ဒီတစ်ယောက်ကြောင့် ကျန်တဲ့သူတွေကိုပါ ဒုက္ခအရောက် မခံနိုင်။ ထို့ကြောင့် ပေကပ်နေသော တုံတုံ့ ကိုယ်လေးကို ဆွဲခနဲ ပွေ့ချီလိုက်သည်။

“ကဲ. . ကောင်မလေးရေ၊ ငါတို့ကားမှာ နေရာမရှိဘူး၊ မင်း လိုက်ချင်ရင် နောက်ကားတွေ ဆက်စောင့်လိုက်ပါဦးကွာ၊ ငါတို့ ဒီကနေ အမြန်ထွက်မှ ဖြစ်မှာမို့ပါ”







# အခန်း (၉)

“ပြန်း. . ပြန်း. . ”

ကားပေါ်ထိ ပင်ပင်ပန်းပန်း ပွေ့ချီလာပြီး တုံတုံ ခုံပေါ်အရောက် အောက်ချပေးလိုက်သည်နှင့် ပါးနှစ်ဖက် ပူခနဲ ဖြစ်သွားသည်။

ခရီးသည်များအားလုံး တုံတုံ၏ ပါးရိုက်ချက်ကြောင့် ငေးသက် သွားကြသည်။

“မင်း ငါ့ကို ဘာလို့ရိုက်တာလဲ”

“ရှင် ဘာဖြစ်လို့ ဒီလိုအပြုအမူနဲ့ ဆက်ဆံရတာလဲ ရှင်. .

www.burmeseclassic.com



လူယုတ်မာ၊ ဟိုမှာ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာကို သိသိကြီးနဲ့ ထားခဲ့ရက်သလား၊ ရှင့်ညီမဆိုရင် ရှင် ဒီလိုလုပ်မလား"

တုံတုံ ကက်တက်လန်အောင် ရန်တွေ့သည်။ ဥကြားထဲကနေ လေပြေ့ကို အားနာနေသည်။

အဖြစ်အပျက်အားလုံးကို ကားပေါ်က အကုန်မြင်နေရသည်ပဲ၊ တုံတုံ သစ်ပင်အောက်သွားပြီး တစ်ယောက်တည်း စကားပြောနေသည်။ ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူးဆိုသည့် အသိကြောင့် ဥပင် ကားပေါ်မှ မဆင်းရဲလောက်အောင် ကြက်သီးတဖြန်းဖြန်း ထခဲ့ရသည်။

အမှန်ဆို တုံတုံ မြင်နေရသည့် မိန်းကလေးဆိုတာ လူမှမဟုတ်ဘဲ၊ နာနာဘာဝပဲ ဖြစ်သည်။ ဒါကြောင့် ဥတို့ မမြင်ရတာ။

"မင်း မစော်ကားနဲ့၊ မင်းသာ အသိဉာဏ်ခေါင်းပါးတာကွ ဒီနေရာမှာ လွန်ခဲ့တဲ့ခြောက်လက ဘာဖြစ်ခဲ့ဖူးလဲ မင်းသိလား. . ဟမ် အခု မင်းမြင်ခဲ့ရတဲ့ကောင်မလေး ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး နောက်က ဝင်ကြိတ်ခံရလို့ ပွဲချင်းပြီးသေခဲ့တဲ့ နေရာကွ"

"ဟင်. ."

တုံတုံ ကိုယ်လေး ဆတ်ခနဲ တုန်တက်သွားသည်။

"ဟုတ်တယ် ညီမရဲ့၊ ညီမကို အကူအညီ တောင်းသလိုမျိုး အစ်ကိုတို့လည်း အကူအညီ တောင်းခံရဖူးတယ်၊ ဒါပေမယ့် ကားပေါ်လည်း ခေါ်တင်လာရော သူ လုံးဝပျောက်သွားတယ်၊ အခု အဲဒီ နာနာဘာဝမလေးကို ငါ့ညီမက တကယ့်လူလို့ ထင်နေတာ"

ကားဒရိုင်ဘာ ကိုသန်းဝင်း ကြားထဲမှ မနေသာတော့ ဝင်ပြီး ရှင်းပြသည်။ ဥလည်း မနေနိုင်တော့. . .။

"ဟုတ်တယ် တုံလေးရဲ့၊ ဥလေ တုံလေး သစ်ပင်အောက်မှာ တစ်ယောက်ထဲ သွားစကားပြောနေလို့ ထူးဆန်းပါတယ်လို့ ထင်နေတာ





တုံလေးက နာနာဘာဝနဲ့ သွားစကားပြောနေတာကိုး၊ ဥ ကြောက်လိုက်တာ တုံလေးရယ်"

ဥမှာ ကြောက်တယ်ဆိုပြီး လေပြေ့လက်မောင်းကို အတင်းဆုတ်တွယ်ကာ သူ့ပါးဖြင့် အရသာခံ ပွတ်သပ်နေ၏။

လေပြေ ဥကို ဆောင့်၍တွန်းလိုက်ပြီး. . .

"ဟာ. . ခင်ဗျားက တမျှောင့်"

"အဟင့် ဥကြောက်လို့ပါဆို"

"ဒါ. . ဒါဆို တုံတုံ မြင်ခဲ့ရတာ သ. . သရဲပေါ့၊ ဟုတ်လား"

"ဩော်. . ငါ့တူမရယ်၊ နာနာဘာဝပါဆိုမှ သရဲပေါ့ကွယ်၊ ဒီကသူငယ် ဆွဲခေါ်လာတာ မြန်လို့ပေါ့၊ နို့မို့ဆိုရင် ငါ့တူမက ဒီကားနဲ့ပြန်လိုက်ဘူးကြီးပဲ တတွတ်တွတ် အော်နေတာနဲ့တင်. . လူချိန်းခံနေရသောက်ပြီ၊ ဒီနေရာမျိုးတွေက အနေအထိုင် အပြောအဆို ဆင်ခြင်ရတယ်ကွဲ့၊ ခမျာမှာ ကယ်ကလည်း ကယ်ရသေးတယ်၊ ပါးလည်း အရိုက်ခံရသေးတယ်၊ မြင်ရတာ စိတ်တောင်မကောင်းဘူး"

တုံတုံတို့ ဘေးတစ်ဖက်ခုံမှ အဒေါ်ကြီး လေပြေ့ဘက်က နာ၍ဝင်ပြော၏။

တုံတုံ ခုမှပင် ကြောက်စိတ်တို့ တရိပ်ရိပ် တက်လာကာ အသားတွေ တဆတ်ဆတ် တုန်လာသည်။

ကိုသန်းဝင်း အချိန်ဆွဲမနေတော့ပဲ ကားကို ခပ်မြန်မြန်မောင်းထွက်ခဲ့လိုက်သည်။

ထိုစဉ် အနောက်သုံးလေးငါးခုံကျော်မှ လူကြီးတစ်ယောက် သူရားစာတွေ အကျယ်ကြီး ထဆိုတော့၏။

အားလုံး အိပ်ငိုက်ချင်သလိုလို ဖြစ်နေကြရာမှ တုံတုံကြောင့် အိပ်ချင်စိတ်ထက် ကြောက်စိတ်တို့ပိုကာ ညအမှောင်ထုကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရစေရန် လိုက်ကာတွေ ဆွဲပိတ်သူကပိတ်၊ ဂုဏ်တော်ပွားသူက ပွားနှင့် ကားထဲမှာ ကျွတ်စီကျွတ်စီတွေ ဖြစ်နေကြသည်။

ကားကတော့ အမှောင်ထုထဲမှာ တရိပ်ရိပ် ပြေးလွှားမောင်းနှင်လျက်. . .

တုံ့တုံ့ ကြောက်လွန်း၍ ကိုယ်ကို ကျုံ့နိုင်သမျှကျုံ့ကာ မျက်လုံးတွေကို ခပ်တင်းတင်း ပိတ်ပစ်လိုက်သည်။

ရင်တွေ ခုမှ တဒိန်းဒိန်းခုန်လာသည်။

နာနာဘာဝတဲ့လား. . ၊ အမလေး. . ကြက်သီးတွေ ထလိုက်တာ. . ။







# အခန်း (၁၀)

"ဟိုး. . ဟိုး. . ကား. . ကားရပ်ပါဦး. . ကားရပ်ပါဦး"

နောက်ဆုံးခုံမှ အမျိုးသမီးကြီးတစ်ယောက်၏ အသံကြောင့် လေပြေ မျက်လုံးတို့ မှေးစင်းနေရာမှ ဖျတ်ခနဲဖွင့်ကာ နောက်ကိုလှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ အန်တီ ပေါက်တောလား"

"မဟုတ်ဘူး၊ အန်တီ့ဆွဲကြိုး. . အန်တီ့ဆွဲကြိုး လည်ပင်းမှာ မရှိတော့ဘူး"

"ဟာ. . မရှိရအောင် ဘယ်ကိုရောက်သွားလို့လဲ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



လေပြေ ထိုအမျိုးသမီးကြီးရှိရာ နောက်ဆုံးခုံသို့ လျှောက်လာလိုက်သည်။ ကိုသန်းဝင်း ကားကိုမရပ်ဘဲ ဆက်မောင်းနေ၏။

"ဟော့. . ရပ်ပါ၊ ကားကို ခုရပ်လိုက်ပါ၊ ငါ့ဆွဲကြိုးကို တစ်ယောက်ယောက် ဖြတ်သွားတာ ဖြစ်မယ်၊ အမလေး ကုန်ပါပြီတော့ အဲဒီဆွဲကြိုးက ငါးကျပ်သားရှိတယ်"

"ဟာ. . အန်တီရယ် သေချာရှာပါဦးဗျာ၊ အန်တီကြီးဘာသာ ပျောက်မှာစိုးလို့ တစ်နေရာမှာ ချွတ်သိမ်းထားတာလဲ ဖြစ်နိုင်တာမို့ ကိုယ့်လက်ကိုင်အိတ်ထဲ ကိုယ်ပြန်စစ်ကြည့်ပါဦး"

"အို. . စစ်ပြီးပြီ၊ အသေအချာကို အပြန်အလှန် စစ်ပြီးသွားပြီ လုံးဝမရှိဘူး၊ ဒီကားထဲမှာ ခါးပိုက်နှိုက်ပါတာ ကျိန်းသေတယ်"

လက်လွှတ်စပယ် ပြောလိုက်သော အဒေါ်ကြီးစကားကြောင့် ထိုအဒေါ်ကြီးရှေ့ရှိ ထိုင်ခုံမှာ ထိုင်နေသော လူရွယ်မှာ မကျေမနပ်ဖြစ်ကာ

"အဒေါ်ကြီး စကားကို ဆင်ဆင်ခြင်ခြင် ပြောပါဗျ၊ ဒီကားထဲမှာပါလာတဲ့ လူအားလုံးရဲ့ သိက္ခာကို ထိပါးစော်ကားတဲ့ စကားမျိုး မပြောပါနဲ့"

"အို. . မပြောလို့ ရမလား ငါ့ဆွဲကြိုးက ပျောက်နေပြီလေ၊ တစ်ယောက်ယောက်မယူဘဲနဲ့ ငါ့လည်ပင်းပေါ်က ဆွဲကြိုးက သူ့အလိုလို ခုန်ပေါက်ပြေးဆင်းသွားမလား၊ ဒါ တစ်ယောက်ယောက် ဖြတ်လိုက်လို့ မရှိတော့တာ၊ ဒါနဲ့ နေပါဦး. . ကားထဲက ခရီးသည်တွေ အားလုံးက တောင် ဘာမှမပြောဘဲ ငြိမ်နေပြီး မင်းက ဘာကြောင့် မလုံမလဲထပြီး ရန်ထောင်ရတာလဲ၊ ဇကန္တ. . မင်း. . မင်းများ ဖြတ်လိုက်လား၊ ဒီမှာ ကားအင်ချပ် ဒီကောင်လေးအိတ်ထဲကို ရှာပါ၊ သူ ဖြတ်ထားတာဖြစ်မယ်"



ဒုံဒိုးကြီး စွပ်စွဲလိုက်သော အဒေါ်ကြီး စကားကြောင့် သခင် လည်ပြန် လှည့်၍ပြောနေသော တောင်လေးမှာ မီးဝင်းဝင်းတောက် သော မျက်လုံးဖြင့် ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒီမှာ. . ခင်ဗျား တော်တော်တရားလွန်နေပြီနော်၊ ကျုပ်က ဥပဒေနောက်ဆုံးနှစ် ကျောင်းသားဗျ၊ ကျုပ်နာမည် အာကာ မိဘတွေက စိန်တိုက်ပိုင်တယ်၊ မြဝတီက ဦးလေးအိမ်ကို အလည်သွားဖို့ ကိုယ်တိုင် ကားမောင်းခွင့်မရလို့ ခုလိုကားမျိုးနဲ့ လာရတာ၊ ခင်ဗျားရွှေ လေး ငါးကျပ်သားလောက်ကို လာစာဖွဲ့ပြမနေနဲ့၊ ကျုပ်မိဘတွေ ပိုင်ဆိုင်မှုတွေက ခင်ဗျားတင်မဟုတ်ဘူး၊ ခင်ဗျားတို့တစ်မျိုးလုံးကိုတောင် ဖို့သတ်လိုက်လို့ရတယ် ရှင်းလား၊ ဟောဒီမှာ တွေ့လား. . ကျုပ်ရဲ့ လက်စွပ်၊ ဟော့ဒီလက်စွပ်က စိန်လက်စွပ်၊ တန်ဖိုး သိန်းငါးဆယ်အထက်မှာ ရှိတယ်၊ ဟောဒီနာရီ ဆယ်သိန်းကျော်တယ်၊ ကျုပ်ကိုင်ထားတဲ့ဖုန်း ငါးသိန်းရှိတယ်၊ ဟောဒီမှာ ကျုပ်ရဲ့ ကျောင်းသားကဒ်. . ."

ထိုကောင်လေး ဒေါသထွက်ဖြင့် သူ့ကိုယ်ပေါ်မှ ဝတ်ထားသော လက်စွပ်နှင့် နာရီကို ထိုအဒေါ်ကြီး မျက်နှာရှေ့ကို ထိုးလုမတတ် ထိုးပြနေ၍ အဒေါ်ကြီး မျက်နှာကို အနောက်သို့ လှန်၍ပင် ရှောင်ရသည့်အဖြစ်. . .

"ဒါ. . ဒါဆို. . ငါ့ဆွဲကြိုးကို ဘယ်သူဖြတ်လဲ၊ ကားဆရာ ရဲစခန်းကို မောင်းပါ၊ ရဲစခန်းကို အမြန်မောင်းပါရှင်"

"ဟာ. . ဒီလောက် ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ခင်ဗျားပြောတဲ့ ရဲစခန်းက ဘယ်လိုရှာပြီး သွားမလဲ၊ ခရီးထွက်တာ အဲသောက် ရွှေတွေ အတုံးလိုက်အတစ်လိုက် ဝတ်စရာလားဗျ၊ အဖြတ်ခံရတာ နည်းတောင်နည်းသေးတယ်"

ဘေးတစ်ခုံကျော်မှ လူကပါဝင်၍ ပြောနေသဖြင့် အဒေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ သံသယတွေ ဥပဒေကျောင်းသား အာကာ့ဆီမှာ ခွာကာ ထိုလူ့ဆီတို ရောက်သွားသည်။

"ဩော်. . ဒါဆို ရှင်ဖြုတ်တာပေါ့. . ဟုတ်လား"

"ဘာ. . ခင်ဗျား ရူးနေလား၊ ဒီကား စထွက်ကတည်းက ကျုပ်ခင်ဗျားနားကို ဘယ်နှစ်ခါကပ်ဖူးလို့ ခင်ဗျားလည်ပင်းက ဆွဲကြိုးကို ဖြုတ်ရမှာလဲ၊ ကျုပ်လို ဆီစက်သူဌေးက ခင်ဗျား ရွှေဆွဲကြိုး ဘာလုပ်ရမှာလဲ"

"ဝါး. . ဒီကားမှာ သူဌေးတွေချည်းပါပဲလား၊ ဟား. . ဟား. . ဟား. . ကဲ. . အဒေါ်ကြီး ခင်ဗျားဆွဲကြိုးကို ဒီဆီစက်ပိုင်ရှင်က ယူပါ့မလားဗျာ၊ အဲ. . ကျုပ်လည်း မယူဘူးနော်၊ ကျုပ်နဲ့ခင်ဗျား အဝေးကြီး"

ဖုန်းအမြဲတမ်းဆက်သော လူရွယ်မှာ သူနှင့်မဆိုင်ဘဲ ဝင်၍ ပြောလိုက်ပြီး သူ့ကိုပါ ထင်မည်စိုး၍ ကြိုပြီးငြင်းချက်ထုတ်ထား၏။

ထိုအဒေါ်ကြီးမှာ သွေးရူးသွေးတန်းပုံစံဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

"အမလေး. . ကိုယ်ကျိုးတော့ နည်းပါပြီ အရပ်ကတို့ရဲ့၊ ကျုပ်လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးက ဘယ်ကိုခုန်ပေါက် ထွက်ပြေးသွားပြီလဲ၊ အီး. . ဟီး. . ဟီး. . အဲဒါ ကျုပ်ဆွဲကြိုး မဟုတ်ဘူး၊ ကျုပ်အစ်မ ဆွဲကြိုး၊ မြဝတီက ယောက်ျားဆွေမျိုးတွေဆီ သွားလည်မှာမို့လို့ ငှားဝတ်လာတာ ခုတော့ အမျိုးတွေကို မကြွားရပဲ ဘယ်တေက်ပြားလက်ချက် မိသွားပြီလဲ၊ အောင်မလေး ရှိကြီးခိုးပါရဲ့၊ ယူထားကြရင် ပြန်ပေးကြပါရှင်၊ ဆွဲကြိုးက ငါးကျပ်သားရှိတာမို့ ပြန်လျော်ဖို့ မတတ်နိုင်လို့ပါ၊ ကူညီကြပါ ကျေးဇူးဆပ်ပါ့မယ်"

မျက်ရည်လည်ရွဲဖြင့် လက်အုပ်တချီချီ တောင်းပန်နေသော အဒေါ်ကြီးကိုကြည့်ပြီး ရယ်ရအခက် ငိုရအခက်နှင့် ကျန်ခရီးသည်





တွေမှာ သက်မတချချနှင့်. . .

အဒေါ်ကြီးမှာ အရူးမီးဝိုင်းသလို ကားဦးပိုင်းကိုသွားလိုက် နောက်မြီးပိုင်း ပြန်လာလိုက်နှင့် ကားမောင်းနေရင်းနှင့် လမ်းလျှောက် နေရ၍ သူ့ခန္ဓာကိုယ် ဖိုင့်ဖိုင့်ကြီးမှာ ယိမ်းထိုးလဲကျမတတ်။

"အဒေါ်ကြီး ဆွဲကြိုးဘယ်သူဖြုတ်လဲဆိုတာ ဗေဒင်မေးကြည့်ပါလား၊ ဥတုန်းကလည်း ဗေဒင်မေးတာ၊ ဗေဒင်ဆရာက ဘယ်နေရာမှာ ရှိတယ်ဆိုတာကို အတတ်ပြောတယ်၊ ဥပစ္စည်း ပြန်ရတယ် သိလား"




"ဟင်. . ပေးတဲ့အကြံကတလွဲ၊ ဗေဒင်ဆရာဆီ သွားပြန်မေးနေ ဘားကို ရန်ကုန်ပြန်လှည့်ရဦးမှာလား၊ ပစ္စည်းသခင်ရဲ့ လူသခင်ရှိတဲ့ သဘောထားလိုက်ပါ အဒေါ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥ ခုံအနောက်က အမျိုးသမီးက ဥအကြဲကို ဆဲန့်ကျင်၍ ပြောသဖြင့် ဥ မျက်စောင်းလှည့်ထိုးလိုက်သည်။

အဒေါ်ကြီး ရင်ဘတ်ထုကာ. .

"သခါရတဲ့လား၊ အောင်မလေး ဒုက္ခအကြီးအကျယ်ရောက်ပြီ *ယောက်ျားသိရင် ကြွားချင်ဦးပဲဆိုပြီး ပြဿနာ အကြီးအကျယ် တက်*ဦးမှာ"

အဒေါ်ကြီး ပြောလဲပြော ငိုလည်းငိုနှင့် တေးသရုပ်ဖော် ကနေသလို ဖြစ်နေ၏။

ခရီးသည်တွေအားလုံးလည်း ထိုအဒေါ်ကြီးကိုကြည့်ပြီး ဘာအကြံဉာဏ်မှ ဝင်မပေးရဲကြတော့. .

"တဲ. . ကားဆရာ၊ ကားပေါ်မှာလည်း ပြုတ်မကျဘူး၊ ဘယ်သူမှလည်း မဖြုတ်ဘူးဆိုရင်တော့ ပေါက်တောဆင်းခဲ့တဲ့နေရာကို ပြန်မောင်းပေး၊ အဲဒီမှာ ပြုတ်ကျခဲ့တာလည်း ဖြစ်နိုင်တာပဲ"

ဒါကိုတော့ လေပြေ လိုက်လျော၍မဖြစ်။

"ဟာ. . အဲလိုမဖြစ်နိုင်ဘူး အန်တီ၊ ဒါ မိသားစုကားမဟုတ်ဘူး၊ ခရီးသွားကားဗျ၊ နောက်ကြောင်းကို ပြန်လှည့်ရိုးထုံးစံမှ မရှိတာဗျာ၊ ဘယ်ခရီးသည်မှလည်း သဘောတူမှာ မဟုတ်ဘူး"

"ဒါဆို. . ကျုပ်က ဒီအတိုင်း အဆုံးခံလိုက်ရမှာလား"

"ဟယ်. . ဒီမှာ. . ဒီမှာ၊ ဆွဲကြိုးက အဒေါ်ကြီးရဲ့ ကြားထဲမှာ" အသံပြာအက်အက်ဖြင့် ဥထအော်သည်။

အားလုံး ဥဆီသို့ အကြည့်ရောက်သွားသည်။

"ဟော ဟိုမှာတွေ့လား၊ ဆွဲကြိုး. . ဆွဲကြိုး၊ အဒေါ်ကြီးရဲ့ခါးမှာ ထဘီနဲ့ ညပ်နေတာတော့"

"ဟင်. . ဟုတ်လား"





ဒီတော့မှ ဥ ညွှန်ပြရာသို့ လူတွေ ဝိုင်းကြည့်ကြသည်။ အဒေါ်ကြီး ထမီကို ဖြည်ချကာ ခါဝတ်လိုက်သည်။

ငါးကျပ်သား ဆွဲကြိုးကြီးက ထဘီ ခါဝတ်လိုက်တော့မှ ကားကြမ်းခင်းပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျသွားသည်။

"အမလေး. . နောက်ကျောက ထမီကြားထဲ ညပ်နေတာပဲ ဘုရား. . ဘုရား သူတော်ကောင်း နတ်ကောင်းမတယ်ဆိုတာ ဒါမျိုးပဲ တော်ပါသေးရဲ့. . တော်ပါသေးရဲ့"

ဒီတော့မှ အဒေါ်ကြီးခမျာ ရယ်နိုင်ပြုံးနိုင်တော့၏။

လေပြေလည်း ခုမှပင် သက်ပြင်းကို ဟင်းခနဲ ချနိုင်ပြီး ကိုယ့်နေရာကိုယ် လာပြန်ထိုင်နိုင်တော့၏။ ခရီးသည်တွေလဲ ခုမှ နားငြီးသက်သာတော့၏။

"အခြောက်ကလေးရယ် ကျေးဇူးတင်လိုက်တာကွယ်၊ မင်းကြောင့် အဒေါ်ဆွဲကြိုး ပြန်တွေ့တာပါကွယ်၊ မနက်ကျရင် မင်းကို မုန့်ဟင်းခါး ဝယ်ကျွေးပါ့မယ်ကွယ်"

အဲဒေါ်ကြီး၏ ကျေးဇူးတင်စကားကြောင့် ဥမျက်နှာ ရှုံ့မဲ့သွားသည်။

"လူကိုများ မုန့်ဟင်းခါးစားတဲ့ရုပ်များ မှတ်နေလား၊ တော်ပါပြီ တော်ပါပြီ. . နားငြီးသက်သာသွားတာကိုပဲ ကျေးဇူးတင်ပါတယ်"

ဥ မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောလိုက်သည်။ အားလုံး ဝိုင်းရယ်ကြသည်။ ကားထဲမှာ ရယ်သံတွေနှင့်အတူ တဖန်ပြန်၍ တိတ်ဆိတ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

"တုံလေးရေ၊ အိမ်ဂရန်နဲ့ မြေစာချုပ်ကို သတိထားနော် စိတ်ထဲမှာ အဲ့ဒါကြီး သယ်လာရတာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်"

"အဲဒါကြောင့် ကြီးမေဆီမှာထားခဲ့ပြီး စိတ်အေးလက်အေး ပြန်မယ်ဆိုတာကို ဉမှ လက်မခံပဲ"

"လက်ခံစရာလား. . ကြီးမေကရော ယုံရပ့်မလား၊ ကိုယ့်တူမလေး အိမ်နဲ့ခြံဝယ်ပြီး ရန်ကုန်ပြောင်းလာမယ့်ကိစ္စကို သူက အမြတ်ထုတ်နေတာလေ၊ သူ သိန်းတစ်ရာလောက် ခိုင်သွားတာတောင် ကျေနပ်လို့လား၊ ဒီဂရန်နဲ့ မြေစာချုပ် သူ့ဆီမှာ ထားခဲ့ဖို့ချည်းပဲ ဇွတ်ပြောနေ





တော့တာပဲ"

"ဪ. . ဒါကတော့ လမ်းခရီးမှာ ပျောက်ရှမှာ စိုးလို့ပေါ့"

"ဟွန်း မထင်ပါဘူး"

ဉ မဲ့ကာရွဲ့ကာပြောရင်း တုံတုံကိုကျော်၍ လိုက်ကာကို ဆွဲဖွင့်လိုက်သည်။ တုံတုံ ပျာပျာသလဲ တားကာ. .

"ဟင့်အင်း မဖွင့်နဲ့. . တုံကြောက်တယ်၊ မဖွင့်ပါနဲ့ ဉရဲ့"

"ဟော်တော်. . ဒါက ဘာဖြစ်ရပြန်တာလဲ"

"စောစောက. . ဟို. . ဟိုကောင်မလေးကို ထပ်တွေ့နေရင် ဘယ်လိုလုပ်မလဲ၊ တုံကြောက်လို့ပါ ဉရယ် ပိတ်ထားစမ်းပါ"

"ဘာမှ မကြောက်ပါနဲ့တော့ တုံတုံ၊ အဲဒီနေရာက ကျော်ရင် သူတို့ ဘာအနှောင့်အယှက်မှ မပေးနိုင်တော့ပါဘူး"

ကြားဖြတ်၍ ဝင်ပြောလာသော လေပြေ့စကားကြောင့်. . . ကြောက်ရွံ့နေသော တုံတုံ့မျက်နှာလေး ချက်ချင်းတည်သွားကာ. . .

"ရှင် သူများစကားပြောတာကို ခိုးနားထောင်နေတယ်ပေါ့လေ"

"ဟာ. . နားမထောင်ပါဘူး၊ သူ့အလိုလို နားထဲဝင်လာတာပါ"

"ဟွန်း. . ယောက်ျားတန်မဲ့နဲ့ စပ်စုလိုက်တာ လွန်ရော"

တုံတုံ မျက်စောင်းလေးဝင့်ကာ မကျေမနပ် စူပွစူပွ ပြောနေသဖြင့် လေပြေ ကျွတ်ခနဲ့ စုတ်သပ်လိုက်ပြီး. . .

"ဟာကွာ အဆိုးမြင်ဝါဒီသမားတွေနဲ့ လာတွေ့နေတာပဲ အဲဒါ ပြောတာပေါ့ စေတနာဆိုတာ လူတိုင်းနဲ့မတန်တဲ့. ."

"ဟယ်. . တို့ကတော့ တန်ပါတယ်နော်၊ ရှင် ဉကို ဘယ်လိုမှ အရှက်ခွဲခဲ့ခွဲခဲ့၊ ဉကလေ ရှင့်ကို မမုန်းပါဘူး၊ ရှင့်စေတနာကို ဉ နား လည်းလည်တယ် အသိအမှတ်လည်းပြုတယ်၊ ဉ ရှင့်ကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပရောပရီ လုပ်ချင်သော ဥကို တုံတုံမျက်နှာနှင့် အလိုက်အထိုက် ခေါင်းညိတ်ပြလိုက်ပြီး. . .

"ကျွန်တော်ကလည်း ကျွန်တော်တို့ကားကိုစီးတဲ့ ခရီးသည်တွေ အားလုံးကို ကိုယ့်မိသားစုလို သဘောထားပြီး စောင့်ရှောက်တာပါ။ အားလုံးကို မိသားစုလို သဘောထားပါတယ်၊ တစ်ခရီးတည်း သွားနေသူအချင်းချင်း ရိုင်းပင်းတာပါ"

တုံတုံမှဲ့သည်။

ဥမှာ ရှိသမျှ သွားပေါ်အောင်ဖြီးပြီး ရယ်ကာ. .

"ဒါပေါ့. . ဒါပေါ့၊ ခုကစပြီး ရှင်နဲ့ဥ မိတ်ဆွေတွေ ဖြစ်သွားပြီနော်"

လေပြေ့လက်ကို အမိအရ လှမ်းဆွဲကာ လက်ဆွဲနှုတ်ဆက်နေသော ဥ၏ အိုတာဖြစ်လွန်းသော အမူအယာကြောင့် ကားမောင်းနေသော ကိုသန်းဝင်းထံမှ ရယ်သံထွက်ပေါ်လာသည်။

ဘာပဲဖြစ်ဖြစ် တုံတုံနှင့် ပြန်ပြေလည်ဖို့ ဥကို အရင်ပေါင်းထားရမည် မဟုတ်လား။

ဒီခရီးစဉ်ဟာ လေပြေ့အတွက် ရင်ခုန်စရာတွေ စိတ်ပျက်စရာတွေကို ရသတစ်ခုအဖြစ် ပြောင်းလဲခံစားမှုပေးသော ခရီးစဉ်တစ်ခုဟုပင် ပြော၍ရနိုင်သည်။







# အခန်း (၁၂)

"ဟဲလို. . ဟဲလို. . ကြားရလား၊ ကြားရင် အကြောင်းပြန်ပါ၊ ဟဲလို. . အင်း. . ဘားအံကို ရောက်တော့မယ်၊ အိုခေ. . အင်း. . သိပ်မလိုတော့ဘူး၊ အဲဒီဘက်က စီစဉ်စရာရှိတာ စီစဉ်ထားလိုက်တော့ အားလုံးအိုခေတယ်. ."

"ဟယ်. . တကယ်ပါပဲ၊ သူများတွေကို အားမနာဘူးလား၊ ဖုန်းပြောတာ အဲလောက်ကျယ်ရလား၊ ဥရဲ့ အိပ်မက်တွေတော့ ပျက်ကုန်ပါပြီ၊ ပြန်လျော်ပေး. . ပြန်လျော်ပေး"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ် ဖုန်းပြောသံ ကျယ်သွားသဖြင့် ဥ တခေါ်ခေါ် အိပ်ပျော်နေရာမှ လန့်နိုးသွားခြင်း ဖြစ်သည်။

ဥတင်မဟုတ် ကားထဲမှ ခရီးသွားတွေပါ ကျယ်လောင်သော ဖုန်းပြောသံကြောင့် မျက်လုံးဖွင့်ကြည့်ကာ အပြစ်ပြောသူကပြော ဘုကြည့်ကြည့်သူကကြည့်နှင့် မကျေမနပ် ဖြစ်ကုန်ကြသည်။

"ဟုတ်ပ့ါ၊ တကမ္ဘာလုံး သူတစ်ယောက်ထဲ ဖုန်းပြောနိုင်တဲ့ပုံစံနဲ့၊ ဟွန်း . . တောသား . ."

နောက်ဖက်ခုံမှ အမျိုးသမီး မကြားတကြား ပြောသံဖြစ်သည်။

"ဟ . . ဖုန်းပြောတာပဲ၊ လိုင်းမမိလို့ အသံကျယ်သွားတာ ဘာတတ်နိုင်မှာလဲ၊ မကြားချင်ရင် ဂွမ်းဆို့ထားကြပေါ့၊ အောင်နိုင်တို့က ဘာပဲလုပ်လုပ် ဘယ်ပဲသွားသွား ကိုယ့်အနားမှာ ဘယ်သူမှ မရှိသလို သဘောထားတတ်တဲ့အကျင့်က အရိုးစွဲနေပြီ"

"ဒါဆိုရင် ကိုယ်ပိုင်ကားစီးပေ့ါ၊ ဘာလို့ အဝေးပြေးခရီးသွားကား လာစီးလဲ"

ငါးကျပ်သား ဆံကြိုးပျောက်သူ အဒေါ်ကြီး တစ်စခန်း ထပြန်သည်။

"ကျုပ်ဟာကျုပ် စီးချင်တဲ့ကား စီးမယ်ဗျာ၊ ခင်ဗျားတို့ အပူပါလား"

အောင်နိုင်ဆိုသည့်လူရွယ် လူမိုက်ပုံစံဖြင့် ရင့်သီးသော စကားဖြင့် ထဖောင်းတော့၏။


လေပြေ မဝင်၍ မရတော့။

"ကဲ . . ကဲ . . ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ အားလုံး တစ်ခရီးထဲ သွားကြတာပဲ နားလည်ပေးကြပါဗျာ၊ ကျွန်တော်ကပဲ ကြားထဲက တောင်းပန်ပါတယ်၊ ကဲ . . ကိုအောင်နိုင် ခင်ဗျားလည်း ဒေါသကို





လျှော့ပါဗျာနော်"



"မရဘူး၊ ကျုပ်ဟာကျုပ် ဖုန်းပြောတာကို လာမရစ်နဲ့၊ အောင်နိုင်နော် ဘယ်လူ့ကိုမှ ခွေးမထင်ဘူး၊ မိုက်ရင် တစ်ပွဲချင်း ဖိုက်မယ်"

"ဟုတ် . . ဟုတ်ပါပြီဗျာ . ၊ ဒီကားပေါ်မှာ မိုက်တဲ့သူ တစ်ယောက်မှ မပါပါဘူး၊ တော်ပါတော့ဗျာ . . နော်"

"လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ . . .

ကြောက်တတ်မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ . ."



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစာ အမြဲရွတ်နေသော လူကြီး၏ မေတ္တာပို့သံ ခပ်ကျယ်ကျယ်ကြောင့် အောင်နိုင့်အသံ တိတ်သွားကာ အူကြောင်ကြောင် လှည့်ကြည့်၏။

"ဟင်း. . ဒီဘုရားလူကြီးက တမှောင့်၊ ဒေါသဖြစ်ရတာတောင် ဆန့်တငံ့ငံ့နဲ့"

အောင်နိုင် မကျေမနပ်ဖြင့်ပြောကာ ငြိမ်သွားသည်။

လေပြေ့စိတ်ထဲ ထိုလူကြီးကို ကျေးဇူးတင်နေမိတော့သည်။

သူ့မေတ္တာပို့သံကြောင့်. . တစ်ယောက်တပေါက်သံတွေ ငြိမ်သွားခြင်းဖြစ်သည်။

"ကျွိ. ."

ကိုသန်းဝင်း ကားကို ကျွိခနဲ ထိုးရပ်လိုက်သည်။

လေပြေ့အာရုံတွေ ကိုသန်းဝင်းဆီ ပြန်ရောက်သွားပြီး. .

"ကိုသန်းဝင်း ကားဘာဖြစ်လို့လဲ"

"ရှေ့မှာ ဗိုက်ကြီးသည်တစ်ယောက် တားနေလို့"

လေပြေ ကားခေါင်းခန်းဘက်ကို ပြန်လျှောက်လာကာ ရှေ့ပေါက်မှ တံခါးကိုဖွင့်လိုက်ပြီး

"အစ်မကြီး ဘာကူညီရမလဲ"

"အား. . ကျွတ်. . ကျွတ်၊ အစ်မကို ကားကြုံလိုက်ခွင့် ပြုပါကွယ်၊ အစ်မ ဗိုက်နာနေလို့ မြို့ပေါ်လေး သားဖွားဆေးရုံကို လိုက်ပါရစေ"

ချွေးသီးချွေးပေါက်ကျမတတ် နာကျင်စွာပြောနေသော ထိုအစ်မကြီးကိုကြည့်ပြီး လေပြေ စိတ်မောသွားသည်။ ကားပေါ်မှာ ခုံအပိုမှ မပါတာ။

"ခုံအပိုတော့ မပါဘူး. . အစ်မရဲ့၊ ဒါနဲ့ ကလေးသွားမွေးမှာ အစ်မတစ်ယောက်တည်းလား"





"မဟုတ်ပါဘူး မောင်လေးရယ်၊ အား. . ကျွတ်. . ကျွတ်. . အစ်မယောကျ်ားနဲ့ အစ်မရဲ့မောင် ပါပါတယ်ကွယ်၊ အင်း. . ဟင်း ဟင်း. . နာလိုက်တာ. . ကူ. . ကူညီပါနော်"

ဗိုက်ကြီးသည် အမျိုးသမီး ညွှန်ပြရာသို့ လေပြေ လှမ်းကြည့်လိုက်သည်။ ကားလမ်းမပေါ်သို့ အထုပ်အပိုးတွေနှင့် တက်လာသော လူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက် ပုံစံတွေက ရေကြီးသုတ်ပျာယာန်တွေနှင့် ကားဆီသို့ လျှောက်လာကြသည်။

"ရလား. . လမ်းကြုံလိုက်လို့ရလား မစမ်း. ."

"အင်း. . ပြော. . ပြောတုန်းပါတော်၊ အား. . ကျွတ်. . ကျွတ် ကျွတ်"

"ကူညီပါ ငါ့ညီရယ်၊ ဆေးရုံကို အချိန်မီရောက်မှ ဖြစ်မှာမို့ပါ"

လေပြေ အခက်တွေ့နေ၏။ ဒီလိုမျိုး လူသူကင်းမဲ့သော ဟိုင်းဝေးလမ်းမပေါ်မှာ အမှန်တရားဆိုတာ နည်းသည်။

ကိုယ်တစ်ယောက်ထဲ ဆုံးဖြတ်၍ မဖြစ်နိုင်သဖြင့် ကိုသန်းဝင်းကို လှည့်ကြည့်ပြီး မေးဆတ်ပြရင်း တိုင်ပင်လိုက်သည်။

ကိုသန်းဝင်း ကွမ်းတမြုံ့မြုံ့ ဝါးရင်းမှ. . .

"မင်းသဘော"

"ခေါ်တင်ခဲ့လိုက်ပါကွယ်၊ သူ့ခင်ပျာမှာ ထွက်စရာရှိ ထွက်တော့မယ် သနားပါတယ်၊ ဒါမျိုးက အောင့်ထားလို့ ရတာမဟုတ်ဘူး၊ အချိန်တန်ရင် သူ့အလိုလို ထွက်လာတာ၊ ကလေးပြောပါတယ်"

"ဟုတ်တယ် ကူညီလိုက်ပါကွာ၊ ဒုက္ခရောက်သူတွေကို ကူညီကောင်းပါတယ်"

ခရီးသည်တွေ ဝိုင်းပြီးပြောပေးသဖြင့် လေပြေ ချီတုံချတုံ ဖြစ်မနေတော့ဘဲ ဆုံးဖြတ်ချက် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ လိုက်ခဲ့ပါတော့၊ ထိုင်စရာခုံတော့ မရှိဘူး၊ ခင်ဗျားတို့ဘာသာ အဆင်ပြေသလိုသာ လိုက်ခဲ့လိုက်ကြတော့"

"အောင်မလေး ကျေးဇူးတင်လိုက်တာ၊ ရှစ်ကြီးခိုးပါတယ် . . ကျေးဇူးရှင်ကြီးရယ်၊ အား . . ကျွတ် . . ကျွတ်၊ ကလေးရေ ခဏတောင့်ထားနော်၊ အမေတို့ ဆေးရုံကို ကားကြုံလိုက်လို့ ရပြီကွယ့်"

ဗိုက်ကြီးသည်ရော သူ့ယောက်ျားနှင့် သူ့မောင်ပါ ကားပေါ်သို့ အူးယားဖားယား တက်လာကြသည်။

"ကဲ . . အစ်မကြီး ဒီမှာလာထိုင်"

လေပြေ သူ့ခုံနေရာကို ဗိုက်ကြီးသည်ကို ပေးထိုင်လိုက်သည်။

"လာ . . ဥနဲ့လာထိုင်"

လေပြေ့လက်ကိုဆွဲပြီး ဥ သူ့ဘေးမှာ ထိုင်ရအောင် တစ်ဖက်ကို တိုးပေးသည်။

"နေပါစေ ရတယ်၊ မတ်တတ်ပဲ လိုက်တော့မယ်၊ ထိုင်ရတာလဲ ညောင်းနေပြီ"

တုံတုံ့ကိုကြည့်ပြီး ဥကို ငြင်းလိုက်သည်။ တုံတုံကတော့ ဘာကိုမှ စိတ်ဝင်စားဟန်မပြပဲ ဖုန်းတစ်လုံးနှင့် facebook သုံးနေ၏။

"လာပါ အားမနာပါနဲ့ . . ဥနဲ့ ထိုင်ပါဆို၊ တစ်ကယ်ပဲ သူ သိပ်စိမ်းတာပဲ"

"နေပါစေ . . တုံတုံ ထိုင်ရတာ ကျပ်သွားပါ့မယ်"

"မကျပ်ပါဘူး၊ ကျပ်တော့လည်း ဘာဖြစ်လဲ၊ ပိုတောင်ကောင်းသေး၊ ခိ . . ခိ . . လာပါ၊ တစ်ခရီးတည်း သွားနေကြတဲ့ မိတ်ဆွေတွေပဲ ကြပ်မှာကြောက်ရင် ဥ ပေါင်ပေါ်မှာထိုင်၊ လေရူးလောက်ကို ဥ ခံနိုင်ရည်ရှိပါတယ်"

ဥ စကားကြောင့် ကားပေါ်မှလူအချို့ ပိုင်းရယ်ကြသည်။





ဒီအခြောက်မနဲ့တော့ ခက်ရချေရဲ့ဟု စိတ်မသက်မသာ ဖြစ်ရသူက လေရူးပင်ဖြစ်သည်။

"ဥ ခံနိုင်ရည်ရှိပေမယ့် ကျွန်တော်က ခံနိုင်ရည်မရှိ အဲ . . မ . . ထိုင်ချင်ဘူးဗျ၊ နေပါစေ ရပါတယ်"

"ကဲ . . ကြည့် လူဆိုး၊ စေတနာကို လက်မခံဘူး၊ ဥက တကယ်ခံနိုင်ပါတယ်ဆိုမှပဲဟာကို . . ဒီလောက်မှ စေတနာကို နားမလည်ပဲနေတော့ . . အဲဒီမှာ တွဲလောင်းပဲနေတော့"

"ဟမ် . ."

"မတ်တတ်ရပ်နေလို့ ပြောတာ . . ဟွန်း"

ဒီအခြောက်မနားနေလျှင် မထိတထိ ပြောခံနေရဦးမည်မို့ တုံတုံ့နား နေချင်ပေမယ့် နေ၍မဖြစ်တော့၍ အနောက်က ခုံဘက်သို့ လျှောက်လာခဲ့လိုက်သည်။

လက်မှနာရီကို ကြည့်လိုက်တော့ ညဉ့်နှစ်နာရီပင် ကျော်နေပြီ။

ပြဿနာတွေ တစ်ခုပြီးတစ်ခု ဖြေရှင်းနေရ၍ လူက အိပ်ငိုက်ဖို့ပင် အချိန်မရတော့။

ဒီတော့ တံခါးပေါက် အတက်အဆင်း ကားကြမ်းခင်းမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၃)

"ဟေ့. . ဟေ့ လူတွေ၊ ဒါ. . ဒါ ဘာလုပ်တာလဲ"

"စကားမများနဲ့၊ ဟော့ဒီမှာတွေ့လား သေနတ်၊ နားထင် မပွင့်ချင်ရင် ကားကို အဲဒီတောလမ်းထဲ မောင်းဝင်လိုက်စမ်း"

ကိုသန်းဝင်း၏ အထိတ်တလန့်အသံနှင့် ဗိုက်ကြီးသည် မိန်းမကြီး၏ ယောကျ်ားအသံကြောင့် သံတိုင်ကိုမှီပြီး ငိုက်မြည်းစပြုနေသော လေပြေ နိုးကြားသော အသိစိတ်ဖြင့် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်သည်။

"အမလေး. . ဓါး. . ဓါးပြတွေ ထင်တယ်"





"ကျွတ်. . ပြဿနာကတော့ တက်ပြီကွာ"

"လုပ်ကြပါဦး ငါတို့ကို ဘယ်ခေါ်သွားကြမလို့တုန်း"

တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေနှင့်အတူ ကားသည် လမ်းမကြီးပေါ်မှ ပြေပြစ်သော လမ်းကျဉ်းတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားရသည်။

အခြေအနေကို သဘောပေါက်လိုက်သော လေပြေမှာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်ပြီး ရှေ့ခန်းဘက်သို့ ဒရောသောပါး လျှောက်သွားလိုက်ပြီး. . .

"ဟေ့လူတွေ ခင်ဗျားတို့ပြောတော့ ကလေးမွေးဖို့ ဗိုက်နာနေတာဆို. . ခု ဘာလုပ်ကြတာလဲ၊ ဒါ ခရီးသွားကားဗျ. . ရွှေချောင်းတွေ သယ်လာတဲ့ကားမဟုတ်ဘူး"

"ဟေ့ကောင်. . မင်း သောက်စကား မများနဲ့၊ ဟောဒီမှာ ဘာ ချိန်ထားလဲ တွေ့တယ်နော်၊ အူမပွင့်သွားချင်ရင် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လေးလိုက်"

ဗိုက်ကြီးသည်၏ မောင်ဖြစ်သူမှာ လက်ထဲမှ ဓါးရှည်ကြီး တရမ်းရမ်းဖြင့် လေပြေ့ကို ခြိမ်းခြောက်သည်။

ဗိုက်ကြီးသည် အမျိုးသမီးမှာ သူ့အင်္ကျီ ပွပွကြီးအောက်မှ ဗိုက်အတုကို ဆွဲဖြုတ်လိုက်ပြီး. . .

"ဒီမှာ ငါက နင်တို့ထင်သလို ဗိုက်ကြီးသည် မဟုတ်ဘူး လောကကြီးမှာ ဉာဏ်ပြေးပြီး လျင်တဲ့သူ အသာစီး ရစတမ်းပဲ၊ ငါတို့ကို သနားပြီး ခေါ်တင်လာတဲ့အတွက် နင်တို့ကံကြမ္မာကို နင်တို့ကိုယ်တိုင် ရွေးလိုက်တာပဲ"

"ဒါဆို ခင်ဗျားတို့ ဓါးပြတွေပဲ"

"ဟုတ်တယ် အရင်ကတော့ ဓါးပြမဟုတ်ဘူး ခုတော့ ဓါးပြ

www.burmeseclassic.com



လို့မှတ်လိုက်၊ ခုချက်ချင်း နင်တို့ရဲ့ လက်ကိုင်ဖုန်းတွေကို ထုတ်လိုက်ကြစမ်း၊ ဖုန်းနဲ့ ဟိုဟိုဒီဒီကို အကြောင်းကြားမယ်ဆိုရင်တော့ ငါတို့လက်ထဲက ဓါးတွေ သေနတ်တွေက နင်တို့ကို လူမသိသူမသိ ကျော်သူခေါ်စရာမလိုဘဲနဲ့ သေရွာကို စရိတ်ငြိမ်း ပို့ပေးလိုက်မယ်၊ ရက်လည်ဆွမ်းတောင် မသွတ်ရဘဲ ဖြစ်သွားမယ်"

ထိုအမျိုးသမီး၏ ခြိမ်းခြောက်သံသည် စိတ်ဓါတ်ပျော့ညံ့သူအတွက်တော့ သွေးပျက်စရာ အလွန်ကောင်း၏။

"အစ်မကြီးရယ် ဥတို့ကို ချမ်းသာပေးပါနော်၊ ခေတ်မကောင်းလို့ အလုဖန်တီးရှင် လုပ်စားနေရပေမယ့် စီးပွားရေးကတော့ ချွတ်ခြုံကျနေတာပါ။ ဒီ. . ဒီပစ္စည်းတွေကလေ. . အ. . အစစ်တော့ မဟုတ်ဘူးရွှေရည်စိမ်တွေလေ ရေထိလို့တော့မရဘူး၊ အစ်မကြီး ယူချင်ရင် ယူလိုက်ပါ"

ဥ သူ့လည်ပင်းမှ ဆွဲကြိုးနှင့် လက်မှဟမ်းချိန်းလက်စွပ်တွေကို ချွတ်ယူဖို့ ပြောနေသည်။

"တော်စမ်း ဘာစကားမှ မများနဲ့ အခြောက်မ၊ ပါးရိုက်လိုက်လို့ ရှေ့ကရုံတွေ အကုန်ပြုတ်ထွက်ကုန်မယ်"

"အုံ. ."

ဥ ဆက်မပြောရဲတော့ ပါးစပ်ကို သူ့လက်ဖြင့်ပိတ်ပြီး ငြိမ်ကျသွားသည်။

တုံတုံ မျက်စိမျက်နှာပျက်ဖြင့် ဥ ကို တံတောင်ဖြင့် မသိမသာလှမ်းတွတ်ပြီး. . .

"ဥ ငါတို့ကို ဂရုစိုက်မိအောင် လုပ်မနေစမ်းပါနဲ့၊ နင့်ကြောင့်ရှိတာလေးတွေ ပါကုန်တော့မှာပဲဟယ်"

တုံတုံ့လေသံက တိုးဖျော့နေသည်။ တုံတုံ လိုက်ကာတွေကို





ငှင့်ချလိုက်သည်။ ဒါ ဘယ်နေရာလဲ၊ မှောင်မည်းတိတ်ဆိတ်ကာ ခြုံတွေတိုသာ မြင်နေရသော ဒီနေရာကို ဘာကြောင့်ခေါ်လာရတာလဲ၊ ဓါးပြတွေဆိုရင်လည်း ပစ္စည်းတွေယူပြီး သူတို့လာရာလမ်းအတိုင်း ပြန်ပေါ့။

ခုချိန်မှာ တုံတုံ အရင်ဆုံးလုပ်ရမှာက တုံတုံ အိတ်ထဲမှာပါသော အိမ်မြေစာချုပ်နှင့် ဂရန်ကို သူတို့လက်ထဲ ပါမသွားဖို့ပဲဖြစ်သည်။

ကားကြီးကတော့ ခြုံနွယ်ပိတ်ပေါင်းတွေကို တိုးဝှေ့ရင်း အမှောင်ထုထဲကို တိုးဝင်နေ၏။

အားလုံး၏ စိတ်လှုပ်ရှားမှု အရှိန်အဟုန်တွေသည် မှောင်မိုက်သော တောကြီးမျက်မည်းတွေနှင့်အတူ အကျည်းတန် ခြောက်ခြားလွန်းနေ၏။

ဒီအချိန်မှာ တုံတုံ ကြောက်ရွံ့ထိတ်လန့်နေ၍ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ကြမ်းတမ်းသော တောလမ်းမို့ ကားက ရှေ့ဆက်သွား၍ မရတော့။

"ဟော့. . ကားပေါ်က အကုန်ဆင်းကြစမ်း၊ ခေါင်းမာနေရင် ဒီမှာ အပြတ်ရှင်းပြီး မြေမြှုပ်ပစ်ခဲ့မှာနော်"

ကျိန်းဝါးနေလိုက်ပုံများ ကြောက်စရာမို့ ကားပေါ်မှ အကုန်ဆင်းကြရသည်။

"ခင်ဗျားတို့ ကျုပ်တို့ကို ဘယ်ခေါ်သွားမလို့လဲ"





လေပြွေရင်ထဲမှ ဒေါသတွေ ထိန်းချုပ်ထားနေရင်းမှ အသံက ဒေါသသံ ပေါက်သွားသည်။

"သေမင်းနိုင်ငံကိုဟော့. . အားလုံး သောက်စကားမများနဲ့ ရှေ့ ...နေ မြန်မြန်လျှောက်"

"အို. . အဟင့်. . ဒီလောက် မှောင်မည်းနေတာ ဥ ဘယ်လို ...လျှောက်မလဲ၊ ဓါတ်မီးလေးတော့ ထိုးပေးသင့်တာပေါ့"

အလင်းရောင်မရှိသော တောကြီးမျက်မည်းထဲမှာ ဥ ပြောသ...ပင် တကယ့်ကို ဘာမှမမြင်ရ။

"အောင်မလေး. . ဘုရား. . ဘုရား၊ ငါတို့ကို ဘယ်ခေါ်သွား...လို့တုန်း၊ ယူစရာရှိလည်း ယူကြလေ၊ လူတွေကို ဆက်ပြီးဒုက္ခမပေး...နဲ့ ရှိကြီးခိုးပါရဲ့တော်၊ ဟဲ့. . ဟဲ့. . ပလုတ်တုတ် ငါ့ထမီစကို ဘယ်...ဆွဲထားတာတုန်း. . ဒီမှာ ကျွတ်တော့မယ်"

ငါးကျပ်သား ရွှေဆွဲကြိုးပိုင်ရှင်မိန်းမကြီး၏ အသံမှာအမှောင်...ထဲတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟဲ့. . ရှေ့က မြန်မြန်လျှောက်ပါ၊ အားလုံးတိုက်မိကုန်ပြီ"

"မင်းအမေကလွှား၊ ဒါ ရန်ကုန်မြို့လယ်က ဆူးလေဘုရားလမ်း...ဘူး၊ ဘာမှမမြင်ရတဲ့ကြားထဲ လူကို အမြန်လျှောက်ခိုင်းနေတယ်... ...နိုင်ရင် ငါ့ခေါင်းပေါ်ကသာ တက်ခွသွားတော့"

အမှောင်ထဲမှာ ခြိုတိုးရင်း အားလုံးဝရုန်းသုန်းကား...ဖြစ်... ...သောက်တစ်ပေါက် ဆူညံပွက်လောရိုက်နေကြသည်။

"ဒီမှာ အဒေါ်ကြီးထမီစက သစ်ကိုင်းနဲ့ ငြိနေတာ၊ အဒေါ်ကြီး ...ကို ဘယ်သူမှ ဆွဲမချွတ်ဘူး၊ တောထဲမှာ ပေါက်ကရ... ...နေနဲ့၊ တောကောင်တွေလာဆွဲရင် အစတောင်... ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောဘဲ ခပ်အေးအေးလိုက်လာသော ဒရိုင်ဘာ ကို သန်းဝင်းက သူ့မှာပါလာသော ဓါတ်မီးဖြင့် သစ်ကိုင်းနှင့် ညိနေသော ထမီစကို ဆွဲဖြုတ်ပေးရသည်။

လေပြေ ကိုသန်းဝင်းအနားသို့ တိုးလျှောက်လာပြီး. . .

"ကိုသန်းဝင်း ဘယ်လိုလုပ်ကြမလဲ"

"ခုအခြေအနေမှာ ဘာလုပ်လို့ရဦးမှာလဲ၊ ရှိသမျှဖုန်းတွေလည်း သူတို့ဆီမှာ ရောက်နေပြီ၊ ခုလောလောဆယ်တော့ မနက်မိုးလင်းတဲ့အ ထိ အခြေအနေကို စောင့်ကြည့်ရဦးမှာပဲ"

"မဟုတ်ဘူး၊ ကျွန်တော့်မှာ ဖုန်းတစ်လုံး ကျန်သေးတယ်"

လေသံမျှသောအသံဖြင့် ကိုသန်းဝင်းကို ပြောလိုက်သည်။

"ဟေ. . ဟုတ်လား၊ ဒါဆိုရင် ငါတို့အတွက် အကူအညီ ရနိုင် တယ်"

BURMESE CLASSIC

ကိုသန်းဝင်း၏အသံမှာ မျှော်လင့်ချက်တို့ဖြင့် အနည်းငယ်တက် ကြွသွားသည်။

"ရှူး. . တိုးတိုးပြော၊ ဒီကောင်တွေ ကျွန်တော့်ဆီမှာ ဖုန်းရှိ သေးတာကို သိလို့မဖြစ်ဘူး"

"အေးပါ. . ငါ သဘောပေါက်တယ်၊ ခုနေတော့ အရမ်းမှောင် နေလို့ ငါတို့ဘာမှ လှုပ်ရှားလို့ရမှာ မဟုတ်သေးဘူး"

"အ. . အား ကျွတ်. . ကျွတ်"

"အမလေး. . တုံတုံလေး ချော်လဲပြီ. . ချော်လဲပြီ"

အမှောင်ထဲမှာ အထိတ်တလန့်ထွက်လာသော ဥအသံကြောင့် လေပြေ ကိုသန်းဝင်းနှင့် တီးတိုးတိုင်ပင်နေရာမှ တုံတုံရှိရာဘက်သို့ ခတ်သွက်သွက် လျှောက်သွားလိုက်သည်။

"တုံတုံ. . ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"





ကိုသန်းဝင်း ဓါတ်မီးဖြင့် လှမ်းထိုးပေးနေ၍ အမှောင်ထဲမှာ တုံတုံကို သဲကွဲစွာ မြင်လိုက်သည်။

တုံတုံ ချော်လဲခြင်း ဖြစ်သည်။ စီးလာသော ခုံထူဖိနပ်နှင့် ချုံ နွယ်ပိတ်ပေါင်းထူပြီး ကြမ်းတမ်းသောတောလမ်းနှင့် အဆင်ချော အောင် လျှောက်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူ. . .

"တုံလေး ချော်လဲတာလေရှူးရဲ့ ဒုက္ခပါပဲ ဒီဖိနပ်အမြင့်ကြီးနဲ့ ရှေ့ဆက် ဘယ်လိုသွားမလဲ၊ အောင်မလေး. . ဥတော့ သေဘာသေ လိုက်ချင်တော့တာပဲ"

တုံတုံ၏ နာကျင်ရှုံ့မဲ့နေသော မျက်နှာကိုကြည့်ပြီး ဥ စိတ်မ သက်မသာဖြင့် ညည်းတွားလိုက်သည်။

"ဟေ့. . ဟိုကောင်မတွေ အချိန်ဆွဲမနေနဲ့၊ မြန်မြန်လျှောက် ကြစမ်း"

လူဆိုးမ၏ ရင့်သီးသောစကားကြောင့် လေပြေ တုံတုံကို တွဲထူ ရင်း တက်တစ်ချက် ခေါက်လိုက်သည်။

သူတို့မှာ လက်နက်တွေသာ မပါလျှင် လေပြေ သူသေကိုယ် သေ ပြန်လည်တိုက်ခိုက်မိမလားပင်. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

"**အား**. . ကျွတ်. . ကျွတ်. . ကျွတ်"

ပင်ပန်းနွမ်းနယ်မှုဒဏ်နှင့် ခြေခေါက်လဲထား၍ နာကျင်ရသော ဝေဒနာကြောင့် တုံတုံ လှုပ်ပင်မလှုပ်ချင်တော့. . .။

"တုံတုံ အဲဒီဖိနပ်ကြီးက အဆင်မပြေဘူးဆိုရင်. . ကျွန်တော့် ဖိနပ် စီးပါလား. . ရော့"

လေပြေ သူ့ကွင်းစွပ်ဖိနပ်ကြီးကို တုံတုံရှေ့သို့ ချွတ်ပေးလိုက်သည်။

"အို. . ရတယ် မလိုပါဘူး၊ ရှင့်ဖိနပ်က အကြီးကြီး စီးလို့လည်း





အဆင်ပြေမှာမှ မဟုတ်တာ"

"မပြေပေမယ့်လည်း ဖိနပ်အထူကြီးထက်စာရင်တော့ လမ်းလျှောက်ရတာ နည်းနည်းတော့ သက်တောင့်သက်သာ ရှိမှာပါ"

"ဟုတ်ပါတယ် တုံလေးရယ်၊ သူ့ဖိနပ်ကို ယူစီးလိုက်ပါနော်၊ နို့မို့ဆို ဒီခွက်စောင်းခုတ်တွေက ဘယ်အထိခေါ်သွားမှန်း သိတာမဟုတ်ဘူး၊ ဘယ်လိုဆက်သွားမလဲ"

ဦးကပါ လေပြေ့ဘက်မှ ဝင်ကူပြီး ပြောပေး၏။

တုံတုံ ခေါင်းမာစွာဖြင့်. . .

"ဟင့်အင်း မစီးချင်ဘူး၊ ရတယ်. . တုံတုံ လျှောက်နိုင်ပါသေးတယ်"

"ဒီကညီမ ခေါင်းမူးနေလို့လား၊ ရှူဆေးပါတယ် ယူမလား"

အောင်နိုင် သူ့ကျောပိုးအိတ်ထဲမှ ရှူဆေးတောင့် ထုတ်ပေး၏။

ဦး လှမ်းယူလိုက်ပြီး. . .

"ရော့. . ရှူလိုက်နော် တုံလေး၊ ပေး. . ပေး. . နင့်စလင်းဘက်အိတ်ကို ငါလွယ်ပေးထားမယ်"

"ဟင့်အင်း ရပါတယ်၊ တုံတုံပဲ လွယ်ထားပါ့မယ်"

"အို. . တုံတုံရယ်၊ ဦးစွာခြောက်မနေပါနဲ့ ပေးပါ"

ဦး စေတနာပိုစွာဖြင့် တုံတုံ့ပုခုံးမှာလွယ်ထားသော စလင်းဘက်အိတ်ကို ဆွဲဖြုတ်၏။

"နေပါစေ ဦးရယ်၊ နင်က နမော်နမဲ့နိုင်လွန်းလို့ တုံ့ဘာသာတုံ့ပဲ လွယ်ထားပါ့မယ်၊ ဒီအိတ်ကလေး လွယ်ရုံနဲ့ ဘာမှအပန်းမကြီးပါဘူး"

"အင်းလေ လွယ်နိုင်ရင်လည်း ပြီးတာပဲ၊ ဒီက တုံလေး [illegible]မှာစိုးလို့ လွယ်ပေးချင်ရုံသက်သက်ပါ"

ပြောမရသည့်အဆုံး ဦး လက်လျှော့သည့်ဟန်ဖြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့လက်ထဲမှ ရှုဆေးကို သူ့ဘာသာ သူပြန်၍ ရှုလိုက်သည်။

အောင်နိုင့်အကြည့်တွေက ဥနှင့်တုံတုံကို အကဲခတ်နေသည်

ဒီအိတ်ထဲမှာ ဘာတွေအဖိုးတန်တာ ပါသလဲပေါ့။

တုံတုံ ရှုဆေးပေးဖော်ရသော အောင်နိုင့်ကို ကျေးဇူးတ

သောအကြည့်ဖြင့် မော့ကြည့်လိုက်သည်။

အောင်နိုင် ခပ်ယဲ့ယဲ့ ပြန်ပြုံးပြသည်။

အရုဏ်ဦးအလင်းသည် တဖြည်းဖြည်း ဖြန့်ကျက်လင်းထ

လာ၏။

ညဥ့်တစ်ဝက်လောက် တောတိုးနေရ၍ အားလုံး၏ အား

တွေသည် ချိနဲ့၍နေ၏။







# အခန်း (၁၆)

မှိုင်းညို့ညို့ အရုဏ်ဦးအလင်းရောင်သည် တောအုပ်တခွင်ကို ထင်ထင်ရှားရှား အလင်းပေးလာသည်။ ဆီးနှင်းတို့သည် တဖျောက်ဖျောက်ကြွေလျက် မိုးရွာချသည့်နှယ် သစ်ပင်ချုံနွယ်တို့မှာ ရိုလဲ့တောက်ပ၍ နေသည်။

"ဒါ. . ဒါ. . ဘယ်နေရာလဲ၊ အောင်မလေး. . ပတ်ပတ်လည်မှာလဲ တောင်တွေက အုံ့ဆိုင်းနေတာပဲ၊ ကြီးကြီး သမီး ဗိုက်ဆာသာပြီ"

ပေါက်တောဆင်းတုန်းက တုံတုံကို အဖော်လိုက်ပေးသော တောင်မလေးမှာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း ဗိုက်ဆာလာကြောင်း

www.burmeseclassic.com



မဆီမဆိုင် ညည်းတွားတော့၏။

"အေး. . ဗိုက်ဆာရင်လည်း တွေ့တဲ့သစ်ရွက်သာ ခူးပြီး စား
ပေတော့၊ မုန့်ထုပ်တွေပါတဲ့ခြင်းက ကားပေါ်မှာ ကျန်ခဲ့ပြီလေ၊ ဘာမှ
မတတ်နိုင်တော့ဘူး"

"အဟင့်. . သမီးတို့တော့ ဒီတောထဲမှာပဲ သေရတော့မယ်
ထင်ပါရဲ့ ကြီးကြီးရယ်၊ အဖေနဲ့ အမေ့ကို သတိရလိုက်တာ"

ပြောရင်းဖြင့် ကောင်မလေး တရှုံ့ရှုံ့ ငို၏။

အားလုံးလည်း သောကတွေ ကိုယ်စီမို့ ကောင်မလေးကို နှစ်
သိမ့်အားပေးဖို့ ဘယ်သူမှ မစွမ်းနိုင်ကြ။

"ကဲဟေ့. . ရှေ့မှာ ခင်ဗျားတို့နေရမယ့် ဗိဗ္ဗာန်ကြီးပဲ၊ အဲဒီကျမှ
ခင်ဗျားတို့ စိတ်အေးလက်အေး အနားယူတော့. . ဟုတ်ပြီလား"

လူဆိုးအဖွဲ့ထဲမှ ဗိုက်ကြီးသည်၏ ယောက်ျားလုပ်သူ စကား
ကြောင့် ရှေ့မှာမြင်ရသော တဲတန်းလေးကို အားကိုးတကြီး မျှော်ကြည့်
လိုက်ကြသည်။

"အဲ. . အဲဒီနေရာရောက်ရင် အဒေါ်တို့ကို တစ်ခုခု ကျွေးပါ
လား တူကြီးတို့ရယ်၊ အဒေါ်တို့ ဗိုက်ဆာလွန်းလို့ပါကွယ်"

ရွှေငါးကျပ်သား အဒေါ်ကြီးမှာ သူ့ကို သနားလို သနားငြား
အသနားခံ တောင်းစားကြည့်သည်။ တညလုံး တောတိုးထားရ၍ ခြေ
လှမ်းတွေက ရှေ့ဆက်လျှောက်ဖို့ပင် အင်အားသိပ်မရှိချင်တော့။

"သြော်. . အနိစ္စ၊ ဒုက္ခ၊ အနတ္တ. . လူလူချင်း ဘာကြောင့်
မေတ္တာတရားတွေ ကင်းမဲ့ကြပါလိမ့်"

ဘုရားလူကြီး စိတ်မသက်မသာ ညည်းတွားရင်း လက်အုပ်ချီ
ကာ တောစောင့်နတ်တောင်စောင့်နတ်တွေကို ခပ်တိုးတိုး မေတ္တာပို့
လိုက်၏။







ကျန်တဲ့ခရီးသည်တွေလည်း သောကကိုယ်စီ၊ နွမ်းနယ်မှုကိုယ်
စီဖြင့် ခပ်လှမ်းလှမ်းမှ မြင်နေရသော တဲတန်းလေးဆီကို အားကိုးရာ
တစ်ခု တွေ့သည့်အလား ဇောနှင့် အားတင်း၍ လျှောက်နေကြရ၏။

"ဝေး. . ရောက်လာကြပြီလား"

ကရင်ဝတ်စုံဝတ် လူကြီးတစ်ယောက် တောင်ကုန်းဘက်မှ
လျှောက်လာပြီး လူဆိုးသုံးကောင်ကို လှမ်းမေး၏။

"ရောက်လာပြီ သူတို့အားလုံးကို တဲထဲမှာ ကြိုးတုတ်ထားလိုက်"

"ကောင်းပါပြီ၊ ဝေး. . လာကြဟေ့၊ ဒီမှာ ပေါ်တာဆွဲခံရမဲ့
သူတွေ အများကြီးဟ. . လာကြ"

ကရင်ကြီး တဲတန်းဖက်ဆီသို့ အသံခပ်ဝဲဝဲဖြင့် [illegible] အသံ

www.burmeseclassic.com



ပေးလိုက်သည်။ တဲတန်းဘက်မှ လက်နက်ကိုင်ထားသော လူတစ်စု ပြေးလာကြသည်။

လေပြေနှင့် ကိုသန်းဝင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အချက်ပြသည့်အနေဖြင့် ချုံကွယ်တစ်ခုထဲသို့ လှစ်ခနဲ တိုး ဝင်လိုက်ကြသည်။

လေပြေနှင့် ကိုသန်းဝင်း၏ လှုပ်ရှားမှုကို တံတုံ မြင်လိုက်သေ မယ့် တမင်ပင် မမြင်ချင်ဟန်ဆောင်ကာ ရှေ့သို့ ထော့နင်းထော့နင်းဖြင့် ဆက်လျှောက်သွား၏။

သူတို့နှစ်ယောက် ကိုယ်လွတ်ရုန်းမှာ မဟုတ်ဘူးဆိုတာ တံတုံ သိနေ၏။

ထိုအကြောင်းကို ဥက္ကိုပင် ပြောပြမနေတော့. . .။

စကားကို ဘောင်လွတ်ပြောပြီး အမြဲတမ်း ပေါ့ပျက်ပျက်နိုင် သော ဥသည်. . ဒီခရီးစဉ်မှာ အဖော်အဖြစ် ခေါ်လာရုံ သက်သက်မှ အားကိုးအားထားပြုရမည့်သူ မဟုတ်ဘူးဆိုတာ တံတုံ အစောကြီးက တည်းက ကြိုတွေးထားမိနေခဲ့သည်ပဲ။

ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့အတွက် တံတုံ့စိတ် တွေ တင်းထားမှဖြစ်မည်။







# အခန်း (၁၇)

"ကဲဟေ့. . အားလုံး ဒီတဲထဲမှာ စုနေကြ၊ တစ်ယောက်မှ ထွက်ပြေးဖို့ မကြိုးစားနဲ့၊ ထွက်ပြေးတာနဲ့ ဟောဒီသေနတ်စာကို မြိန်မြိန် ယှက်ရေ ကျွေးပစ်မယ်"

"ကိုချက်. . ကြိုးတုတ် မထားဘူးလား"

"တုတ်မယ်လေ. . မတုတ်လို့မရဘူး၊ ဖထီး ကြိုးခွေတွေ သွား ယူနေတယ်၊ ဒါနဲ့ ကားပေါ်ကပစ္စည်းတွေ သယ်လာမယ့်အဖွဲ့ ခုထိ သတင်းမပို့သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပို့တယ်၊ ငါတို့လိုချင်တဲ့ ပစ်မှတ်က အဲဒီမှာမရှိဘူး"

"ဒါဆို ဒီမှာပဲပေါ့ . . ဟား . . ဟား . . ဟား၊ အားလုံးရဲ့ တံ ကြမ္မာက ငါ့လက်ခုပ်ထဲ ရောက်နေမှတော့ ဒီတစ်ခါမှ သူဌေးမဖြစ်ရင် နောက် ဘယ်တော့မှမဖြစ်တော့ဘူးကွ . . ဟား . . ဟား . . ဟား"

ထိုစဉ် တဲထဲသို့ ဖထီးဆိုသောကရင်ကြီး ကြိုးခွေကိုင်ကာ ဝင်လာသည်။

"ကဲ ဖထီး . . အားလုံးကို ကြိုးတုပ်ထားလိုက်"

"နေ . . နေပါဦးကွယ်၊ ကြိုးမတုပ်ခင် ဦးလေးတို့ကို ကော်ဖီ လေး တစ်ခွက်လောက်ဖြစ်ဖြစ် တိုက်ပါလား၊ ဗိုက်တွေ အရမ်းဆာနေ လို့ပါကွယ်"

ဘုရားလူကြီး စကားကြောင့် လူဆိုးခေါင်းဆောင် ဟက်ဟက် ပက်ပက်ရယ်လိုက်ပြီး

"ဒီနေရာကို ပျော်ပွဲစား ထွက်လာတယ်များ ထင်နေလား . . ဟမ်၊ ကျုပ်တို့က ခင်ဗျားသမီးရဲ့ လင်တွေမဟုတ်ဘူး၊ ဓါးပြတိုက် ပြ ပေးဆွဲ လာပါတယ်ဆိုမှ ကော်ဖီလာတိုက်ခိုင်းနေတယ်၊ သောက်ချင်ရ နောက်ဘဝကျမှပဲ အဝသောက်၊ ခုတော့ အငတ်ခံလိုက်ကြဦး"

ရက်စက်ပြတ်သားလွန်းသော စကားကြောင့် အားလုံး၏ မျက် နှာပေါ်မှာ မျှော်လင့်ချက်တွေ မဲ့ကုန်ကြသည်။

"ကဲဟေ့ . . ဒီထဲက မိန်းမငယ်ငယ်လေးတွေကို ခွဲထုတ် သပ်သပ်ချုပ်ထားစမ်း"

ခေါင်းဆောင်၏စကားကြောင့် လက်နက်ကိုင်ထားသော ချ ခပ်ဆိုးဆိုးလူတစ်ယောက် တဲထဲဝင်လာပြီး တုံတုံအပါအဝင် အမျိုးသ ခုနစ်ယောက်ကို တဲအပြင်သို့ ဒရွတ်တိုက်မတတ် ဆွဲခေါ်လာ၏။

"အောင်မလေး မလုပ်ကြပါနဲ့၊ ငါ့သမီးလေးကို ခေါ်မသွားပါ





"အမေ . . အမေ . . သမီးကို ကယ်ပါဦး၊ ဟင့်အင်း မလိုက်ဘူး . . လွှတ် . . လွှတ်"

"တီလေး . . လုပ်ပါဦး တီလေးရယ်"

"လူကိုတော့ ဘာမှ မလုပ်ပါနဲ့ အစ်ကိုကြီးတို့ရယ်၊ ပစ္စည်းတွေ ကိုတော့ ကြိုက်သလောက် ယူပါ၊ ပြန်မပေးလဲ ရပါတယ်"

"အို . . တုံ . . တုံလေး၊ ဟဲ့ ဥကိုပါ ခေါ်ကြပါ၊ ဥလဲ မိန်းကလေး တွေ၊ ဥလည်း သူတို့နဲ့ လိုက်မယ်"

တုံတုံတစ်ယောက်ထဲ အပါမခံနိုင်၍ ဥ တုံတုံနောက်ကို အား ဖားယား ပြေးလိုက်တော့၏။

တခဏတွင်းမှာပင် အော်သံဟစ်သံ ကြိမ်းမောင်းသံ၊ ငိုယိုသံ တွေဖြင့် ပွက်လောရိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

"ကဲ. . အားလုံးပဲ ခင်ဗျားတို့ကိုယ်ပေါ်က ရွှေတွေချွတ်စမ်း အားလုံးပဲ ကိုယ့်မှာပါလာသမျှပစ္စည်းတွေ အရှေ့မှာ လာပုံကြ"

"အ. . . အဒေါ်တို့မှာ ဘာမှမပါပါဘူးကွယ်၊ ပိုက်ဆံအိတ် တောင် ကားပေါ်မှာကျန်ခဲ့လို့ ဒီအတိုင်း လက်ဗလာနဲ့ လာရတာပါ"

"တော်. . တိတ်. . ခင်ဗျားကြီး လည်ပင်းမှာ. . ရွှေဆွဲကြိုး ခါး ကျပ်သားရှိတယ်လို့ သတင်းရပြီးသား"

လူဆိုးခေါင်းဆောင်၏စကားကြောင့် အားလုံး၏ မျက်နှာမှာ





အုံ့ညြရိပ်တွေ ဖျတ်ခနဲ ဝင်လာကြသည်။

"ဟင်. . ခင်. . ခင်ဗျားတို့ ဘယ်လိုသိလဲ၊ ဒါဆို ခင်ဗျားတို့ကို သတင်းပေးနေတဲ့ သူလျှိုက ကျွန်တော်တို့ကားထဲမှာ ကြိုရှိနေအောင်ပေါ့ ဟုတ်လား"

ဥပဒေကျောင်းသား၏ အမေးကြောင့် ခရီးသည်တွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

"ဟင်. . ဒါ. . ဒါဆို သူတို့ကြိုပြီး အကွက်ချထားကြတာပေါ့ အဲ. . နေဦး၊ ဟို ကားဒရိုင်ဘာနဲ့ စပယ်ယာကောင်ကို မတွေ့တော့ဘူး သူ. . သူတို့လား၊ သူတို့နဲ့ မင်းတို့နဲ့ ပူးပေါင်းပြီး ခရီးသည်တွေကို ပြန် ပေးဆွဲတာပေါ့. . ဟုတ်လား"

ဆီစက်ပိုင်ရှင် လူကြီး၏အမေးကြောင့် လူဆိုးခေါင်းဆောင်နှင့် လူဆိုးမ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အင်း. . ဟုတ်ပါရဲ့၊ လူတွေက များနေတော့ အဲဒီနှစ်ကောင် ကို သတိမထားမိလိုက်ဘူး"

"နင်တို့ စခေါ်လာကတည်းက လူအရေအတွက် သတ်မှတ်ခဲ့ ရမှာလေ"

"အို. . မှောင်နေတော့ ဘယ်လိုလုပ် အတိအကျ ရမှာလဲလို့"

သူတို့အချင်းချင်း အငြင်းတွေပွား အပြစ်တွေတင်ကုန်ကြ သည်။

"ဟ. . . အတိအကျ မသိလို့ မရဘူးလေ၊ သူတို့အားလုံးကို တောထဲခေါ်လာပြီး ပြန်ပေးဆွဲပါတယ်ဆိုမှ နှစ်ကောင်က ပျောက်သွား ခဲ့တော့ နင့်အမေကလွှား ငါတို့ ကိုယ့်လည်ပင်းကိုယ် ကြိုးတွင်းမှာ ထည့် တော့ဘူးလားဟ"

"ဟင်. . ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ သူတို့ကို ပြန်ရှာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရှာလို့ရမလား၊ သူတို့ ခုလောက်ဆို ကားဆီကို ပြန်သွားတာဖြစ်မယ်၊ ဒီကလူတွေ အချိန်မီ လိုက်မှပေါ့"

"မပူပါနဲ့ ကားဆီကို ပြန်သွားတော့လည်း သူတို့ကားကို မောင်းလို့မှ မရတာ၊ ကားသော့က ကျုပ်တို့ လက်ထဲမှာလေ"

"ဘာပဲဖြစ်ဖြစ် ဒီကောင်တွေကိုရှာပြီး ပြန်ဖမ်းလာခဲ့၊ သူတို့လွတ်သွားရင် ငါတို့ တစ်ဖွဲ့လုံးမလွယ်ဘူး၊ ရည်ရွယ်ချက်တွေ ပျက်ကုန်မယ်"

"ဒါဆို ဖထီးတို့အဖွဲ့ကို လူစုခွဲ ရှာခိုင်းလိုက်ရမလား"

"သူတို့ကို မရှာခိုင်းလို့ နင်ကိုယ်တိုင် သွားရှာမလို့လား . . ဟမ် ငါ ပြောလိုက်ရ မကောင်းရှိတော့မယ်၊ ခါးပြလည်း လုပ်စားချင်တယ် ခါးပြပါးကျတော့ မဝဘူး၊ သွား . . ဖထီးတို့အဖွဲ့ထဲက တောကျွမ်းတဲ့ ကောင်နှစ်ကောင်လွှတ်ပြီး ရှာခိုင်းလိုက်"

"အင်းပါ . . ခုပဲ သွားပြောလိုက်မယ်"

လူဆိုးမိန်းမ တဲထဲမှထွက်သွားတော့မှ လူဆိုးခေါင်းဆောင် ခရီးသည်တွေဘက် ပြန်လှည့်ကာ . . .

"ကဲ . . ချွတ်ကြလေ၊ ခင်ဗျားတို့ဆီမှာ ဘာတွေပါလာလဲဆိုတာ ကျုပ်သိတယ်၊ ဒီတော့ အသားမနာချင်ရင် ပစ္စည်းတွေ ရှေ့ကိုလာပုံကြ တစ်ကနေ တစ်ဆယ်ထိ ရေလို့မှ ထမလာကြဘူးဆိုရင် ကျုပ်လက်ထဲက သေနတ်နဲ့ တစ်ယောက်ချင်း သတ်ပစ်မယ်"

"မ . . မလုပ်ပါနဲ့ အစ်ကိုကြီးရယ်၊ ပါသမျှ အကုန်ပေးပါ့မယ် အသက်ကိုတော့ ချမ်းသာပေးပါ"

ခရီးသည်ထဲမှ အမျိုးသမီးကြီးတစ်ယောက် အရင်ဆုံး ထလာပြီး သူ့နားမှ နားကပ်ကိုချွတ်ကာ လူဆိုးခေါင်းဆောင်ရှေ့မှာ လာချသည်။





"ဒီနားကပ် တစ်ရံထဲလား"

"ဟုတ် . . နာ . . နာရီလည်း ပါပါတယ်၊ ကျွန်မမှာပါတာ ဒါ အကုန်ပါပဲ . . မယုံရင် ရှာကြည့်ပါရှင်"

ကျွန်တဲ့လူတွေပါ သူတို့မှာ ပါလာသမျှတွေကို လူဆိုးခေါင်းဆောင်ရှေ့ လာပုံပေးရ၏။

ဥပဒေကျောင်းသားတစ်ယောက်ထဲ ပေကပ်ကပ်လုပ်နေ၏။

"ဟေ့ကောင် မင်းက ဘာလုပ်နေတာလဲ၊ ထုတ်လေ . . ပေကပ်ကပ် လုပ်မနေနဲ့"

"ကျွန်တော့်မှာ ဘာမှမပါဘူး"

"ဘာ . . . သောက်ပိုမပြောနဲ့ဟေ့ကောင်၊ မင်း ကားပေါ်မှာ ကြွားစိန်လုပ်ထားတာ ငါ မသိဘူးများ မှတ်နေလား၊ ကားထဲမှာ ငါတို့လူ ပါပြီးသားကွ၊ ဘယ်သူ့မှာ အထုပ်ရှိတယ်၊ ဘယ်သူ့မှာ မရှိဘူးဆိုတာ ငါ သတင်းကြိုရပြီးသား၊ မင်းက ဥပဒေကျောင်းသား"

"ဟာ . . . အဲဒါအမှန်မဟုတ်ဘူး၊ ကျွန်တော် လူရှိန်အောင် လျှောက်ပြောနေတာ၊ တကယ်ဆို ကျွန်တော် ဘာကောင်မှ မဟုတ်ဘူး"

"ဟာ . . ကဲကွာ၊ အပိုစကားတွေပြောဦး၊ မင်းဘာကောင်လဲ ဆိုတာ ငါတို့သိတယ်"

"အား . . နာတယ်ဗျ . . ဖြည်းဖြည်းလုပ်ပါ"

သေနတ်ဒင်နှင့် အထုခံရ၍ ဥပဒေကျောင်းသား သည်းမခံနိုင်ဘဲ အော်ပစ်လိုက်သည်။

"ဟေ့ကောင် ငါတို့က ခါးပြ . . မင်းပထွေး မဟုတ်ဘူး တဲ အချိန်ကြာတယ်ကွာ၊ ထုတ် . . ဘယ်မှာလဲ၊ သိန်းငါးဆယ်တန် စိန်လက်စွပ်နဲ့ ဆယ်သိန်းကျော်တန်နာရီ"

"မရှိတော့ဘူး၊ အဲဒါတွေက အတုတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကဲကွာ. ."

"ခွပ်. ."

"အ. ."

"အမလေး ဖြည်းဖြည်းလုပ်ကြပါကွယ် လက်မပါကြပါနဲ့၊ ကဲပါ ငါ့တူရယ်၊ ပေး. . ပေးလိုက်ပါနော်"

"ဒါဆို အဒေါ်ကြီးလည်း ငါးကျပ်သား ရွှေဆွဲကြိုး ပေးလိုက်ပါလားလို့၊ ဒါ. . ကျွန်တော့်ဒယ်ဒီ မွေးနေ့လက်ဆောင်ပေးထားတဲ့ ဟာတွေဗျ၊ ကျွန်တော့်အသက်ထက်တောင် တန်ဖိုးရှိတယ်"

"အေး. . ဒါဆိုလည်း ပြီးရော၊ မင်းအသက်ထက် တန်ဖိုးရှိတယ်ဆိုရင် မင်းကို အရင်သတ်ပြီးမှပဲ ယူတာပေါ့ကွာ၊ ဒါမှ မင်းကိုကြည့်ပြီး အားလုံး သင်ခန်းစာပေးလို့ရမှာ၊ ဒီတော့ မင်းက အရင်ဆုံး လောကကြီးထဲက ထွက်သွားပေးလိုက်ပေါ့ကွာ"

လူဆိုးခေါင်းဆောင် သေနတ်နှင့် ဥပဒေကျောင်းသား၏ နဖူးတည့်တည့်ကို ချိန်လိုက်သည်။

ဥပဒေကျောင်းသား မျက်လုံးကို စုံမှိတ်ပြီး အသေခံမည့်ပုံစံဖြင့် ငြိမ်နေ၏။

"အောင်မလေး သွေးသံရဲရဲတွေ မကြည့်ပါရစေနဲ့၊ ရော့. . ရော့. . ဒီမှာ ကျပ်ဆီက ရွှေငါးကျပ်သား ဆွဲကြိုးကို ယူပါတော်. . ယူပါ၊ ကျုပ်ရှေ့မှာ လူသတ်ပွဲတော့ မလုပ်ပါနဲ့"

အဒေါ်ကြီးမှာ သူ့လည်ပင်းမှ ရွှေဆွဲကြိုးကို ချွတ်၍ လူဆိုးခေါင်းဆောင်ရှေ့သို့ ချပေး၏။ ဘေးမှလူတွေလည်း မနေသာတော့. .။

"ကဲပါ. . ကျွန်မတို့လည်း ပါသမျှ ချွတ်ပေးပါ့မယ်ရှင် လူတော့ မသတ်ပါနဲ့၊ ငါ့တူလေး ခေါင်းမမာပါနဲ့ကွယ် ပေးလိုက်ပါ။ သူတို့နဲ့ထိုက်ရင် သူတို့ရမှာ. . သူတို့နဲ့မထိုက်ရင် ဒီပစ္စည်းတွေက သူတို့ဆီကနေ





[...]ဆီကို ပြန်ရောက်လာမှာပါ"

ဘေးမှ အမျိုးသမီးက တရားချဖြောင်းဖျသည်။ ဥပဒေကျောင်း[...]သားမှာ တော်တော်လေး ခံရခက်ပုံဖြင့် နှုတ်ခမ်းကို ပြတ်လုမတတ် [...]ကိုက်ပြီး လက်စွပ်နှင့် နာရီကို ခက်ဆောင့်ဆောင့် ချွတ်ပေးလိုက်သည်။

"ဟော့ကောင် ဆွဲကြိုးနဲ့ ဟမ်းချိန်းရော. . ချွတ်"

ဆွဲကြိုးကို သေနတ်ပြောင်းဝနှင့်တော့ကာ ချွတ်ခိုင်းနေသဖြင့် [...]နောက်ဆုံး အကုန်ချွတ်ပေးလိုက်ရတော့၏။

"ဟွန်း. . အတွင်းခံ ဘောင်းဘီပါ၊ တန်ဖိုးရှိတယ်ဆိုရင် ချွတ်[...]ခိုင်းမလား မသိဘူး. . ခွီးထဲမှပဲ"

"ဟော့ကောင် ဘာစကားပြောတာလဲ"

လူဆိုးခေါင်းဆောင် ကြားသွားဟန်ဖြင့် စွာကျယ်ကျယ်မေး[...]သည်။

"ဘာမှမဟုတ်ဘူး၊ အတွင်းခံဘောင်းဘီမပါလို့. . ပါရင် ချွတ်[...]ပေးတယ်လို့ ပြောတာ"

"တော်. . တိတ် မရွဲ့နဲ့နော်၊ မင်းထက် ငါ ရွဲ့လိုက်ရင် လန်[...]ထွက်တီနဲ့ နေသွားရမယ် ဘာမှတ်လဲ၊ ဟွန်း. . ငါ့မိန်းမအတွက် အမြင်မ[...]တော်မှာ စိုးလို့"

ဒီတစ်ခါ ဥပဒေကျောင်းသား ဘာစကားမှ ထပ်မဟရဲတော့[...]တယ်ချွတ်ခိုင်းနေလျှင် အဲဒီဒုက္ခက ဘာဒုက္ခနှင့်မှ တူမှာမဟုတ်၊





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

"အမလေး . . မလုပ်ပါနဲ့ . . မလုပ်ပါနဲ့နော်၊ အဲဒီအိတ်ထဲ မှာ ဘာမှမရှိပါဘူး"

တုံတုံ့လက်ထဲမှ လုနေသော စလင်းဘက်အိတ်ကြောင့် . . မျက်ကလူးဆန်ပြာဖြင့် တားမြစ်သည်။ ဉ ကတားလေ အထဲမှာ သူတို့ ချင်သော အိမ်ခြံမြေပိုင်ဆိုင်မှုဂရန် ရှိနေပြီဆိုတာ သေချာနေပြီမို့ လူဆိုး ခေါင်းဆောင် ပို၍ လောဘတက်သွားသည်။

"နင် အသားနာချင်လို့လား အခြောက်မ"

"အသားကို နာအောင်လုပ်ပါ၊ အဲဒီအိတ်ကိုတော့ မယူပါနဲ့"





လူဆိုးလက်ထဲ ရောက်လုရောက်ခင်ဖြစ်နေသော အိတ်ကို . . ဉ ပြန်လုနေသည်မို့ လူဆိုး၏ မျက်နှာပေါ်မှာ လောဘအငွင် ဒေါသပါ ရောထွေးသွားသည်။

"ဟာ . . ကဲကွာ"

"ဒုတ် . ."

"အောင်မလေးတော့ တကယ်ဆော်တယ် . . အီး . . ဟီး"

သေနတ်ဒင်နှင့် အထုခံလိုက်ရသည်မို့ အနောက်ဘက်တိုင်ထိုင်လျက် လဲကျသွားသည့် ဉမှာ နာကျင်သွားသည်မို့ ကျယ်လောင်စွာ အော်ဟာစ်ငိုယိုတော့၏။

တုံတုံ မနေသာတော့ လက်ထဲမှ စလင်းဘက်အိတ်ကို လွှတ်ချလိုက်ပြီး ဉကိုတွဲထူ၏။

"ဉ ဘာဖြစ်သွားလဲ . . ဘာဖြစ်သွားလဲဟင်"

"ဘာဖြစ်ရမှာလဲ နာတာပေါ့ တုံလေးရယ်၊ အမလေး အားနွဲ့တဲ့ မိန်းကလေးတွေဆိုပြီး အနိုင်ကျင့်လိုက်ကြတာ တုံလေးရယ်၊ အဲဒီအိတ်ကို ဘာလို့ပေးလိုက်ရတာလဲ၊ ဉ သေရင် သေသွားပါစေ၊ တုံလေး လက်ထဲက ပစ္စည်းက ပါလို့မဖြစ်ဘူးလေ"

"ဟင့်အင်း . . တုံတုံ ဘယ်လိုမှ မကာကွယ်နိုင်ဘူး ဉ၊ အဲဒါမှ မရှိရင် သူတို့ အသက်ကို ရန်ရှာကြလိမ့်မယ်"

"ဟဲ့ . . ကောင်မတွေ၊ ဒီအိတ်ထဲက ဂရန်တွေရော ဘယ်မှာလဲ ဘယ်ရောက်သွားပြီလဲ"

တီးတိုးပြောနေသော တုံတုံနှင့် ဉအနားသို့ လူဆိုးခေါင်းဆောင် ရောက်လာသည်။ စလင်းဘက်အိတ်ကို တုံတုံ့ရှေ့ ပစ်ချပြီး ကျေမနပ် မေးသည်။

တုံတုံမျက်နှာမှာ ဟန်မဆောင်နိုင်လောက်အောင်ကို ပျက်



www.burmeseclassic.com

www.burmeseclassic.com



ယွင်းသွားပြီး ဥကို လှမ်းကြည့်သည်။

တုံတုံဆီမှာ သိန်းပေါင်းများစွာတန်သည့် မြေပိုင်ဆိုင်မှု စာချုပ် ပါတယ်ဆိုတာ ဒီလူဆိုးတွေ ဘယ်လိုသိလဲ၊ ဒါဟာ. . တစ်ယောက် ယောက်က ကြိုတင်လက်ထောက်ချထားလို့ပဲဆိုတာ သိသာထင်ရှား လွန်းနေသည်။

"ဥ. . ဒီ. . ဒီကိစ္စ၊ ဘယ်သူ့လက်ချက်လဲ"

တုံတုံ့အမေးကို. . ဥ ပျာပျာသလဲ ခေါင်းခါသည်။

"ဟင့်အင်း သိဘူးလေ တုံတုံရဲ့"

"ဟော့. . မေးနေတယ်လေ၊ ဘယ်မှာလဲ အဲဒီဂရန် ဘယ်မှာ လဲ"

လူဆိုး၏ အသံက စိတ်မရှည်စွာဖြင့် ကျယ်လောင်စွာ ထွက် ပေါ်လာသည်။ တုံတုံ ကြောက်နေပေမယ့် မျက်နှာပေါ်မှာ ကြောက်စိတ် တွေ တစ်စက်မှမရှိသည့်ဟန်ဖြင့် လူဆိုးကြီးကို ခပ်တင်းတင်း မျော် ကြည့်လိုက်ပြီး

"ဘာဂရန်လဲ. . ဘာဂရန်မှ မရှိဘူး၊ လူကို ဘာတွေ လာမေး နေတာလဲ"

ကြောက်ရွံ့မှု မရှိသော တုံတုံ့အမေးကြောင့် လူဆိုး မေးကြော များ ထောင်ထလာသည်အထိ တုံတုံကို စားမတတ်ဝါးမတတ် ကြည့် ပြီး. .

"နင် ငါ့ကို ဘာကောင်များ မှတ်နေလဲ. . ဟမ်၊ ငါဆိုတဲ့ကောင် က မပိုင်ရင် ဘာမှမလုပ်ဘူး၊ ဒီနေ့ ဒီခရီးမှာ သိန်းပေါင်းများစွာတန်တဲ့ မြေပိုင်ဆိုင်မှုစာချုပ်နဲ့ ဂရန်ပါလာတယ်ဆိုတာ ငါသိပြီးသား၊ ဒီတော့ ကြည်ကြည်သာသာနဲ့ တောင်းနေတာကို အသာတကြည် ထုတ်ပေးစမ်း ပေး၊ မပေးရင် မင်းကို သတ်ပစ်မယ်"





တုံတုံ နားထင်ကို သေနတ်ပြောင်းဖြင့် လာထိုးပြီး ခြိမ်းခြောက် နေသည်မို့. . ဥ သွေးရူးသွေးတန်းဟန်ဖြင့်. . .

"အမလေး. . ရှိကြီးခိုးပါရဲ့တော်၊ တုံတုံကို အသားနာအောင် မလုပ်ပါနဲ့၊ ဥကို နာအောင်လုပ်ပါ၊ ဥက ဘာလာလာ ခံနိုင်ရည် ရှိပြီး သားပါ ဂိုဏ်းချုပ်ကြီးရယ်"

လူဆိုးခေါင်းဆောင် ဂိုဏ်းချုပ်ကြီး အခေါ်ခံရ၍ ကျေနပ်သွား ဟန်ဖြင့်. . .

"အေး. . ဒါဆိုရင် နင့်ကောင်မကိုမေး၊ အဲဒီဂရန် ဘယ်မှာ ဖွက်ခဲ့လဲလို့၊ ငါတို့ အဲဒါရမှဖြစ်မှာ. . ."

"အို. . ရှင်တို့ အဲဒီဂရန် ရတော့ရော ဘာထူးမှာလဲ၊ အဲဒီဂရန် စာချုပ်ဟာ ရှင်တို့လက်ထဲ ရောက်သွားပြီးရင် ရှင်တို့ပိုင်မတဲ့လား၊ ကျုပ်တို့ ဂရန်ပြန်လျှောက်လိုက်မှာပေါ့"

"အောင်မာ. . သောက်အခြောက်မ၊ ငါ့ကို ဆရာကြီး လာလုပ် နေသေးတယ်၊ ငါ ပြောပြီးသား. . မပိုင်ရင် ဘာမှမလုပ်ဘူးလို့၊ ဒီတော့ ရှည်ရှည်ဝေးဝေး မပြောနဲ့၊ ဘယ်မှာလဲ ခုချက်ချင်းထုတ်ပေး"

"မရှိဘူး. . လုံးဝမရှိဘူး. . မပါဘူး၊ ဒါကိုမှ မယုံသေးဘူးဆိုရင် ကြိုက်သလိုသာ လုပ်တော့၊လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ"

တုံတုံကလည်း ပြတ်သည်. . လုံးဝမပြော။ ဥမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ. . .

"တုံတုံ ပေးလိုက်ပါတော့ဟာ၊ ပစ္စည်းဆိုတာ ပြန်ရှာလို့ ရပါ တယ်နော်. . နော်လို့"

ဖွတ်အတင်းပေးခိုင်းနေသော ဥကို တုံတုံ သံသယမျက်လုံးဖြင့် ကြည့်လိုက်ပြီး. . .

"နင်ဘာလို့ အဲဒီလောက် တကက်ကြွကြွ တိုက်တွန်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ. . ဦ”

“ဟင်. . အယ်. . ဒါ. . ဒါတော့လေ၊ နင့်ကို ဆုံးရှုံးရမှာ စိုးလို့ပေါ့ဟယ်”

အကြောင်းပြချက်က ယုတ္တိတန်နေ၍ တုံတုံ ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။

“နင်တို့ တော်တော်ခေါင်းကြောမာနေတာပဲ၊ ပြောမလား. . မပြောဘူးလား၊ မပြောရင် ငါ ပစ်လိုက်မှာနော်”

သေနတ်ပြောင်းဝက တုံတုံ့နားထင်ကို လာ၍ ထိနေပြီ။

“တုံလေး ငါ. . ငါကြောက်လာပြီဟယ်၊ ပြော. . ပြောလိုက်ပါတော့လို့ လူထက်တန်ဖိုးရှိတာ ဘာများရှိလို့လဲဟယ်၊ တကယ်ပါပဲ. . ငါသာဆိုရင် ပေးလိုက်ပြီ သိလား”

“မရှိဘူး. . ရှိလည်း မပေးဘူး၊ အဲဒီမြေနဲ့ အဲဒီအိမ်ကြီးကို ငါ့အဘိုးအဘွားတွေ တစ်သက်လုံး ရှာထားတဲ့ ချွေးနဲ့စာနဲ့ ဝယ်ထားတာ၊ အဲဒီအတွက် ငါ့အသက်ထက်ပိုပြီး တန်ဖိုးရှိတယ်၊ ငါ့အသက်သာ အသေခံမယ်၊ အဲဒီမြေကိုတော့ ငါ ဆုံးရှုံးမခံနိုင်ဘူး”

“အောင်မာ. . ကောင်မ”

“ဖြောင်း. . ”

“အမလေး. . တုံလေး. . ၊ တုံလေးကို မရိုက်ပါနဲ့”

ယောက်ျားလက်ဖြင့် မျက်နှာကို ဖြတ်အရိုက်ခံရ၍ တုံတုံ ပါး တစ်ဖက် ပူဆင်းသွားသည်။

“ရတယ် သတ်ပစ်လိုက်၊ နင်တို့ ငါ့ကို ခုနေ သတ်လိုက်လည်း အဲဒီဂရန်က ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ယူမလာလို့”

“ဘာ. . မပါဘူး၊ ဟုတ်လား”

လူဆိုးခေါင်းဆောင် ဒေါသတကြီးဖြင့် မေးလိုက်သဖြင့် တုံတုံ မျက်နှာကို မော့ကာ. . .

“ဟုတ်တယ် မပါဘူး”

“တုံလေး တကယ်မပါတာလား”

“ဟုတ်တယ်. . ငါ ထားခဲ့တာ၊ နင့်ကိုသာ ပါတယ်လို့ပြောထားတာ၊ နင်က ထားခဲ့တာကိုမှ မကြိုက်တာ”

“ကဲ ကြားတယ်နော်၊ တော်တို့လိုချင်တာ မပါဘူး၊ အဲဒါ လိုချင်ရင်. . ရန်ကုန်ကို ပြန်လိုက်ပို့. . ဒါပဲ. . ဟင့်”

“တောက်. . ကောင်မတွေ လူလည်ကျနေတာပဲ၊ ငါ သတင်းအတိအကျ ရထားတယ်နော်၊ အသာတကြည်နဲ့ ထုတ်ပေးရင်ထုတ်ပေး၊ မထုတ်ပေးရင် နင်တို့အသက်တွေ နောက်နေ့ မကူးဘူးမှတ်”

လူဆိုးခေါင်းဆောင် ဒေါသတကြီးဖြင့် တဲအတွင်းမှ ထွက်၍ သွားသည်။

တုံတုံ စိတ်တွေ ဇဝေဇဝါ ဖြစ်နေသည်။


ဒီကိစ္စကို ဘယ်သူပြောတာလဲ. . .

သိချင်စိတ်တွေ ရင်မှာ ပြွမ်းပြကာ အကြည့်တွေက ဉဆီ ဖျတ်ခနဲ ပြန်ရောက်သွားသည်။ ဉများလား. .

ဒီအိမ်ကြီးကို ဝယ်ဖို့ တိုက်တွန်းခဲ့တာလဲ ဉပဲဖြစ်သည်။

အမွေဆိုင်အိမ်ကြီးမို့ အရှုပ်အရှင်း ရှိနိုင်သောကြောင့် တုံတုံ ချီတုံချတုံ ဖြစ်နေသည့်အချိန်မှာ ဉ အားတက်သရော တိုက်တွန်းခဲ့ခြင်းဟာ ခုလိုကိစ္စတွေ ဖြစ်လာဖို့ ကြိုတင်အကွက်ချ စီမံခဲ့ခြင်းလား။

တွေးရင်း. . စိတ်တွေ ပို၍ ရှုပ်ထွေးသွားသည်။









www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

"ကိုသန်းဝင်း၊ ကျွန်တော်တို့ ဒီအတိုင်း ချောင်းကြည့်နေ အချိန်ကုန်ခံတော့မှာလား . ."

လေပြေ သိပ်စိတ်မရှည်ချင်တော့၊ အင်အားချင်းသာ မ သူသေကိုယ်သေ ဝင်ချပြီး ခရီးသည်တွေကို ကယ်ထုတ်လိုက်ချင်သ

"စိတ်တွေ သိပ်မလောပါနဲ့ဦးကွာ၊ အချိန်က ငါတို့ဘ မပါသေးဘူးကွ၊ ခုနေ ဝင်သွားရင် မင်းရော ငါရော လူကယ်လို့ မ သေပြေးရှင်ပြေး အသက်ထွက်ရလိမ့်မယ်၊ ဟိုကောင်တွေ လက် သေနတ်ကိုယ်စီနဲ့"





"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ညမှောင်တော့မှ ဝင်မယ်လေကွာ"

ထိုစဉ် တဲတစ်တဲအတွင်းမှ လူဆိုးခေါင်းဆောင် အထုပ်သေး တစ်ထုပ် ကိုင်ပြီး ထွက်လာသည်။

"ခရီးသည်တွေဆီက အတင်းချွတ်ခိုင်းပြီး အပိုင်သိမ်းလာတဲ့ လက်ဝတ်လက်စားထုပ်ထင်တယ်"

"ဟုတ်လိမ့်မယ် လေပြေ၊ သူ အဲဒီပစ္စည်းကို ဘယ်မှာထားလဲ ဆိုတာ ငါတို့ သေချာလေ့လာရမယ်"

"အင်း ဟုတ်တယ် ပစ္စည်းတွေ အရင်ပြန်ယူပြီးမှ အားလုံးကို ကယ်ထုတ်လဲ ရတာပဲ"

"ဟင် . . . ဟို . . ဟိုမှာ လူတစ်ယောက် ကျွန်တော်တို့ဘက်ကို လျှောက်လာနေတယ်ဗျ"

"အေး . . ငါတို့ကိုတော့ မတွေ့လောက်ပါဘူး"

"အင်း . . ဒါပေမယ့် ဒီဘက်ကို လာနေတာတော့ ကျိန်းသေတယ်ဗျ"

"ခုနေ ငါတို့ကို တွေ့လို့ မဖြစ်သေးဘူး၊ ဝပ်နေ . . ဝပ်နေလိုက်"

ကိုသန်းဝင်း ပြောလည်းပြော၊ ကိုယ်ကိုမြေကြီးပေါ် ဝပ်ပြီး ချလိုက်သည်။

လေပြေလည်း ကိုယ်ကို မြေကြီးပေါ်သို့ ကပ်နိုင်သမျှ ကပ်ပြီး ဝပ်ချလိုက်သည်။

ခြေသံက တဖြည်းဖြည်း နီးကပ်လာသည်မို့ လေပြေ အသက်ကိုပင် မှန်မှန်မရှူရဲ။

ရုတ်တရက် ကိုယ်ပေါ်ကို နွေးခနဲ လာစင်သော အထိအတွေ့ကြောင့် အခြေအနေကို သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်းဖြန်း. . ဖြန်းဖြန်း. . "

ခွေးမသား ပေါက်စရာရှားလို့ ဒီချိုပေါ်ကိုမှ သေးလာပေါက်ရလားဟု ခပ်ပြစ်ပြစ် ဆဲလိုက်သည်။







# အခန်း (၂၁)

"အောင်မလေး ပိုက်တွေ ဆာလိုက်တာနော်၊ ခါးပြတွေ ရယ်၊ အဒေါ်တို့ဆီက ပစ္စည်းတွေလည်း မနည်းမနော သိမ်းပြီးသွားပြီ၊ အဒေါ်တို့ကို အဟာရလေးတော့ ဖြည့်ပေးပါကွယ်၊ အဒေါ်က အစာ အိမ်ရောဂါ ရှိလို့ပါ"

တဲဝတွင် ရပ်နေသော သေနတ်သမားလူဆိုးမှာ အဒေါ်ကြီး၏ ညည်းတွားနေသောအသံကြောင့် လှည့်ကြည့်ပြီး. . .

"ဟာ. . ဒီအဒေါ်ကြီး ဘာတွေအော်နေတာလဲ. . ပါးစပ်ပိတ်နေ. . အချိန်တန်ရင် ကျွေးမယ်၊ အဲလို အသံပြဲကြီးနဲ့ အော်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကျွေးဘဲနဲ့ နေမှာနော်"

"ဟော့ကောင်တွေ ငါတို့ကို သူတောင်းစားတွေများ မှတ်နေလား၊ ဟမ်. . ဘယ်မှာလဲ. . မင်းတို့ အဖွဲ့ခေါင်းဆောင် ခေါ်လိုက်စမ်း။ ဟိုကားသမားနှစ်ကောင်နဲ့ ပင်းပြီး ငါတို့ကို ဓါးပြတိုက်တယ်၊ လူမဆန်တဲ့စိတ်တွေနဲ့ အငတ်ထားတယ်၊ အခု ငါ အပေါ့သွားချင်နေတယ်ကွာ၊ ဘယ်မှာသွားရမလဲ၊ ငါ့လက်ကို ကြိုးဖြည်ပေးစမ်း"

"ဟုတ်တယ်၊ ကျွန်တော်လည်း အောင့်ထားတာ ကြာပြီဗျ"

"ဟာ. . အောင့်ထားလိုက်၊ နားငြီးတယ်"

"ဟကောင်တွေ နားငြီးလို့ ဖြစ်မလား၊ ငါတို့ အောင့်ထားတာ ကြာပြီကွ၊ ဘာလဲ မင်းတို့ပါးစပ်ထဲ ပေါက်ချရမှာလား"

"ဟုတ်ပတော် ကိုယ်ချင်းစာနာစိတ် မရှိတဲ့ဟာတွေ"

"ဟာ. . ဒါများ. . ဒီနေရာမှာပဲ ပေါက်ချလိုက်၊ လွယ်လွယ်လေးကို ခက်နေကြတယ်"

အားလုံး တယောက်တပေါက်နှင့် ဝိုင်းပြောနေကြသည်မို့ အပေါက်စောင့် ဒေါသတွေ ဖြစ်လာသည်။

တဲထဲကို ဝုန်းခနဲ ဝင်လာပြီး. . .

"ခင်ဗျားတို့ သောက်ပေါက်တွေ မပိတ်နိုင်ဘူးလား. . ဟမ်. . ဒီမှာ ကျုပ်လဲ ညစ်နေတာနော်၊ အားလုံး မသာတွေ ပေါ်ကုန်မယ်"

"မင်းက ဘာညစ်နေတာလဲ၊ ငါတို့ ဘာကူညီရမလဲ. . ပြောငါက ဆီစက်ပိုင်ရှင် သူဌေးပါကွ၊ မင်းကို ငါတို့ကူညီမယ်. . ရော့. . ဒါလေးမော့ထားလိုက်၊ ဒါ နိုင်ငံခြားဖြစ်ကွ. . ဈေးကြီးတယ်"

တမင်ဝင်ရောလိုက်သော အဘိုးကြီးကို တဲစောင့် ပေစောင်းစောင်းကြည့်လိုက်ပြီး ကမ်းပေးသော အရက်ပုလင်းပြားကို ယူကာ မော့လိုက်ပြီး. . .





"အောင်မယ်. . . နေပါဗျာ၊ ခုချိန်မှာ ခင်ဗျားတို့က အကျဉ်းသား ဖြစ်နေတာကိုများ လေကော လာကျယ်နေသေးတယ်"

တဲစောင့်၏အသံ စောစောကလောက် မတင်းမာတော့၊

ဥပဒေကျောင်းသား တဲစောင့်ကို အသေအချာ အကဲခတ်ကြည့်ပြီး. . .

"ကျုပ်တို့က အကျဉ်းသားဆိုပေမယ့် အချိန်တန်ရင် လွတ်မြောက်မှာ ဒီတဲကလူတွေ တပြိုင်တည်း တချိန်တည်း သေရမယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ၊ ခင်ဗျားတို့ကရော ဒီလောက် လူအများကြီးကို သတ်ပြီး ဘယ်မှာအစဖျောက်မလဲ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူးဗျာ"

"အေးလေ ဟုတ်ပါတယ် ငါ့မောင်ရယ်၊ အစ်မမှာလေ တစ်နှစ်အရွယ် ကလေးလေး အိမ်မှာကျန်ခဲ့တယ်၊ ယောကျ်ားက မယားငယ်ယူပြီး မြဝတီဘက် ထွက်ပြေးသွားလို့ အခု ဒင်းနောက်ကိုလိုက်ရင်း ဓါးပြတိုက် ခံရတာပါကွယ်"

အမျိုးသမီး၏ စကားကြောင့် လူဆိုးမျက်နှာ ချက်ချင်းပြန်တင်းသွားပြီး ပုလင်းပြားကို မော့လိုက်သည်။

"ကျုပ်တို့ကို ဓါးပြတွေလို့ မပြောနဲ့၊ ကျုပ် ဓါးပြမဟုတ်ဘူးဗျ၊ အေ့. . ခေတ်မကောင်းလို့ ကြုံရာလုပ်နေတာ"

"မင်းက ဓါးပြမဟုတ်လို့ ဘာလဲ"

"ကျုပ်က လယ်သမားဗျ. . လယ်လုပ်တာ၊ အလုပ်တစ်ခု လုပ်မယ်. . ပြီးရင် မြိုးမြိုးမြတ်မြတ်ရမယ်ဆိုလို့ လာလုပ်တာ၊ ခုချိန်ထိ ဘာခြားတစ်ပြားမှ မလာသေးဘူး"

ဥပဒေကျောင်းသားလေး လယ်သမားတဲစောင့်တို့ ထပ်ပြီး ဖျောင်းဖျသွင်းဖို့ ကြိုးစားလိုက်သည်။ အခြေအနေက ကိုယ့်ဘက် ပါနေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်မြောက်ဖို့ အခွင့်အရေး ရနိုင်သည်။

"ဟဟ. . ဒါဆို ကားသမားနှစ်ယောက်နဲ့ ခင်ဗျားတို့ ပူးပေါင်း ထားကြတာပေါ့၊ ဟုတ်လား. . ."

"ဟာ. . ဘယ်ကလာ၊ အဲဒီ ကားသမားတွေ ထွက်ပြေးသွားလို့ ကျုပ်တို့လူတွေလွှတ်ပြီး ရှာခိုင်းနေတာ"

"ဟင်. . ဒါဆို မင်းတို့နဲ့ အဲဒီကောင်တွေနဲ့ တစ်ဖွဲ့ထဲ မဟုတ် ဘူးလား"

"မဟုတ်ဘူး. . ဒါဆို ငါတို့ခရီးသည်တွေအကြောင်း မင်းတို့က ဘာလို့ ကြိုသိနေရတာလဲ"

"အဲ. . အဲဒါက ခင်ဗျားတို့ ခရီးသည်ထဲက တစ်ယောက်က ကြိုပြီး သတင်းပေးထားလို့လေ"

"အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ ဘယ်သူလဲ ခင်ဗျားသိလား၊ မှန်အောင်ပြောနိုင်ရင် ကျုပ်တို့လွှတ်တာ ခင်ဗျားကို ဖုန်းတစ်လုံးပေးမယ်"

လယ်သမားမျက်လုံးတွေ အရောင်တောက်သွားသည်။

"တကယ်လား"

"တကယ်ပေါ့ဗျ. . ကျုပ်အဖေက ဘောစိနော်၊ ကျုပ်တို့တို့ ကူညီရင် ခင်ဗျားကို ဘဝပြောင်းသွားအောင် မြေတောင်မြှောက်ပေး ရတယ်"

လယ်သမားမျက်နှာမှာ မျှော်လင့်ချက်တွေဖြင့် ထိန်သွားသည်။

"ငါ. . ငါသိတယ်. . ပြောပြမယ်၊ မင်းသာ ကတိတည်ပါ နော်"

လူဆိုးမှာ ဥပဒေကျောင်းသားနားသို့ တိုးကပ်သွားပြီး ပြော မည်အလုပ်. . .





"သာဗျော၊ ဟေ့ကောင် သာဗျော"

"ဗျာ. . ဗျာ. ."

"မင်းကို တဲအပေါက်ဝမှာ စောင့်ခိုင်းတာလေ၊ အထဲဘာဝင် လုပ်နေတာလဲ"

"ဟို. . ဟို. . သူ. . သူတို့က အပေါ့သွားချင်တယ်ဆိုလို့. . အောင့်ထားလို့ ဝင်ပြောနေတာပါ"

"အဲဒါ မင်း သောက်လုပ်မဟုတ်ဘူး၊ သူတို့ မအောင့်နိုင်ရင် ပေါက်ချလိမ့်မယ်၊ သွား. . ဟိုမှာ ဟိုနှစ်ကောင်ကိုရှာဖို့ လူအင်အား ထပ်ဖြည့်"

လူဆိုးခေါင်းဆောင် တဲအဝတွင် လာရပ်ပြီး အလုပ်အော်ဒါ ပေးနေသည်မို့ လယ်သမားတဲစောင့်မှာ ပြောမည့်စကား မပြောဖြစ် တော့ဘဲ တဲအတွင်းမှ ထွက်သွားသည်။ တဲစောင့်လူဆိုးကိုကြည့်ပြီး တဲထဲမှာကျန်ခဲ့သည့် ခရီးသည်တွေ စိတ်မောသွားကြသည်။

အခွင့်အရေး ရခါနီးမှ လွှတ်သွားရတယ်လို့ . . .

တောထဲမှာမို့ ဘယ်သူ့ကို အကူအညီ တောင်းရပါ့မလဲ၊ ခုချိန် မှာ ကိုယ်တွေ ဘယ်နေရာကိုရောက်လို့ ရောက်နေမှန်းတောင်မသိ။

ဟိုးခပ်ဝေးဝေးမှာတော့ ဇွဲကပင်တောင်ကို မြူတွေကြားထဲမှ ရေးရေး တွေ့မြင်နေရ၏။

အားလုံး မျှော်လင့်ချက်တွေ ကိုယ်စီမဲ့လျက်၊ မနက်ဖြန် မပြောနဲ့ ဒီနေ့တောင် ဘယ်လိုအသက်ဆက်ရှင်ရပါ့မလဲ။ ဆာလောင်မှုနှင့် အောင့်အည်းထားရခြင်းသည် တော်တော့်ကို ကြီးမားသည့် ဒုက္ခတွေပဲ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၂)

အုံ့မှိုင်းနေသော တောကြီးအတွင်း . . အလင်းရောင်သည် တဖြည်းဖြည်း မှိန်ဖျော့လာပြီး အမှောင်ဘက်သို့ပင် ကူးပြောင်း၍လာပြီး အအေးဓါတ်သည်လည်း ပို၍စိမ့်လာသည်။

"တုံလေး အိပ်နေတာလား"

တိုင်ကိုမှီကာ မျက်လုံးမှေးစင်းထားသော တုံတုံ့ကို ဥ ခ တိုးတိုးမေးသည်။

"မအိပ်သေးပါဘူး၊ ဒီလောက်ဒုက္ခတွေထဲ ရောက်နေတာ





အိပ်ပျော်စရာလား ဥရယ်"

"အင်းပါ တုံလေးအသံ ငြိမ်နေလို့ အိပ်လိုအိပ်ငြား မေးမိတာပါ၊ ဟိုလေ. . အိမ် . . အိမ်စာချုပ်က တကယ်ပဲ ပါမလာတာလားဟင် တုံလေး"

လေသံသဲ့သဲ့မေးသော ဥအမေးကို တုံလေး ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့. . တုံလေးပြောတော့ ပါလာတယ်ဆို"

"အဲဒါ တမင်ပြောတာ၊ တကယ်ဆို အဲဒီစာချုပ်ဂရန်တွေက ကြီးမေဆီမှာ ထားခဲ့တာ၊ ကြီးမေကလည်း သူဇာ နမော်နမဲ့နိုင်လွန်းလို့ စိတ်မချလို့ဆိုပြီး သူ့ရှေ့နေဆီမှာ အပ်ထားမယ်လို့ပြောတယ်"

"ဩော် . . ဒါနဲ့များ ဥကို လျှိုထားတယ်နော်"

"လျှိုတာမဟုတ်ပါဘူး၊ ဥက ကြီးမေဆီမှာ အပ်ခဲ့မှာကို သဘောမကျဘူးလေ၊ ဒါကြောင့် ဘာမှမပြောတော့တာ"

"အင်းလေ ပါမလာတော့လည်း အန္တရာယ်ကင်းတာပေါ့၊ အိပ်ချင်လိုက်တာ တုံလေးရယ်၊ ဒုက္ခတွင်းထဲ ပြုတ်ကျပါတယ် ဆိုကာမှပဲ အိပ်လို့ကလည်း ဘာကောင်းသလဲ မမေးနဲ့၊ သူတို့ကျွေးတဲ့ ထမင်းကြမ်းကြမ်းနဲ့ ဝက်သားဟင်းကလည်း စားလို့ကောင်းမှကောင်း"

"ဒါဆိုရင်လည်း အိပ်လိုက်တော့၊ ဒီချိန်မှာ အိပ်ပျော်အောင် အိပ်နိုင်တာ အဆိုးထဲက အကောင်းပဲ၊ မနက်ဖြန်ဆို တုံတို့အတွက် မကျိန်းသေဘူး"

"အို . . အဲလို မတွေးပါနဲ့၊ အချိန်တန်တော့ လွတ်မှာပါ"

"တုံတို့ကို လွယ်လွယ်လွတ်ပေးပါ့မလား၊ ဟွန်း . . ဟိုကောင် သလှူဆိုတဲ့ကောင် ဒင်းတို့နဲ့ ဒီလူဆိုးတွေပေါင်းပြီး ခရီးသည်တွေကို တော်မတရား ယူချင်တဲ့ကောင်၊ ပြန်လွတ်ရင်တော့ . . ဒီကောင်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကို အလွတ်မပေးဘူး"

တုံတုံတစ်ယောက်တည်း မကျေမနပ် ရေရွတ်နေ၏။

"ဟုတ်တယ် တုံလေး သူတို့ လက်ထောက်ချလို့ ဒီလို ဖြစ်ကြရတာ၊ အခု သူတို့ကို မတွေ့တော့တာပဲ ကြည့်လေ"

"ဒါပေမယ့် တုံလေးမှာ အဲဒီမြေဂရန် ပါလာတယ်ဆိုတာ သူတို့ ဘယ်လိုသိလဲ"

"ဪ. . ဒါကတော့ ဥနဲ့ တုံလေး ပြောနေတာကို ကြားသွားလို့ နေမှာပေါ့"

ဥ ထင်မြင်ချက်ကို တုံတုံ စဉ်းစားသည်။

ဖြစ်နိုင်ချေ ရှိပါ့မလား၊ ခုချိန်မှာ တုံတုံသိချင်တာ လူဆိုးတွေကို ဘယ်သူလက်ထောက်ချတာလဲ ဆိုတာပင်။

တုံတုံ ဉာဏ်ကူလိုက်လို့ နို့မှို့ဆိုလျှင် ဘိုးဘွားပိုင် အမွေအနှစ်လေးနှင့် စုစည်းဝယ်ယူထားသည့် ဂရန်လေး ပါသွားလောက်ပြီ။

ထိုစဉ် တဲအတွင်းမှ ခြေသံလိုလိုဘာလိုလို ခပ်သဲ့သဲ့ အသံတစ်သံ ကြားလိုက်ရသည်။

တဲအတွင်းကို ဝေ့ကြည့်လိုက်တော့ အားလုံး ငိုက်သူကငိုက် အိပ်ပျော်သူက အိပ်ပျော်နှင့် တကယ်တမ်း အိပ်မပျော်တာ တုံတုံပါ။

လေပြေဆိုတဲ့လူက ဘယ်လိုလူစားမျိုးလဲ။







# အခန်း (၂၃)

"လေရူး ဒီအချိန်က ငါတို့အတွက် အခွင့်အရေးကောင်းပဲ ကွ"

"ဟုတ်တယ် ဒီအချိန်စပြီး လှုပ်ရှားထားမှ ကျွန်တော့်အကြံနဲ့ ရဲတွေ အချိန်မှီရောက်လာမှာနဲ့ အံကိုက်ပဲ"

လေပြေနှင့် ကိုသန်းဝင်း တဲအနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။

"ဂျွတ်. . ဂျွတ်. ."

ကိုသန်းဝင်း သစ်ရွက်ခြောက်ကို တက်နင်းမိပြီး အသံမြည်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ည လူခြေတိတ်ချိန်မို့ သစ်ရွက်ခြောက် တက်နင်းသံကာ အတိုင်းသား ကြားလိုက်ရသည်။

"ရှူး. . တိုးတိုး၊ ဟိုမိစ္ဆာကောင်တွေ ကြားသွားလို့ လူမကယ်ရဘဲနဲ့ ကျွန်တော်တို့ပါ အဖမ်းခံနေရဦးမယ်"

"အေး. . အေးပါကွ၊ ငါ သစ်ရွက်ခြောက်တွေကို သတိမထားမိလိုက်ဘူး"

နှစ်ယောက်သား လေသံမျှင်းမျှင်းနှင့် စကားပြောလာကြပြီး. . တဲအနားရှိ အစောင့်ရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာသည်။

အစောင့်မှာ ဝါးကုလားထိုင်ပေါ်တွင် သေနတ်ကြီးပိုက်ကာ တခေါခေါနှင့် အိပ်ပျော်နေသည်။

"ဟင်း. . တဲဝမှာ အသျှော်ခံပြီး စက်တော်ခေါ်နေလိုက်တာ သူ့ကိုယ်ပေါ် ဂေါ်ဇီလာနဲ့ ဂေါ်ဇီလာမ ချစ်ရည်တက်လူးရင်တောင် နိုးမှာမဟုတ်ဘူး"

"ကဲ. . ဒါဆို မြန်မြန်လေး လှုပ်ရှားကြရအောင်"

"OK ငါ့ဘက်ကတော့ အဆင်သင့်ပဲ"

လေပြေ တဲထဲကို စွေ့ခနဲ ဝင်လိုက်သည်။

မီးအိမ်အလင်းရောင် ခပ်မှိန်မှိန်အောက်မှာ မိန်းကလေးတစ်ဦး ငုတ်တုတ်ငိုက်မြည်းနေကြသည်။

လေပြေ တုံတုံ့ကို အရင်ရှာလိုက်သည်။

တွေ့ပါပြီ။

တဲအဝကို ကျောပေးကာ ဝါးလုံးတိုင်ကို မှီထိုင်နေသော တုံတုံကို. . .

"တုံတုံ. ."

ခေါ်သံ ခပ်မျှင်းမျှင်းကြောင့် တုံတုံ လှည့်ကြည့်သည်။





လေပြေကိုမြင်တော့ မျက်လုံးအဝိုင်းသားဖြင့်ကြည့်ပြီး. . .

"ဟင်. . ရှင်. . ရှင်တို့"

"ရှူး. . တိုးတိုး၊ ကိုယ် မင်းတို့ကို လာကယ်တာ"

"ဒီ. . ဒီကိစ္စက ရှင်တို့လက်ချက် မဟုတ်လား"

ရောက်ရောက်ချင်း စီးပြီး အပြစ်တင်နေသည်မို့ လေပြေ ပြန်၍ စကားနာထိုးမနေတော့။

"ဒီအချိန်မှာ မင်း ထင်ချင်သလို ထင်နိုင်တယ်၊ တုံတုံ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မင်းတို့ လွတ်မြောက်ဖို့ပဲ မဟုတ်လား"

ပြောပြောဆိုဆိုဖြင့် တုံတုံ့ကိုချည်ထားသော ကြိုးထုံးကို အမြန်ဖြည်ပေးလိုက်သည်။

ကိုသန်းဝင်းက တခြားမိန်းကလေးတွေကို ကပျာကယာ ကြိုးဖြည်ပေး၏။ အားလုံး အတိုင်အဖောက်ညီစွာဖြင့် အသံမကြားအောင် ကြိုးဖြည်ပေးနိုင်ခဲ့၏။

ခက်တာက ဉပင်ဖြစ်သည်။

တဲရှေ့မှတဲစောင့်နှင့် အပြိုင်ဟောက်နေသည့်အတွက် ဘယ်သို့မှ လှုပ်နှိုး၍ မရနိုင်။

လေပြေ ဉ အနားတိုးပြီး လှုပ်နှိုးသည်။

"ဉ. . ဉ. . ထ. . ထတော့"

ဉ တုတ်တုတ်မျှပင်မလှုပ်။

"ဒုက္ခပါပဲ အိပ်လိုက်တာ သေနေတဲ့အတိုင်းပဲ၊ အချိန်မရှိဘူး ထားခဲ့လိုက်တော့၊ ဟိုဘက်က လူကြီးတွေကိုလည်း သွားကယ်ရဦးမယ်၊

လေပြေ သိပ်စိတ်မရှည်တော့၍ ထားခဲ့ခိုင်းသည်။

"အို ထားခဲ့လို့ရမလား. . သူက တုံတုံသူငယ်ချင်း၊ တိုတစ်ယောက်တည်း ကိုယ်လွတ်ရုန်းလို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



တုံတုံ လေပြေ့စကားကို ဘယ်လိုမှ လက်မခံသည့် ပုံစံဖြင့် ခါးခါးသီးသီး ငြင်းသည်။

“အဲဒါ မင်းသူငယ်ချင်းမဟုတ်ဘူး. . မင်းရဲ့ရန်သူ”

လေပြေ့စကားကြောင့် တုံတုံ နှုတ်ခမ်းပိုစူကာ မကျေမနပ် ကြည့်ပြီး. . .

“ဘာ. . ဘာပြောတယ် ရန်သူဟုတ်လား”

“ဟုတ်တယ် သူက ဒီကောင်တွေနဲ့ ပါတနာ၊ သူ့ကြောင့် ငါတို့ အားလုံး ခုလိုဒုက္ခမျိုးစုံ ခံနေရတာ”

“ဘာ. . ပါတနာ. . ရှင် မဟုတ်တာတွေ မပြောနဲ့ မဟုတ်တာ လုပ်တာကရှင်”

“ငါသာ မဟုတ်တာလုပ်ရင် ခုလိုတောင် အသက်စွန့်ပြီး လာ မကယ်ဘူး”

“ကဲ. . မင်းပြောချင်တာရှိရင် ဒီကနေ လွတ်သွားမှပြော၊ ဒီက ညီမတို့ အစ်မတို့ ဒီတဲရဲ့ ရှေ့တည့်တည့်မှာရှိတဲ့လှိုဏ်ထဲကို ရောက်အောင် သွားကြရမှာမို့ ဒီကောင်တွေမရိပ်မိခင် ဒီကနေ အမြန်ထွက်ကြပါ ကိုသန်းဝင်း ဟိုဘက်တဲကလူတွေကို သွားကယ်ဖို့ ခင်ဗျားတာဝန်ယူ နိုင်လား”

“ရတယ် ငါသွားမယ်၊ မင်း ဒီက မိန်းကလေးကိုသာ ငါတို့ဆုံ ကြမယ့်နေရာကို ခေါ်သွားပြီး စောင့်နေ”

လေပြေ တုံတုံလက်ကိုဆွဲကာ တဲအတွင်းမှ ခတ်သုတ်သုတ် ထွက်ခဲ့သည်။ ကျန်တဲ့ အမျိုးသမီး တစ်သိုက်ပါ လေပြေနှင့် တုံတုံ နောက်မှ ခတ်သုတ်သုတ် ပြေးထွက်ခဲ့ကြသည်။

ဉ တဲအတွင်းမှာ ကျန်ခဲ့၍ တုံတုံ နောက်ဆံတင်းတင်းဖြင့် ထွက်သာလာခဲ့ရသည်။





ဉအတွက် စိတ်မအေးရ. .။

လေပြေပြောသလို သူ တကယ်ပဲ တုံတုံ့အပေါ်မှာ အဲဒီလို ကြံစည်ခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၄)

"**အောင်**မလေး ငါ တစ်ယောက်ထဲပဲ ရှိပါတော့လား ဘယ်ကိုရောက်သွားကြတာလဲ"

အိပ်ရာမှ နိုးလာသော ဥမှာ သူတစ်ယောက်တည်း ရှိတော့၍ မျက်ကလူးဆန်ပြာဖြင့် တဲထဲမှာ ယောက်ယက်ခတ်နေသည်။

"ဟော့ကောင်မ. . အဲ. . ဟော့ကောင်၊ မင်း ဘာလုပ်တာလဲ. . ဟမ်၊ ငါတို့ကို တစ်ပတ်ရိုက်တာပေါ့လေ ဟုတ်လား"

လူဆိုးခေါင်းဆောင် လင်မယားနှင့် နောက်လိုက်လူ သုံးယောက် တဲထဲဝင်လာပြီး ဥကို ပြဿနာရှာဖို့ တာဆူနေကြ၏။





"အို. . ဘာကို တစ်ပတ်ရိုက်ရမှာလဲ၊ ရှင်တို့ကို တစ်ပတ်လည်း မရိုက်ဘူး၊ နှစ်ပတ်လည်း မရိုက်ဘူး၊ ဒီမှာ. . ဒီက မိန်းမလေးတွေကို ရှင်တို့ ဘာလုပ်လိုက်ပြီလဲ၊ ရှင်တို့နဲ့ အပေးအယူလုပ်ခဲ့စဉ်က မိန်းကလေးတွေကို လက်ဖျားနဲ့ မတို့ရဘူးဆိုတဲ့ ကတိပါတယ်လေ"

"အောင်မာ. . ကောင်မ. . အဲ. . ခွေးကောင် ပါးဖြတ်နှုတ်သီးသည်ထွက်ပြီး သွားချိုးယိုးဒယား ကသွားမယ်၊ နင့်ကောင်မတွေကို နင်ကိုယ်တိုင် ပထုတ်လိုက်တာလေ၊ ဘယ်မှာလဲ သူတို့ဆီက သိမ်းထားတဲ့ ဟမ်းဖုန်းတွေ၊ လက်ဝတ်လက်စားနဲ့ ငွေတွေ၊ ငါတို့ဆီမှာ ဘာတစ်ခုမှ မရှိတော့ဘူး၊ အိမ်ဂရန်စာချုပ်မရလို့ ရသလောက်ပဲ ခွဲယူကြမယ်ဆိုပြီး စီစဉ်ထားတာ. . ခုတော့ အဲဒါတွေပါ ပြန်အလစ်သုတ်သွားကြတယ်"

ဥ ခေါင်းမွေးတွေပင် ထောင်ထသွားရလောက်အောင် တုန်လှုပ်သွားသည်။

"ဘယ်လို. . သူ. . သူတို့ ပြန်ယူသွားကြတယ် ဟုတ်လား၊ အခင်း. . ဟင်း မဖြစ်နိုင်တာ၊ ဒီလောက် ကြိုးတုတ်ထားတာ၊ ကျုပ်သူငယ်ချင်းဆီမှာ ရှင်တို့လိုချင်တဲ့ ရှင်တို့ရဲ့ ဘိုးဘွားပိုင် ဂရန်မြေစာချုပ်ကြီး ပါတာနဲ့ ကျုပ်ကို ဝေစုမပေးချင်လို့ ကျုပ်ကို အပြစ်ပုံချတယ်ပေါ့လေ ဟုတ်လား"

"အောင်မာ. . သူခိုးက လူပြန်ဟစ်လို့ နင်တို့အကြံ ငါမသိဘူး ထင်လား၊ ဒီခရီးသည်တွေကို နင် ကြိုးမဖြည်ပေးဘဲနဲ့ ဘယ်သူဖြည်ပေးမလဲ၊ ခုတော့ ငါတို့ သူတို့ဆီက သိမ်းထားတဲ့ လက်ဝတ်လက်စားတွေရော ဟမ်းဖုန်းတွေပါ တစ်ခုမှ မရှိတော့ဘူး၊ အဲဒါ နင့်လက်ချက်မဟုတ်လို့ ဘယ်သူ့လက်ချက်လဲ၊ ဟမ်း. . ကောင်မစုတ် အခြောက်စုတ်မ. . ."

"အမလေး ပြောရက်လိုက်တာ၊ ဒီကတော့ ရှင်တို့ရဲ့ အမိုက်ချန်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖက်လှည့်နဲ့ ပြန်ရအောင်လဲ လုပ်ပေးရသေးတယ်၊ အမည် ချက်ချင်းလွှဲမယ်ဆိုတာတောင် ကျုပ်ကြောင့် အချိန်ဆွဲထားလို့ ရတာလေ၊ အခု ရှင်တို့လက်ထဲ ဒီဂရန်မြေစာချုပ် မရောက်သေးတာနဲ့ ကျုပ်ကို ပုတ်ထုတ်ချင်နေတယ်ပေါ့လေ. . ဟုတ်လား၊ ဟမ်း. . မရဘူး၊ အခု ဝေစုထဲက ကျုပ်ကိုပါ တစ်ပုံပေး"

ဥ မက်လုံးတွေ ထနေပုံကြောင့် လူဆိုးခေါင်းဆောင်မှာ ဥနား ကိုတိုးလာကာ ရင်ဘတ်မှ အင်္ကျီစကို ဆောင့်ဆွဲပြီး. . .

"ငါတို့တောင် ဘာမှမရလိုက်တာကို နင့်ကို ဘာပေးရမလဲ၊ ဒီဂရန် ပြန်မရရင် ငါတို့အစ်ကိုကြီး ငါတို့ကို ဘယ်လိုမျိုး အပြစ်ပေးမလဲဆိုတာ. . ငါတို့တောင် မမှန်းရဲဘူး"

"အို. . ဒါ ရှင်တို့လောဘပဲ၊ ကျုပ်သူငယ်ချင်းဆီက ငွေကိုရော ဂရန်စာချုပ်ကိုပါ မတော်မတရား ယူချင်တာကိုး"

ဥ ကလည်း ကက်ကက်လန်အောင် ရန်ပြန်တွေ့သည်။

"အောင်မာ ကောင်မစုတ် အခြောက်မ၊ အဲဒီ မတော်မတရားထဲမှာ နင်လည်းပါတယ်လေ၊ ဒီကိစ္စ အဆင်ပြေရင် နင်လည်း သိန်းငါးရာရမှာလေ"

"အို. . ဒါကတော့ ရှင်တို့မိသားစုက အမွေဆိုင်အိမ်ကြီးကိုလည်း မဆုံးရအောင် ငွေလည်းပြန်ရအောင် လောဘတွေ အတောမသတ်နိုင်ဘဲ ကျုပ်ကို မက်လုံးလာပေးတာကိုး၊ ဟမ်. . ခုတော့ ကျုပ်တစ်ယောက်ထဲကို အပစ်ပုံချတယ်ပေါ့လေ ဟုတ်လား၊ သွားပြီ ကျုပ်တော့ လူပေါင်းမှားပြီ"

ဥ ရင်ဘတ်ကို တဘုန်းဘုန်းထုပြီး နောင်တတွေ အကြီးအကျယ်ရစွာဖြင့် ငိုယိုနေ၏။

"ဒီမှာ ငါတို့ကို အကယ်ဒမီရှော့ လာမလုပ်နဲ့၊ ဘယ်မှာလဲ. .





အဲဒီလူတွေ. . ပြီးတော့ ပစ္စည်းတွေ၊ နင် ပြောရင်ပြော မပြောရင်. . နင့်ကို အသေမထား. . အဲ. . အရှင်မထားဘူး"

"ဪ. . ကျုပ်တလည်း ရှင်တို့ကို ရဲစခန်းမှာ အမှုသွားဖွင့်မယ်၊ ကျုပ်ကိုယ်တိုင်လည်း ကိုယ့်အမှားကိုကိုယ် စခန်းမှာဝန်ခံမယ်"

"ဘာ. ."

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

"အောင်မလေး. . သေပါပြီတော့"

"ကဲပါ အစ်ကိုကြီးရယ်၊ ဒီအခြောက်မနဲ့ အချိန်ကုန် မခံနေနဲ့ သူတို့နောက်ကို အမီလိုက်မှ ဖြစ်မှာပေါ့"

"ဟော့ကောင်တွေ"

"ခင်ဗျာ"

"ဒီ အခြောက်စုတ် အခြောက်ပဲ့ကို ကြိုးပြန်တုတ်ထားလိုက်"

"ဟုတ်. . ဟုတ်ကဲ့"

လူဆိုးခေါင်းဆောင်အဖွဲ့ တဲအတွင်းမှ ရေးကြီးသုတ်ပျာဖြင့် ပြန်၍ ထွက်သွားကြသည်။

တဲထဲတွင် လယ်သမားလူဆိုးနှင့် ဥတို့နှစ်ယောက်ထဲ ကျန်ခဲ့ကြသည်။ ဥ ညှာတုတုပြုံးလိုက်ပြီး ကြိုးတုတ်မခံရအောင် စည်းရုံးမှ ရတော့မည်။

သူ ဒီမှာဆက်ပြီး အချုပ်ခံ၍ မဖြစ်၊ တုံတုံတို့နောက်ကို အမီလိုက်ရမည်။ သူ့ အကြံအစည်တွေကြောင့် ခုလို တုံတုံတို့ ဒုက္ခရောက်ရတာမို့ သူတို့မရိပ်မိအောင် ဟန်မပျက် ပြန်နေရမည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၅)

"ဒီ. . ဒီဖုန်းက ဥရဲ့ ဖုန်းလေ"

"ဟုတ်ပါတယ်. . အဲဒီဖုန်းထဲက မက်ဆေ့တွေကို ဖွင့်ကြည့်ပေးတာပါ"

လေပြေ လှမ်းပေးသော ဥ၏ဖုန်းကို တုံတုံ ဇဝေဇဝါဟန်ဖြင့်ယူကာ မက်ဆေ့ဖွင့်ကြည့်လိုက်သည်။

အပြန်အလှန်ပို့ထားသော စာများကြောင့် တုံတုံ မျက်နှာ ပျက်ဆင်းသွားသည်။

"ဟင်. . ဒါ. . ဒါ. . ဥ. . ဥလက်ချက်ပေါ့"





"ဟုတ်တယ်"

"ရှင်တို့ ဒီကိစ္စတွေကို ဘယ်လိုသိလဲ"

"မင်း. . ခုထိ မယုံသေးဘူးလား တုံတုံ၊ ကိုယ့်အပေါ် သံသယဖြစ်နေတုန်းလား"

"တုံတုံ မေးတာကိုပဲ ဖြေစမ်းပါ၊ ဥရဲ့ အကြံအစည်တွေကို ရှင် ဘယ်လိုသိလဲ"

"သူ့လုပ်ရပ်တွေကို ကားပေါ်မှာတုန်းက မရိပ်မိဘူး၊ ခုကျမှ သူ ကားပေါ်မှာ ဖုန်းနဲ့စာတွေ ပို့နေတာဟာ ဒီမသမာတဲ့သူတွေကို ပို့နေတာပဲဆိုပြီး ဆက်စပ်မိသွားတာပါ၊ မင်း မယုံသေးဘူးလား တုံတုံ၊ မင်း ကားပေါ်မှာ အိပ်ပျော်နေတဲ့ အချိန်ဆိုရင်. . သူ အမြဲ မက်ဆေ့ပို့တယ်၊ ငါ သတိထားမိပေမယ့် ရိုးရိုးစာပို့တယ်လို့ပဲ ထင်ထားတာ"

"တောက် လုပ်ရက်လိုက်တာ ဥရယ်၊ နင် ဒီလောက်ထိ အကြံဆက်စက်လိမ့်မယ်လို့ ထင်မထားဘူး"

သံသယတွေ ရှိပေမယ့် ထိုမျှလောက် အကွက်စေ့စေ့ ကြံစည်ထားမယ်ဟု လုံးဝကို မတွေးထားမိတာ ဖြစ်သည်။

တုံတုံ မျက်ရည်ကျကာ တရှုံ့ရှုံ့နှင့် ငိုနေ၏။

"ကဲပါ ခုကျမှ ငိုမနေပါနဲ့တော့၊ နောက်ဆိုရင် လူတိုင်းကို ကိုယ့်စိတ်နဲ့နှိုင်းပြီး မယုံပါနဲ့"

လေပြေ ဖျောင်းဖျပေမယ့် တုံတုံထံမှ လေပြေ့ကို ကျေးဇူးတင်သောအကြည့် တစ်ချက်ကလေးမှ မပို့။

"ဟေ့ လေရူးတုံတုံ. . အဲဒီမှာ ဘာလုပ်နေကြတာလဲ၊ ဒီလှိုဏ်ထဲမှာ ဝင်နေကြလေ၊ ဟိုကောင်တွေ ရောက်လာလို့ တွေ့သွားရင်. . အားလုံး အရင်ဘဝကို ပြန်ရောက်သွားကြလိမ့်မယ်"

ကနစိုပင်အောက်မှ လှမ်းအော်ခေါ်နေသော ကိုသန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် လေရူး တုံတုံကို ငဲ့ကြည့်ကာ. .

"ကဲ တုံတုံလာ. . လှိုဏ်ထဲမှာ ဝင်နေကြမယ်"

"ရှင်တို့ အဲဒီအထဲမှာ ဘာလို့ အချိန်ကုန်ခံကြမှာလဲ၊ ဒီကနေ လွတ်အောင် ကားရှိတဲ့နေရာကို မြန်မြန်သွားကြရမှာ မဟုတ်လား"

"စိတ်မလောနဲ့ တုံတုံ၊ ဒီအချိန်မှာ သူတို့အဖွဲ့ကလည်း ကား ရှိတဲ့နေရာကို အုပ်မိအောင် လိုက်ကြမှာလေ၊ ကိုယ်တို့ သက်ဆိုင်ရာကို အကြောင်းကြားထားပါတယ်၊ ဘားအံဘက်ကရဲတွေ မကြာခင် ရောက် လာကြတော့မှာပါ"

တုံတုံ မျက်ဝန်းအဝိုင်းသားလေးနှင့် လေပြေကို မော့ကြည့် ကာ. . .

"ဘယ်လို. . ရဲ. . ရဲတွေ ရောက်လာဦးမှာ ဟုတ်လား. . တုံတုံ ကြောက်တယ်၊ သူတို့ဘက်မှာလည်း သေနတ်တွေနဲ့ နှစ်ဖက်ပစ်ကြ ခတ်ကြရင်း အားလုံးကို ထိကုန်မှာပေါ့"

"ဘာမှမကြောက်နဲ့၊ သူတို့ကိုင်ထားတာတွေက တကယ့်သေ နတ်တွေမှ မဟုတ်တာ"

"ဟင်. . ရှင်. . ရှင်က ဘယ်လိုသိလဲ၊ ရှင်သိတာတွေက များ လှချည်လား"

"ဒါ ကိုယ့်စတိုင်လ်ပဲလေ. . ၊ ဘယ်နေရာ ဘယ်ဒေသရောက် ရောက် ကိုယ်ဖြတ်သန်းသွားလာနေရတဲ့ ပတ်ဝန်းကျင်ကို လေ့လာ စမ်းတာဟာ ကိုယ့်ရဲ့ဝါသနာပဲ"

တုံတုံ ဘာမှဆက်မပြောတော့ပဲ ကိုသန်းဝင်းခေါ်ရာ လှိုဏ်ဘက် ဆီသို့ လျှောက်လာလိုက်သည်။

လေပြေ တုံတုံနောက်မှ လိုက်လာပြီး ပတ်ဝန်းကျင် အခြေအ နေကို အကဲခတ်လိုက်သည်။ ခုချိန်ထိ သူတို့အဖွဲ့၏ အရိပ်အယောင်





ကို လုံးဝမတွေ့ရသေး။

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ အချိန်ကို ကြည့်လိုက် သည်။

နံနက် ဆယ်နာရီပင် ထိုးနေပြီ။ သက်ဆိုင်ရာက ခုလောက်ဆို လေပြေတို့ ရောက်နေသော တောစပ်ကို ရောက်နေကြလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

ဥသည် အစောင့်လစ်တုန်း တဲထဲမှလစ်ထွက်ကာ တောလမ်းအတိုင်း ပြေးထွက်လာခဲ့လိုက်သည်။

တဲနှင့် တော်တော်လှမ်းလှမ်းရောက်အောင် ပြေးလာရသည်မို့ လူက ဟတ်ထိုးလဲမတတ် မောဟိုက်တုန်ရီနေသည်။

ဘဝမှာ တစ်ခါလေးပဲ ကောက်ကျစ်ခဲ့ဖူးပြီး ဒီတစ်ခါလေးပဲ ကိုယ့်ရှူးကိုယ်ပြန်ပတ်မည့်ကိန်းမို့ စိတ်ဒဏ်ရာတွေရကာ တုံတုံနှင့် မျက်နှာချင်းဆိုင်ဖို့ အတော်လေးကို စိုးရွံ့မိနေသည်။

ပါးပြင်မှ မျက်ရည်တို့ တွင်တွင်စီးကာ စိတ်ထဲရှိသည့်အတိုင်း





အော်ကြီးဟစ်ကျယ် ငိုချလိုက်သည်။ ခြောက်ကပ်တွဲအတ်နေသော ငိုသံကြီးက ပတ်ဝန်းကျင်တစ်ခွင်လုံး ဟိန်းတက်သွားသည်။

"တုံတုံ ငါ့ကို ခွင့်လွှတ်ပါ၊ မတက်သင့်တဲ့ လောဘတွေ တက်မိလို့. . ခုတော့ ငါ နလန်မထူနိုင်တော့ဘူး၊ ငါ နင့်ကို ဘယ်လိုရင်ဆိုင်ရမလဲ၊ ငါ့ရဲ့ ကောက်ကျစ်မှုတွေကို နင် သိသိမသိသိ ငါကတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံတော့ဘူး၊ နင် ငါ့အပေါ် ကောင်းလာတဲ့ အကြိမ်ပေါင်းများစွာကို ငါ့ရဲ့ လောဘတွေနဲ့ ကျေးဇူးပြန်ကန်းမိပြီ၊ ငါ့ကို ခွင့်မလွှတ်ပါနဲ့ သူငယ်ချင်းရယ်. . အဲ. . ခွင့်လွှတ်ပါဟယ်"

ငိုသံတို့ ကွဲအက်ကာ ပလုံးပထွေး ပြောနေရင်းမှ သစ်အယ်ငင်ခြေရင်းတွင် ဒူးထောက်ထိုင်ချပြီး ရှိုက်ကြီးတငင်ငိုကာ အနီးရှိခြုံမှ သစ်ရွက်တို့ကို အမိပွါယ်မဲ့ ဆွဲကိုင်လှုပ်ရမ်းလိုက်သည်။

"ရှူး. . ရှူး. . ."

"အောင်မလေး မြွေ. . မြွေကြီး၊ လုပ်ပါဦး ဘုရား. . ဘုရား"

ခြောက်လက်မပတ်လည်ခန့်ရှိ မြွေကြီးမှာ ခြုံထဲမှ ထွက်လာပြီး ပါးပျဉ်းထောင်ကာ ဥကို ရန်မူဖို့ လျှာတစ်လစ်ထုတ်ပြီး ဥဘက်ကို ဝှေ့ယမ်းနေ၏။

"ရှူး. . ရှူး. ."

"ဟဲ့. . ငါ. . ငါ. . နင့်ကို ဘာမှ ရန်မမူဘူး၊ ငါက နင့်ရန်သူမဟုတ်ပါဘူး၊ သွားပါဟယ်. . ငါ. . ငါလေ ရှစ်ကြီးခိုးပါရဲ့၊ နင် ငါ့ကို အပြစ်ပေးဖို့ ရောက်လာရင်လည်း ငါလေ ကျေကျေနပ်နပ်ကြီး ခံချင်ပါတယ်၊ ဒါပေမယ့် ငါ. . ငါ. . သေရတာချင်းအတူတူ မြွေဆိပ်တက်ပြီး သေပါရစေနဲ့ဟယ်. . နော်. . နော်လို့. . ငါက ရှည်ရှည်မျော်မျော် သတ္တဝါဆိုရင်လေ မြွေတင်မဟုတ်ပါဘူး၊ တီကောင်ကအစ ကြောက်တာပါတယ်၊ သွား. . သွားပါတော့နော်၊ ကိုယ့်လမ်းကိုယ် သွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကို စုံမှိတ်ပြီး ပါးစပ်ထဲ တွေ့ကရာ စကားလုံးတွေနှင့် ရေရွတ်ပြောဆိုနေသော ဥမှာ ကြောက်လွန်း၍ သေးပင် တပြိန်းပြိန်း ထွက်ကျကုန်၏။

"အောင်မလေး . . တောစောင့်နတ် တောင်စောင့်နတ်တို့ . . မ . . မရည်ရွယ်ပဲ ထွက်သွားတဲ့အတွက် ခွင့်လွှတ်တော်မူကြပါ၊ အားလုံးကိုလည်း မေတ္တာပို့ပါတယ်"

သူ အလိုလို ကြောက်သေးထွက်သွားသည်မို့ တောစောင့်နတ်တွေကို တောင်းပန်တိုးလျှိုးလိုက်သည်။








ထို့နောက် တရှုံးရှုံးမြည်သံ မကြားရ၍ မျက်လုံးကို ခနဲတာခဲ ဖွင့်ကြည့်လိုက်သည်။

"ဟယ် . . မ . . မရှိတော့ဘူး၊ အောင်မလေး သူတော်ကောင်း နတ်မြတ်နတ်ကောင်းတွေ ငါ့ကို ကြည့်ရှုစောင်မနေတုန်းပဲ"

အခွင့်အရေးကို လက်လွှတ်မခံဘဲ ထိုနေရာမှ တဟိုးတည်း ထပြီး ပြေးရတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

"**အောင်**မလေးကွယ်တို့ သက်ဆိုင်ရာက ရဲတွေက မလာကြသေးဘူးလား၊ ဘာလုပ်နေကြတာတုန်း. . ဟမ်၊ ဒီတောထဲမှာ ဘယ်အချိန်အထိ ဆက်နေရဦးမှာလဲ"

"ဟာဗျာ. . အဒေါ်ကြီး တိတ်တိတ်နေပါဆိုမှ. . ဓါးပြတွေ ကြားသွားရင် အားလုံး ကိစ္စတုံးကုန်တော့မှာပေါ့"

"အို. . ဒီအသံနဲ့ဒီအသံ ကြားစရာလားလို့၊ ငါ အသက်ထွက်ချင်နေပြီ၊ လမ်းမှာ ဒီလိုဒုက္ခတွေနဲ့ ကြုံရမယ်ဆိုတာ ကြိုသိရင်လေ ထွက်မလာပါဘူး၊ အိမ်မှာပဲ ကိုရီးယားကားလေးကြည့်ပြီး ငြိမ့်နေပါ





တယ်"

"ကျွတ်. . ပြောလေဆိုးလေပါလား အဒေါ်ကြီးရာ"

ဥပဒေကျောင်းသားမှာ ဆွဲကြိုးငါးကျပ်သားပိုင်ရှင် အဒေါ်ကြီး ကိုကြည့်ပြီး တော်တော်လေးစိတ်ပျက်နေ၏။

"ငါ့ယောက်ျားလည်း ငါ့ကို စိတ်ပူနေတော့မှာ၊ အမလေး လွမ်း လိုက်တာ ယောက်ျားရယ်၊ ဒီအချိန်ဆိုရင်လေ ရှင်နဲ့ကျွန်မ နှစ်ယောက် အတူတူ. . ."

"ဘာလုပ်ကြတဲ့အချိန်လဲ"

အောင်နိုင်ဆိုသောလူက ကြားဖြတ်၍ ဝင်မေးလိုက်သည်။

"ဩော်. . ဘာလုပ်ရမှာလဲ ထမင်းအတူတူ စားတာပေါ့လို့၊ ဒီအချိန်ဆို သားသမီးတွေက တာဝန်ကိုယ်စီနဲ့ အလုပ်သွားကုန်ကြပြီ လေ၊ အဲဒီတော့ ငါ့ယောက်ျားနဲ့ငါ နှစ်ယောက်တည်းရှိတာ. . ."

"ကျွတ်. . ဒီအဘွားကြီး ဘာတွေပြောနေလဲ မသိပါဘူးကွာ၊ ယောက်ျားနဲ့ သုံးလေးရက်မတွေ့ရလို့ ရူးသွားပြီထင်တယ် အံ့ပါ့ကွာ"

ဆီစက်ပိုင်ရှင် အဘိုးကြီး မကြားတကြားဖြင့် ဝေဖန်၏။

တစ်ခြားလူတွေပါ ထိုအဒေါ်ကြီးကိုကြည့်ပြီး သောကတွေ ကြားမှ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

"ကဲ. . အဒေါ်ကြီး ခင်ဗျားပါးစပ်က ငြိမ်ငြိမ်နေမယ်ဆိုရင် ကျုပ်တို့ ခင်ဗျားပစ္စည်းတွေကို လူဆိုးတွေလက်ထဲက ပြန်ခိုးလာခဲ့တာမို့ ခင်ဗျားကို ပြန်ပေးမယ်"

"ဟမ်. . တ. . တကယ်. . တကယ်လား"

"ဟုတ်တယ် ခင်ဗျားပစ္စည်းတင် မဟုတ်ဘူး၊ အားလုံးရဲ့ ပစ္စည်း တွေကိုပါ ပြန်ပေးမယ်"

"အောင်မလေး ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . ဒါမှ ငါတို့မောင်လေး၊ ကျေးဇူးတင်လိုက်တာကွယ်"

"အစ် . . အစ်ကို . . ဒါဆို ကျွန်တော့်ဖုန်းလေး အရင်ပေးပါဗျာ၊ အရေးကြီးလို့ပါ"

ဥပဒေကျောင်းသားမှာ လေပြေ့နားသို့ စွေ့ခနဲ ရောက်လာပြီး သူ့ဖုန်းကို မရမက တောင်း၏။

"မင်း . . မင်းက ဘာအရေးကြီးတာလဲ၊ မင်းအိမ်ကို ဖုန်းဆက်မလို့လား၊ ဆက်မနေပါနဲ့ကွာ . . လူကြီးတွေ သက်သက်မဲ့ စိတ်ပူနေပါမယ်၊ သိပ်မကြာခင်မှာ သက်ဆိုင်ရာက ရောက်တော့မှာပဲ"

"ဟာ . . ဘယ်ကလာ လူကြီးတွေဆီ ဆက်ရမှာလဲ၊ ကျွန်တော် facebook သုံးမလို့ဗျ၊ facebook မသုံးရလို့ သူငယ်ချင်းတွေနဲ့လဲ စာမပို့ရဘူး၊ comment လည်း မပေးရ၊ share လည်း မလုပ်ရ၊ like တွေလည်း မလုပ်ရနဲ့"

"အောင်မလေးဟယ် ဘာများလဲလို့ တော်တော်အလုပ်ကြီး အကိုင်ကြီး လုပ်တာပဲ . . ဟွန်း"

"ဟာ . . ဒါ အလုပ်ကြီး အကိုင်ကြီးပဲ၊ ကျွန်တော် fb သုံးရင် ကျွန်တော်တို့စီးလာတဲ့ ကားလမ်းမှာ ဓါးပြတိုက်ခံရပြီး တောထဲကို ဖမ်းခေါ်သွားခံရတယ်ဆိုတဲ့အကြောင်း အားလုံးသိအောင် . . fb ပေါ် တင်လို့ရတာပေါ့"

ဥပဒေကျောင်းသားလေး၏ အကြံကို မည်သူမျှ မကန့်ကွက်ကြပဲ ငြိမ်သွားကြသည်။

ကျန်သည့် မိန်းကလေးများပါ ဥပဒေကျောင်းသားလေး၏ အကြံကို ထောက်ခံကာ သူတို့ဖုန်းတွေပါ ပြန်ယူပြီး လျှို့ထဲမှာပင် fb ကိုယ်စီသုံးနေကြသည်။ ဒီလိုအဖြစ်မျိုး ဒီလိုအတွေ့အကြုံမျိုး လေပြေ တစ်သက် တစ်ခါပဲ ကြုံဖူးပါသည်။





"ဟာ . . connection ကလည်း မကောင်းလိုက်တာဗျာ"

"ဟဲ့ . . ငတုံးလေးရဲ့၊ ဒီလိုတောကြီးထဲမှာ မင်းအဖေ connection က ကောင်းမလား၊ ရန်ကုန်မှာတောင် အမြဲမကောင်းတာ ကိုယ့်ကိုယ်ကိုယ် ဂျပန်ရောက်နေတယ် မထင်နဲ့"

"ဘာပဲဖြစ်ဖြစ် ဒီဒုက္ခသည်တွေကို fb ပေါ် တင်မှကို ဖြစ်မှာ အစ်မရဲ့"

ဥပဒေကျောင်းသား ဖွဲ့မလျှော့ပဲ connection အဝိုင်းလေးတို့ မမှိတ်မသုန် ထိုင်၍ကြည့်နေ၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

"ဟော့ကောင်တွေ တောနင်းရှာကြနော်၊ မိရင် အသေသာ သတ်ပစ်"

"ဘာနဲ့သတ်ရမှာလဲ အာစရိရဲ့၊ အာစရိရဲ့ သေနတ်တွေက ကျည်ဆံမရှိဘဲနဲ့ ဟန်လုပ်ပြီး ကိုင်နေရတာ"

"ဟာ. . မင်းကလည်း သေနတ်မရှိလည်း လွယ်လွယ်လေး ဆံပင်ကို ဆောင့်ဆွဲပြီး ပါးရိုက်. . ဒါမှမဟုတ် ဖက်ကိုက်၊ တွေ့ကရာ ဆွဲပြီး ချလို့ရတာပဲကွာ"

"ဟဲ့. . တော်ကြစမ်း၊ အရည်မရ အဖတ်မရတွေ ပြောမနေနဲ့





ခြိုးခြိုးခြက်ခြက်လေး ရမလားလို့ အမွေဆိုင်အိမ်ကြီးကို ရောင်းလိုက်ပါတယ်၊ မရမယ့်အပြင် ထောင်ထဲဝင်ရမယ့်ကိန်း ဆိုက်နေတာကို နင်တို့က သောက်စကား များနေရသေးလား"

လူဆိုးခေါင်းဆောင်မိန်းမ သေနတ်ကိုင်ထားသော တပည့်နှစ်ယောက်ကို အော်ကြီးဟစ်ကျယ် အပြစ်တင်လိုက်သည်။

"ဆ. . ဆရာကြီး သူတို့ကိုမိရင် ကျွန်တော်တို့က တကယ် သတ်ရမှာလား"

"အေး. . သတ်ပစ်၊ သေနတ်က ပစ်မရပေမယ့် မင်းတို့မှာ ဓါးတွေပါတယ်၊ အဲဒီဓါးနဲ့ သတ်"

"ဟာ. . မသတ်ဘူး၊ ဘာအကျိုးမှ မရှိဘဲ လူသတ်ရမှာလား ဗျာ၊ နေပါစေ. . ပိုက်ဆံ သိန်းတစ်ရာ မရရင်လည်း နေ၊ လူသတ်တဲ့ အလုပ်တော့ မလုပ်ဘူး"

"အေး. . မင်းမလုပ်ရင် သူတို့က မင်းတို့ ငါတို့ကို ထောင်ထဲ အရောက်ပို့မှာကွ"

"ပို့ပစေဗျာ၊ ထောင်ထဲသွားနေရတာမှ ကိုယ့်လိပ်ပြာကိုယ် သန့်မယ့်ဟာ ဒီလူတွေကိုသတ်ပြီး အသက်ရှင်နေသရွေ့ စိတ်ခြောက်ခြားရမယ့်အလုပ်ကြီး မဟုတ်ဘူး"

"ဟာ. . ခွေးမသား၊ လုပ်တုံးက အတူတူလုပ်ကြပြီး ခုကျမှ ကိုယ်လွတ်ရုန်းဖို့ မကြိုးစားကြနဲ့"

"ဒါဆိုရင် သူတို့ကို တွေ့တာနဲ့ ဘယ်လိုရင်ဆိုင်ရမလဲ၊ သေနတ်ထဲမှာ ကျည်ဆံမရှိဘူးဆိုတာသိရင် သူတို့ဘက်က ပြန်ပြီး ခုခံကြမှာ တို့ဘက်က လူအင်အားက ကားတစ်စီးစာနော်. . လျှော့မတွက်နဲ့"

"နေဦး. . အဲဒါထက် အရေးကြီးတာ ရှိသေးတယ်"

တပည့်တစ်ဦးက ကြားဖြတ်ဝင်ပြော၍ လူဆိုးခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကလျှောက်နေရင်းမှ လှည့်ကြည့်ပြီး. . .

"ဘာလဲ ဘာအရေးကြီးတာလဲ"

"ဟိုလေ. . ဒီသေနတ်တွေက ရုပ်ရှင်ခြံက ကိုအာလူးဆီကနေ တစ်နေ့ကို တစ်ထောင်နှုန်းနဲ့ ငှားထားတာနော်၊ စုစုပေါင်း ရှစ်ချောင်းဆိုတော့ ရှစ်ထောင်. . ငှားထားတာ ငါးရက်တောင် ရှိနေပြီဆိုတော့ အားလုံး လေးသောင်းကုန်မယ်၊ အလုပ်မဖြစ်ရင် ဘယ်သူရှင်းမှာလဲ၊ ကျွန်တော်ကတော့ မရှင်းဘူးနော်၊ အိပ်စိုက်တွေက များနေပြီ၊ ဒီက အချီကြီးရမှာပဲဆိုပြီး ရှိစုမဲ့စုလေး အရင်ထုတ်သုံးနေတာ၊ အိတ်ထဲမှာ ငါးထောင်တောင် မကျန်တော့ဘူး"

"ဟာ. . သောက်ခွေးမသား၊ သောက်ရေးထဲ ငွေစကားက ပြောနေသေးတယ်. . ကဲကွာ"

"ဘုန်း. ."

"အွန့်"

တောစီးဖိနပ်ဖြင့် ရင်ဝကို ဆောင့်ကန်လိုက်သည်မို့ ဘိုတပည့်မှာ အင့်ခနဲဖြစ်ပြီး ဘာမှဆက်မပြောရဲတော့။

အားလုံး ဘာစကားမှမပြောဘဲ တောထဲရှိ အပင်များ တိုးဝှေ့ရင်း လေမြေတို့အဖွဲ့ကို လိုက်ရှာကြသည်။

ထိုစဉ် ဖုန်းမြည်သံတစ်ချက်ကို ကြားလိုက်ရသည်မို့ လူဆိုးအဖွဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး. . .

"ဒါ ဖုန်းမြည်သံပဲ၊ ဟုတ်တယ် သေချာတယ် ဖုန်းမြည်သံပဲ ဒါဆို သူတို့တွေ ဒီအနီးအနားမှာပဲ ရှိလောက်ဦးမှာ"

လူဆိုးခေါင်းဆောင် အသံကြားရာဘက်သို့ နားစွင့်ပြီး တတ်ကြွသောလေသံဖြင့် ပြော၏။

"ကျုပ်ကတော့ ရှင့်ကို ရှေ့ဆက် မတိုးစေချင်တော့ဘူးတော်





အကြွေးတွေ ပတ်လည်ဝိုင်းနေလို့သာ ကိုကြီးခိုင်းတဲ့အတိုင်း လုပ်ရတာ၊ အကြမ်းမှာက ကိုယ့်ဘက်မှ မပါတော့တာ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိတဲ့၊ အခု သူတို့နဲ့ ရင်ဆိုင်တော့ရော ဘာထူးမှာလည်း သူတို့ကို သတ်ပစ်တော့ရော ကျုပ်တို့ လုပ်နိုင်မှာမို့လား၊ ဖမ်းမိသွားရင် ကြိုးပေးသတ်ခံရမယ်၊ တစ်သက်တစ်ကျွန်းကျမယ်၊ လွတ်မြောက်သွားရင်လည်း ရှေ့ဆက်ရမယ့် ညပေါင်းများစွာမှာ ကောင်းကောင်း ခေါင်းချကျ အိပ်ရမှာမဟုတ်ဘူး"

မိန်းမဖြစ်သူ၏ စကားကြောင့် လူဆိုးခေါင်းဆောင် တွေဝေသွားသည်။ ခရီးသည်တွေနဲ့ ရင်ဆိုင်တိုးပါပြီတဲ့၊ ဒီယောက် လူအများကြီးကို ဘယ်လိုသတ္တိမျိုးနဲ့ သတ်ရမှာလဲ၊ တကယ်ဆို ကိုယ်တွေက ခါးပြစစ်စစ်ကြီးတွေမဟုတ်၊ ရုပ်ဖျက်ပြီး အချိုအချောင်နှိုက်ချင်တဲ့ အကြံသမားတွေ. . .။

"ဒါဆိုရင် ငါတို့ ဘာလုပ်ရမှာလဲ"

"သူတို့နဲ့ ရင်မဆိုင်တော့ဘဲ ကိုယ့်လမ်းကိုယ် ပြန်ရုံပေါ့၊ ကျုပ်တို့ရဲ့ အဓိကပစ်မှတ်က ကျုပ်တို့ရဲ့ အမွေဆိုင် ဘိုးဘွားပိုင်အိမ်ရဲ့ ပိုင်ဆိုင်မှု ဂရန်မြေစာချုပ်၊ အခု ဒါကိုမရမှတော့ ဆက်ပြီး ကိုယ့်သေတွင်းကိုယ် တူးမနေနဲ့တော့၊ သူတို့ဆီမှာ ဖုန်းရသွားပြီ ဆိုမှတော့ သက်ဆိုင်ရာကိုလည်း အကြောင်းကြားပြီးလောက်ပြီ"

မိန်းမပေးသောအကြံသည် ငြင်းပယ်ဆန့်ကျင်၍ မရလောက်အောင်ကို မှန်ကန်နေသည်မို့ လူဆိုးခေါင်းဆောင် ခေါင်းငိုက်စိုက်ကျသွားသည်။

လူဆိုးတွေ အမြင်မှန်ရကာ လှည့်ပြန်မည်အပြု ဒရောသောပါး တောတိုးလာသော ဥကိုမြင်လိုက်ရ၍ လူဆိုးမျက်နှာ ပြန်၍ ခက်ထန်သွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . အခြောက်မ၊ နင်. . နင် ထွက်ပြေးလာတယ်ပေါ့"

"ဟုတ်တယ်၊ ဟို. . ဟိုမှာ. . ရဲ. . ရဲတွေ လာနေပြီ"

"ဘာ. ."

"ဟုတ်တယ်၊ ကျုပ်လည်း ခုပဲ တွေ့ခဲ့တာ"

"ဒါ. . ဒါဆို ကျုပ်တို့နဲ့ တိုးလို့မဖြစ်ဘူး၊ လာ. . လာ. . လှိုဏ်ထဲ ဝင်ပုန်းနေကြမယ်. . လာ"

လူဆိုးအဖွဲ့ရော ဥရော လှိုဏ်ကြီးဘက်သို့ ဝရုန်းသုန်းကား ပြေးဝင်လာခဲ့ကြသည်။

လှိုဏ်ထဲတွင် လေပြေတို့အဖွဲ့ ရှိနေသည်ကို လုံးဝမတွေးမိကြ







# အခန်း (၂၉)

"ဟင် . . ."

"အမလေး. . လာကြပြီ. . လာကြပြီ"

အဒေါ်ကြီး၏ အလန့်တကြား အသံကြောင့် ဖုန်းကိုယ်စီဖြင့် ငြိမ်နေကြသော ခရီးသည်တွေ၏အကြည့်မှာ လှိုဏ်ထဲဆင်းလာသော လူဆိုးအဖွဲ့ဆီသို့ ရောက်သွားကြသည်။

လူဆိုးအဖွဲ့ကလည်း လေပြေတို့အဖွဲ့ကိုမြင်ကာ ရှုံ့တိုးရှုံ့တန်း ဖြစ်သွားကြသည်။

"မင်းတို့က ဒီမှာလာပုန်းနေကြတာပဲ၊ အေးပေါ့ကွာ. . ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တကူးတက ရှာစရာမလိုတော့ဘူးပေါ့၊ ဟော့ကောင်တွေ အဲဒီလူတွေ ငါတို့ဆီက ပြန်ယူသွားတဲ့ ငွေတွေနဲ့ လက်ဝတ်လက်စားတွေကို ပြန်သိမ်းစမ်း၊ ခေါင်းမာနေရင် တစ်ခါတည်း ပစ်သတ်လိုက်"

လူဆိုးခေါင်းဆောင်၏ အမိန့်ကြောင့် သေနတ်ကိုင် တပည့်တစ်ဦး တွန့်ဆုတ်တွန့်ဆုတ်နှင့် ရှေ့သို့တိုးသွား၏။

ဥ အချိန်မီ ဝင်တားသည့်ဟန်ဖြင့် တုံတုံရှေ့မှ ဝင်၍ ကာရံလိုက်ပြီး. . .

"နင်တို့ ဒီတစ်ခါ ဘာမှမမျှော်လင့်နဲ့တော့၊ သူတို့ကို ရန်မူမယ်ဆိုရင် ငါ့ကို အရင်သာသတ်လိုက်၊ ငါ့ရဲ့ သူငယ်ချင်းကိုတော့ ထိလို့မရဘူး"

ဥ စကားကြောင့် တုံတုံ နှုတ်ခမ်းအစုံ တွန့်ကွေးကာ မဲ့လိုက်ပြီး. . .

"ရုပ်ရှင်လာရိုက်ပြမနေနဲ့ ဥ၊ ဒီလိုအခြေအနေ ဖြစ်လာအောင် နင်ဖန်တီးထားတာပဲ၊ ငါ့ရှေ့မှာ အပိုအလုပ်တွေ လာလုပ်ပြမနေနဲ့"

တုံတုံစကားကြောင့် ဥ မျက်နှာတစ်ချက် ပျက်ယွင်းသွားကာ တုံတုံကို တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ဟုတ်တယ်. . ငါ မတက်သင့်တဲ့ လောဘတွေ တက်မိလို့ ခုလိုမျိုးတွေ ဖြစ်သွားတာ. . ငါ ဝန်ခံတယ်၊ ဒါပေမယ့် နင်. . နင်က ဘယ်လိုသိလဲ တုံ. ."

"ဒီမှာလေ နင့်ဖုန်းထဲက မက်ဆေ့တွေ ငါ အားလုံး ဖတ်ပြီးသွားပြီ"

"ငါ. . ငါတောင်းပန်ပါတယ် တုံရယ်၊ ငါလေ နင့်အပေါ်မှာ အကောက်ကြံသလို ဖြစ်သွားမိတယ်၊ ဒီလူယုတ်မာတွေရဲ့ စကားတို နားယောင်ပြီး ငွေနောက်ကို လိုက်ခဲ့မိတယ်၊ အဲဒီအတွက် ငါ ကိုယ့်





အပြစ် ကိုယ်ခံပါ့မယ်"

"ဒါပေါ့. . နင့်အပြစ်ကို နင်ခံရမှာပေါ့"

"ဟေ့. . စကားပြောဖို့ အချိန်မရှိဘူး၊ ပစ္စည်းတွေမြန်မြန်ထုတ်ကြစမ်း၊ အားလုံး မသာမပေါ်ချင်ရင် မြန်မြန်လုပ်"

"အဟတ်. . ဒီမှာ ဘယ်သူက မသာပေါ်မှာလဲ၊ ကျုပ်တို့က ပေါ်စရာ အကြောင်းမရှိဘူး၊ တကယ်တမ်း ပေါ်ရမှာ ခင်ဗျားတို့အဖွဲ့ ကျည်ဆံမပါတဲ့ သေနတ်အတုတွေနဲ့ လူတွေကို လာခြိမ်းခြောက်နေတယ်၊ ကျုပ်တို့က အရူးမဟုတ်ဘူး"

"ဟမ်. . ဘာ. . ဘာတွေ. . လာပြောနေတာလဲ၊ ဒါ အတုမဟုတ်ဘူး. . အ. . အစစ်တွေကွ"

လူဆိုးခေါင်းဆောင် မျက်စိမျက်နှာပျက်ဖြင့် ဖွတ်ငြင်းသည်။

"ဟား ဟား. . ဟား. . ဒါဆိုရင် ပစ်ပြလေ. . ပစ်ပြ"

ဥပဒေကျောင်းသားလေး ရှေ့သို့တိုးလာပြီး သူ့ရင်ဘတ်ကို ကော့ပြသည်။

"ဘယ်ဇာတ်အဖွဲ့က ငှားလာတဲ့ သေနတ်လဲ မသိပါဘူးကွာ၊ ဟား. . ဟား. . ဟား မူကြိုဦးနှောက်လေးတွေနဲ့ ငါတို့ကို လာပတ်နေတယ်"

"ဟုတ်ပ့ါတော် အဲဒီသေနတ်ထဲမှာ ကျည်ဆံတစ်ကယ်ရှိတယ်ဆိုရင် ကျုပ်ကို အရင်ပစ်ကြည့်ပါတော်၊ သေနတ်အတု အပစ်ခံရလို့ သေဖူးတယ်ရှိအောင် သေကြည့်ချင်တယ်"

အားလုံး တစ်ယောက်တစ်ပေါက် ဝိုင်းလှောင်ကြသဖြင့် လူဆိုးခေါင်းဆောင် ဒေါသတွေ ဆွေ့ဆွေ့ခုန်နေ၏။

ပြီးနောက် ဥကိုတွန်းထုတ်ကာ တုံတုံကို ဆောင့်ဆွဲခေါ်လိုက်ပြီး သူ့ခါးမှာ ထိုးထားသည့် ဓါးမြောင်းကိုထုတ်၍ တုံတုံ့လည်ပင်းမှာ ထော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ရုတ်ရက်မို့ အားလုံးကြောင်သွားသည်။

“ကဲ. . တွေ့လား၊ ခင်ဗျားတို့ ပစ္စည်းတွေ ဒီရှေ့မှာ လာချရင် ချ. . မချရင် သူ့ကို သတ်ပစ်လိုက်တော့မယ်”

“အို မချနဲ့. . ဒီလူယုတ်မာတွေကို ဘာမှ ပေးစရာအကြောင်း မရှိဘူး၊ တုံတုံ သေချင်သေပစေ. . ဒီလူယုတ်မာတွေ လက်ထဲကို တစ်ရာတန် အစုတ်တစ်ရွက်တောင် အပါမခံနဲ့”

တုံတုံကလည်း အာဂသတ္တိ၊ ကြောက်စိတ်တွေ လုံးဝထုတ်မပြ

ဥ လဲကျနေရာမှ ကပျာကယာထပြီး လူဆိုးခေါင်းဆောင်ဆီ ပြေးဝင်လာပြီး ခေါင်းဆောင်လက်ထဲမှ ဓါးကိုလုသည်။

“နင်တို့ ငါ့သူငယ်ချင်းကို မထိနဲ့၊ ငါ အသက်နဲ့လဲပြီး ကာကွယ်မယ်”၊

“ဟာ. . ဒီသောက်အခြောက်၊ ဖယ်စမ်း. . ဝင်မရှုပ်နဲ့”

“အမလေး လာကြပါဦး. . ကယ်ကြပါဦး၊ ဟောဒီမှာ လူသတ်မားပြတိုက်နေပါတယ်တော်”

ဓါးကိုလည်းလု ပါးစပ်မှလည်း အသံကုန်ဟစ်ကာ အကူအညီတောင်းသည်။ ရဲတွေသာ ဒီအနီးအနား ရောက်နေလောက်ပြီဆိုလျှင် ဥအသံကိုကြားပြီး ဒီလှိုဏ်ထဲကို ချက်ချင်းရောက်လာနိုင်သည်ဟူသော အကြံနှင့် ဖြစ်သည်။

“ဟာ. . ဒီကောင်မ. . ကဲကွာ”

“ဘုန်း. . ”

“အွန့်. . ”

ဗိုက်ကို ဆောင့်အကန် ခံလိုက်ရ၍ ဥ မြေပြင်ပေါ် ဖင်ထိုင်လျက် လဲကျသွားသည်။



ထိုအခြေအနေကို အခွင့်ကောင်းယူပြီး လေပြေ လူဆိုးခေါင်းဆောင်ဆီ ပြေးဝင်ကာ ဓါးကိုင်ထားသောလက်ကို ခြေဖြင့် ဖြတ်ကန်လိုက်သည်။

ဓါးမှာ ကျောက်တုံးတွေကြားထဲ လွင့်သွားသည်။

“သြော်. . မင်းက ငါနဲ့ လက်ရုံးချင်းယှဉ်ချင်တယ်ပေါ့ ဟုတ်လား၊ ရတယ်. . ငါက ဒါမျိုးဆို လက်ရည်စမ်းချင်တာကွ”

“ဟေ့ကောင်တွေ. . မင်းတို့ တစ်ယောက်မှဝင်မပါကြနဲ့၊ ဒီကောင့်ကို ငါ အပြုတ်ဖြုတ်မယ်”

“ရတယ်. . ရတယ်၊ ခင်ဗျားဖြုတ်လို့ပဲ ကျုပ်က ပြုတ်မလား၊ ကျုပ်ဖြုတ်လို့ပဲ ခင်ဗျားပြုတ်မလား ကြည့်ရသေးတာပေါ့၊ လာလေ. . လာပါ. . ယှဉ်ကြတာပေါ့၊ ဖြောင်း. . ဖြောင်း. . ”

လေပြေ လက်ဖွေ့သမားဟန်ဖြင့် လက်ခမောင်းခတ်ပြ၏။

လူဆိုးမိန်းမ ကြောက်ရွံ့သွားဟန်ဖြင့် သူ့ယောကျ်ားနားတိုးကာ. .

“ရှင် သူနဲ့ ယှဉ်နိုင်ပါ့မလား. . ဟမ်၊ ဟိုက လက်ဖွေ့သမားထင်တယ်”

“လေရူး ဖိုက်တင်း. . သူက လူကသာ ဝိတ်ပေါကြီးကွ မင်းတချီထိုးတာနဲ့ ကျိုးမှာ ရွှေမှုံဝံတို့ ဝမ်ချိုင်းတို့ကိုတောင် နိုင်လာသေးတာပဲ၊ သူ့ကိုတော့ သိပ်အားမစိုက်ရလောက်ပါဘူး”

ကိုသန်းဝင်းက ဘေးတီးပေး၏။ လူရှိန်အောင်ဟူသော အကြံနှင့် ဖြစ်သည်။

“ဖြောင်း. . ဖြောင်း. . ဖြောင်း”

လေပြေ့ထံမှ လက်ခမောင်းသံပေးလေ၊ လူဆိုးကြီး ခြေထောက်တစ်ချက်ကို မြှောက်ချလေနှင့် ပုံစံမှာ ကြောက်ချီးပါနေပုံ ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျား. . ရှင်. . ရှင် ဖြစ်ပါ့မလား၊ ဟိုက လက်ဝှေ့သမား ထင်တယ်နော်"

လူဆိုးမိန်းမ လူဆိုးကို ကပ်ပြီး သတိပေး၏။

အမှန်ဆို လေပြေသည်လည်း သူတို့ထင်သလို လက်ဝှေ့သမား မဟုတ်ပါ။ သူတို့ အကွက်ရွှေ့သလို ကိုယ်ကလည်း ပြန်ပြီး အကွက်ရွှေ့သည့်ပုံစံဖြင့် သဏ္ဍာန်လုပ် သရုပ်တူအောင် ဟန်လုပ်ပြခြင်းဖြစ်သည်။

တကယ့်တကယ် သူနိုင်ကိုယ်နိုင်ချမည်ဆိုပါက ဒီလူဆိုးခေါင်းဆောင်ကို လေပြေနိုင်အောင် ချနိုင်မည်မဟုတ်။

ကိုသန်းဝင်းကပါ တမင်ဝင်ပြောပေးသဖြင့်. . လူဆိုးခေါင်းဆောင်မှာ မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားသည်။ ပြီးမှ သူ့ကိုယ်သူ ရဲဆေးတင်ကာ

"အို. . ငါက ဘာကိုဂရုစိုက်နေရမှာလဲ၊ လုံးဝမကြောက်ဘူး ဒီကောင့်လောက်က တစ်ချက်ကိုင်ဆောင့်စာပဲရှိတယ်"

ပြောမည့်သာ ပြောနေတာ လူဆိုးခေါင်းဆောင်၏ လေသံမှာ ပျော့နေသည်။

"ကဲ. . လာပါ ဝိတ်ပေါ်ကြီး၊ မကြောက်နဲ့ ခင်ဗျားကို လက်သီးချက်ပျော့ပျော့လေးတွေပဲ ထိုးမှာပါ"

"ယား. . ယိစ်"

လူဆိုးခေါင်းဆောင် မနိုင်နိုင်အောင် ချမည့်ဟန်ဖြင့် ပြေးဝင်လာပြီး လက်ခမောင်းခတ်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေသော လေပြေ့ကို ဝင်လုံးသည်။

နှစ်ယောက်သား မြေပြင်ပေါ်မှာ လုံးထွေးသွားသည်။

တကယ်တမ်းလုံးထွေးသတ်ပုတ်နေတော့ လေပြေက အောက်မှာ ပိနေသည်။





"လေရှူး ဘာလုပ်နေတာလဲ. . ချ. . ချပေး၊ မျက်နှာကို လက်သီးနဲ့ ပစ်ကျွေးလိုက်"

တုံတုံ ကြားထဲမှ မနေသာတော့. . အားမလိုအားမရဖြစ်ကာဝင်၍ အားပေးသည်။ တကယ်တမ်း တုံတုံရင်ထဲမှာ လေရှူးခံလိုက်ရမှာကို ကြောက်မိတာတော့ အမှန်ပါ။

"ဒိုင်း. . ဒိုင်း. . "

ရုတ်တရက် ပေါ်ထွက်လာသော သေနတ်သံနှစ်ချက်ကြောင့် အားလုံး မှင်တက်အံ့ဩသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၀)

"ဟေ့ . . အားလုံး လက်မြှောက်ကြစမ်း၊ တစ်ယောက်မှ မလှုပ်နဲ့ . . ."

သက်ဆိုင်ရာရဲတွေ ရောက်လာသဖြင့် ခရီးသည်တွေအားလုံး ဝမ်းသာသွားကြသည်။

လူဆိုးတွေလည်း ပြေးပေါက်ပိတ်ကုန်ကာ လက်နက်အတူတွေ မြေပေါ် ချပြီး အားလုံးလက်မြှောက်ထားကြရသည်။

လူဆိုးခေါင်းဆောင်မှာ လေပြေနှင့် လုံးထွေး သတ်ပုတ်နေရာမှ အခြေအနေမဟန်၍ ထွက်ပြေးရန် ကြိုးစားသည်။





"ဟေ့ . . မပြေးနဲ့ ရပ်စမ်း၊ ဆက်ပြေးနေရင် မင်းခြေထောက်ထဲ ကျည်ဆံမြုပ်ပစ်လိုက်မှာနော်"

ရဲအရာရှိ လှမ်းအော်ပြောလိုက်သည်မို့ လူဆိုးခေါင်းဆောင်မှာ ဆက်မပြေးရဲတော့ဘဲ နေရာမှာတင် လက်မြှောက်ပြီး ရပ်နေရသည်။

ရဲတွေ လက်နက်အတူတွေကို ကောက်သိမ်းကာ လူဆိုးအားလုံးကို လက်ပြန်ကြိုး တုတ်လိုက်သည်။

ဥကိုတော့ ခရီးသည်ထဲကမို့ ရဲတွေ လက်ထိပ်ခတ်ခြင်း မပြု၊ တိုတို ဥအနားသို့ လျှောက်သွားကာ . .

"နင့်ဆီမှာ အပြစ်ရှိတယ်လို့ မခံစားရဘူးလားဥ"

"ငါ့မှာ အပြစ်ရှိပါတယ် တိုတို"

"ဒါဆို နင် သူတို့နဲ့အတူရောပြီး အဖမ်းခံရမှာ မဟုတ်လား၊ နင့်အပြစ်ကို နင်ဝန်မခံရင် ငါကနင့်ကို တရားလိုအဖြစ် တရားစွဲမယ် ဥ"

စိမ်းတောက်သော တိုတို့စကားကြောင့် ဥ မျက်ရည်တို့ လိမ့်ကျကာ တရှုံ့ရှုံ့ငိုသည်။

"ဟုတ်ပါတယ် တိုတိုရယ်၊ ငါ အပြစ်ကို ငါ ဝန်ခံမှာပါ၊ ဒါပေမယ့် ငါအဖမ်းမခံခင်မှာလေ နင့်ကိုတောင်းပန်သွားချင်တယ်၊ အဲဒီလိုမှ မတောင်းပန်ရရင်လေ၊ ငါ ထောင်ထဲရောက်ပြီး ထောင်ထဲမှာ သေရမယ်ဆိုရင်တောင် အသေဖြောင့်မှာ မဟုတ်ပါဘူး"

ငိုသံနှောသော အသံဖြင့် ပလုံးပထွေးပြောပြီး ဥ တိုတို့ခြေမှာ ဒူးထောက် ထိုင်ချလိုက်သည်။

"နင် ငါ့ကို မတောင်းပန်နဲ့၊ နင် တောင်းပန်လို့လဲ . . ငါ နင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဒီနေ့ကစပြီး နင်နဲ့ငါနဲ့ ဘာမှမပတ်သက်တော့ဘူး၊ ငါတို့ သူငယ်ချင်းဖြစ်ခဲ့တဲ့ အချိန်တွေကို ငါ့အတိတ်မှာ ဖျက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီ ဥ၊ ငါတို့ ဒီနေ့ကစပြီး သေတဲ့အထိ မတွေ့ဘဲနေကြရအောင်"

"အောင်မလေး အဲလိုမလုပ်ပါနဲ့ တုံရယ်၊ ငါ . . ငါလေ ထောင်ထဲဝင်ရရင်တောင်မှ နင့်ဆီက အပြုံးလေးတစ်ချက်ကို ငါ မြင်သွားချင်တယ်၊ နင့်အမုန်းတွေပိုက်ပြီး မဝင်ပါရစေနဲ့ . . နော် . . နော်လို့"

"တော်စမ်းဥ . . နင် တော်တော်လောဘကြီးတာပဲ၊ နင့်ကြောင့် ငါတင်မဟုတ်ဘူး . . အပြစ်မဲ့တဲ့ တခြားခရီးသည်တွေပါ ဒုက္ခရောက်ကြရတယ်၊ လေပြွေကိုလည်း ငါ အထင်လွဲခဲ့တယ်၊ အဲဒါတွေ အားလုံးကိုရော နင် ဘယ်လိုတာဝန်ယူမလဲ"

"ငါ သိပါတယ်၊ ငါ့လုပ်ရပ်တွေ မှားမှန်းလည်း ငါသိပါတယ် တုံရယ်၊ ငါ ဘာကြောင့် ခုလိုလောဘတက်သွားရလဲဆိုတာ ငါမပြောလည်း နင်သိပြီးသားမို့ ဟောဒီအရှက်မရှိတဲ့ မျက်နှာကြီးနဲ့ ပြန်ပြီးစမြို့ မပြန်ပါရစေနဲ့တော့"

"ကဲ . . ခင်ဗျားက အဓိကတရားခံဆိုတာလည်း ထင်ရှားပေါ်လွင်နေပြီမို့ ခင်ဗျားကိုပါ ဖမ်းရမယ်"

ရဲအရာရှိ ဒူးထောက်ထိုင်နေသော ဥ လက်ကိုလှမ်းပြီး လက်ထိပ်ခတ်လိုက်သည်။

"ဖမ်းပါ၊ ဥ . . ဥလေ . . ကျေကျေနပ်နပ်ကြီး အဖမ်းခံပါတယ်၊ ဥအပြစ်ကို ဥခံပါ့မယ်၊ ဥလေ ကျေကျေနပ်နပ်ကြီးကို ခံပါတယ်"

တုံတုံ့ရင်ထဲ ဆို့နင့်ကာ . . ငိုချင်ပေမယ့် မျက်ရည်မကျအောင် စိတ်ကို တင်းထားလိုက်သည်။

ဥ အရှေ့မှာ တုံတုံ မျက်ရည်ကျလို့မဖြစ်။







# အခန်း (၁၁)

သူငယ်ချင်းအတွက် ဖြေမဆည်နိုင်သော နာကျင်မှုတွေနှင့်အတူ ဆာလောင်မှုတွေရော ပင်ပန်းသည့် ဒဏ်တွေပါ ပေါင်းစုကာ တုံတုံ ခြေလှမ်းတွေ လေးလံနှေးကွေးနေသည်။

ကားဆီသို့ တောလမ်းအတိုင်း ပြန်လျှောက်ရသည့်အတွက် လူက သိပ်မဟန်နိုင်တော့၊ မျက်လုံးတွေပြာဝေကာ မြင်မြင်သမျှ ခြုံနွယ် သစ်ပင်တို့သည် ဝေဝါးနေ၏။

တောသဘာဝ ကျေးငှက်သာရကာတို့၏ အော်သံလေးတွေသည်ပင် စိတ်ထဲမှာ သာယာသည်ဟု မခံစားနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေ ရှေ့ကရောက်နှင့်နေပြီ၊ တုံတုံက နောက်မှာ ပြတ်ကျန်ခဲ့သည်။

"တုံတုံ မင်းပုံစံက အရမ်းပင်ပန်းနေသလိုပဲ၊ ဆက်လျှောက်လို့ ဖြစ်ရဲ့လား"

အနားမှာ တစ်ချိန်လုံး အရိပ်လိုကြည့်ပြီး လိုက်လာသော လေပြေ့ကို ရီဝေစွာ ငဲ့ကြည့်လိုက်ပြီး. . .

"ဖြစ်ပါတယ်၊ တုံတုံ စိတ်ကိုတင်းထားပါတယ်"

စိတ်ကို တင်းထားသည်ဟုသာ ပြောနေတာ တုံတုံ့နှုတ်ခမ်းနှင့် မျက်နှာမှာ သွေးမရှိသလို ဖြူဖွေးနေသည်။

လေပြေ စိုးရိမ်သွားသည်။ ဒီလောက်ကြမ်းသော ခရီးလမ်းကို ဒေါက်ဖိနပ်နှင့် လျှောက်နေမှတော့ ဘယ်မှာလာပြီး သက်တောင့်သက်သာ ရှိတော့မှာလဲ။

ဒီတော့ ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲတင်းတင်း ချလိုက်သည်။ ထို့နောက် စိတ်ကိုရဲဆေးတင်ကာ တုံတုံ၏ ကိုယ်လေးကို ဆွေ့ခနဲပွေ့ချီလိုက်သည်။

ရုတ်တရက်မို့ တုံတုံ လန့်သွားသည်။

"အို. . ရှင် ဒါ ဘာလုပ်တာလဲ၊ လွှတ်. . လွှတ်စမ်း"

"ဖြန်း. ."

လေပြေ့ပါးကို တုံတုံချလိုက်သည်။

"ဒီမှာ. . တုံတုံ ကိုယ်မင်းကို မရိုးသားတဲ့စိတ်နဲ့ ခုလိုလုပ်တာ မဟုတ်ဘူး၊ ရှေ့ကို နှစ်မိုင်ကျော်လောက် မြို့တိုးပြီး လျှောက်ရဦးမှာ မင်း ဘယ်လို ဆက်လျှောက်မလဲ၊ ငါ ဒီလို ပွေ့ချီသွားမှ မင်းလဲမကျမှာ မင်းပုံစံက သတိလစ်မတတ် ပင်ပန်းနေပြီဆိုတာ ငါ သိတယ်၊ ဒါကြောင့် မာနကို ရှေ့တန်းတင်မနေနဲ့၊ ကိုယ့်သက်သာပေါက်ကိုပဲ ရွေး. . ."





"အို ဒီလိုလုပ်ရအောင် ရှင်နဲ့ကျွန်မနဲ့ ဘာပတ်သက်လို့လဲ၊ လူမြင်လို့လည်း မကောင်းဘူး၊ ချပေး. . ကိုယ့်ဟာကိုယ် လမ်းလျှောက်မယ်"

"ဘာလဲ မင်းက ပတ်သက်မှ အချိုခံမှာလား၊ အဲဒီလို သဘောကို ပြောတာလား"

"ရှင်နော်. ."

"ငါ့စေတနာကို မင်းဘာလို့ ခုချိန်ထိ ဒီလိုပုံစံနဲ့ တုန့်ပြန်နေရတာလဲဆိုတာ ငါ နားမလည်ဘူး၊ ငါဆိုတဲ့ကောင်က ဘယ်မိန်းမကိုမှ အဲဒီလိုစေတနာတွေ ဂရုစိုက်မှုတွေ ပေးခဲ့ဖူးတာမဟုတ်ဘူး၊ မင်းဟာ ပထမဆုံးပဲ"

"အဲဒီမှာ လဲသေလိုက်"

"ကျွတ်. . မင်း တော်တော် ပြောရခက်တဲ့ မိန်းကလေးပဲ၊ ငါ သိပ်ချစ်တဲ့ မိန်းကလေးမို့ ပါးရိုက်ခံပြီး ပွေ့ချီတာကွ၊ ငါ ဘာမှမခံစားရတဲ့ မိန်းမသာဖြစ်ကြည့် ခုချက်ချင်း မြေကြီးပေါ် ပစ်ချပြီး ဖနောင့်နဲ့တောင် ပေါက်ပစ်ခဲ့တယ်. . နားလည်လား"

"အို မသိဘူး၊ ရှင် ပြန်ချပေးလို့ ပြောနေတယ်နော်၊ ကျွန်မကို မတော်မတရားလုပ်ဖို့ ကြံနေပါတယ်လို့သာ အော်လိုက်ရင် ရှင်လည်း ဟိုလူဆိုးအဖွဲ့နဲ့ ဘဝတူသွားမယ်၊ ဒါကြောင့် ခုချက်ချင်း ပြန်ချပေး"

တော်တော်လေးခေါင်းမာသော တုံတုံ့ကို ဆက်မပြောလိုတော့၍ မြေကြီးပေါ် ပြန်ချပေးလိုက်သည်။

တုံတုံ ဒယီးဒယိုင်ဖြင့် ရှေ့ကနေ ချိန်နဲ့နဲ့ လျှောက်သွားသည်။

လေပြေ တမင်ပင် ပညာပေးချင်သောကြောင့် တုံတုံ့ကို မစောင့်ဘဲ ရှေ့မှကျော်တက်ကာ ခတ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။

"ဟော့. . လေရူး၊ ရှင် ဘာလို့မစောင့်တာလဲ. . စောင့်ဦးလေ

www.burmeseclassic.com



ကျွန်မတစ်ယောက်တည်း ကြောက်တယ်”

ရှေ့မှ ခတ်သွက်သွက်လျှောက်သွားသော လေပြေ ပြုံးလိုက်သည်။

မိန်းကလေးတွေက ဒီလိုပါပဲ၊ သူတို့ကို လက်ကမ်းပေးရင် ဒီလက်ကို မူယာမာယာတွေနဲ့ ပုတ်ထုတ်ပစ်တတ်ကြတယ်၊ ကျောခိုင်းခဲ့ပြီ ဆိုရင်တော့ အနောက်ကနေ တကောက်ကောက် လိုက်တတ်ကြပြန်ရော. . .။







# အခန်း (၃၂)

“ဟင်. . တုံတုံ”

ကားလက်မှတ် အရောင်းဌာန ရုံးခန်းထဲဝင်လာသော တုံတုံ့ကိုမြင်တော့ လေပြေ အံ့ဩကာ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်သည်။

တုံတုံ့မျက်နှာသည် အရင်ကလို မာကျောခက်ထန်မနေတော့၊ ပြုံးယောင်ယောင်နှင့် ပန်းသွေးရောင် ယှက်ဖြာနေသည်။

“ရှင်တို့ကားပေါ်မှာ တုံတုံ့ပစ္စည်းနှစ်ခု ကျန်ခဲ့လို့”

“ဟင်. . ဟုတ်လား. . ဘာပစ္စည်းလဲ”

လေပြေ့အမေးကို တုံတုံမဖြေဘဲ ကားရပ်ထားရာသို့ လှမ်း

www.burmeseclassic.com



ကြည့်လိုက်သည်။

“ကားက ဟိုင်းဝေး ပြန်မထွက်သေးဘူး မဟုတ်လား”

“မထွက်သေးဘူး၊ မာမီက အယူနည်းနည်းသီးတော့ ကားကို ပရိတ်တွေဘာတွေ ရွတ်ဖတ်ပြီးမှ ပြန်ခိုင်းဖို့လေ”

“ဒါဆို တုံ အဲဒီကားဆီကို ပြန်သွားချင်တယ်”

“အင်း. . သွားလေ၊ လာ ကိုယ်လိုက်ပို့ပေးမယ်”

ပြောပြောဆိုဆိုဖြင့် လေပြေ တုံတုံကိုခေါ်ကာ. . ကားဆီသို့ လျှောက်လာခဲ့လိုက်သည်။

“ကဲ ဘာပစ္စည်း ကျန်ခဲ့တာလဲ၊ ကိုယ်တို့ကားပေါ်မှာ ခရီးသည်တွေ ပစ္စည်းကျန်ခဲ့တာတွေ့ရင် များသောအားဖြင့် ထိန်းသိမ်းပေးထားပါတယ်၊ ဒါပေမယ့် ခုတော့ ဘာပစ္စည်းမှ မတွေ့မိဘူး”

“ဟင့်အင်း ဘယ်သူမှ မသိအောင် ကျန်ခဲ့တာမို့ အဲဒီပစ္စည်း ဘယ်နေရာမှ ကျန်ခဲ့တယ်ဆိုတာ တုံတုံပဲ သိတာလေ”

“ဩော်. . ဒီလိုလား၊ အင်း မဟုတ်မှလွဲရော လူဆိုးတွေရော ဥပါ လိုချင်နေတဲ့ မြေဂရန်စာချုပ်လား”

“မဆိုးဘူး၊ ရှင် အထူအပါး နားလည်သားပဲ”

“အယ်. . . ချီးကျူးတယ်ပေါ့”

“အဟင်း. . ချီးကျူးသင့်တယ် ထင်လို့ပါ”

“ကဲ. . ကားပေါ်တက်လေ ဘယ်မှာဝှက်ခဲ့တာလဲ”

တုံတုံ ကားပေါ်သို့တက်သွားပြီး. . သူထိုင်ခဲ့သော ခုံဆီသို့ လျှောက်သွား၏။ ပြီးနောက် ဆိုဖာခုံရှေ့သို့ ကိုယ်ကိုကိုင်းကာ သံဖရိန်နှင့် ဟနေသော ဆိုဖာကြားထဲသို့ လက်နှိုက်လိုက်သည်။

တုံတုံ့လက်ထဲတွင်ပါလာသည်က အပြာရောင် ဖိုင်တွဲတစ်ခု။

“ဩော်. . ဉာဏ်ကြီးပါပေ့ ဒေါ်တုံတုံရယ်၊ ကိုယ်တောင် အံသြ





ခဲ့ဉ်းစားမိမှာ မဟုတ်ဘူး၊ တော်သေးတာပေါ့. . ဒီကားကို လောလော ဆယ် ကားဝင်းထဲမှာပဲသိမ်းထားလို့ပေါ့၊ ဟိုင်းဝေးသာလွတ်ရင် ဒီပစ္စည်း ကို တစ်ယောက်ယောက် တွေ့ရင်တွေ့သွားနိုင်တယ်၊ မင်း တကယ်ကို စွန့်စားရဲတာပဲ”

“ရှင်တို့ကူရှင်က ပြဲနေတာလေ၊ အဲဒီအတွက်. . တုံတုံ ကံကောင်းသွားတာ၊ ဒီပစ္စည်းဟာ တုံတုံဘဝမှာ နောက်ဆုံး ပိုင်ဆိုင်မှုပဲ၊ ဒါကြောင့် မိဘဘိုးဘွားတွေက တမလွန်ကနေ စောင့်ရှောက်ပေးထားတာလည်း ဖြစ်နိုင်တာပဲ”

“ဒါနဲ့ နောက်ပစ္စည်းတစ်ခုကရော ဘာလဲ၊ အဲဒီပစ္စည်းကိုရော ဘယ်နေရာမှာ ဝှက်ထားခဲ့သေးလဲ၊ မိန်းမတွေ ဉာဏ်များပုံများ လိုက်လို့ကို မမှီပါဘူးကွာ”

လေပြေ ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။

တုံတုံ လေပြေ့ကို ခပ်စိမ့်စိမ့်လေး ကြည့်လိုက်သည်။ တုံတုံ မျက်ဝန်းလဲ့လဲ့တို့သည် ရွှန်းစားလှပနေသည်။

တုံတုံ့အပြုံးသည် မိုနာလီစာ အပြုံးထက်ပင် ပို၍ အသက်ဝင် လှပ၍နေသည်။

ချစ်စရာကောင်းသော တုံတုံမျက်နှာလေးကို လူသူကင်းရှင်းသည့် ကားထဲမှာ ဆွဲဖက်ပြီး စိတ်ရှိလက်ရှိ အနမ်းတွေ ခြွေလိုက်ရလျှင်ဖြင့်. . .

အတွေးနှင့်ပင် ရင်တွေ တဒုန်းဒုန်း ခုန်၍လာသည်။ ဒီမိန်းကလေး ဘယ်သူ့စိတ်တိုင်းကျ ဒီလောက်လှနေတာလဲ၊ ရင်တွေ တကယ်ကို ခုန်နေတာ. . ဟန်ပင်မဆောင်ချင်တော့။

“နောက်ပစ္စည်းတစ်ခုက ကျန်ခဲ့တာမဟုတ်ဘူး၊ ခါးပိုက်နှိုက်ခံရတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

"ဟုတ်တယ်"

"ဘယ်. . ဘယ်သူနှိုက်တာပါလိမ့်၊ ဘာပစ္စည်း ပျောက်တာလဲ တန်ဖိုးကရော ဘယ်လောက်ရှိလဲ"

"အဲဒါတော့ တုံလည်း တန်ဖိုးမဖြတ်တတ်ဘူး၊ နှိုက်သွားတဲ့သူကတော့ အဲဒီတန်ဖိုးကို သိတယ်"

"ဒါဆို ဘာပစ္စည်းပါလိမ့်"

"ဟော့ဒီရင်ဘတ်ထဲက နှလုံးသားတစ်ခုကိုပေါ့"

"ဗျာ. ."

လေပြေ တကယ်ပင် နားမလည်နိုင်တော့။

"ဒါ. . ဒါကတော့. . အဲ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ကဲပါ၊ ခုမှ ရှူးချင်ဟန်ဆောင်မနေပါနဲ့ ကိုလေရှူးရယ်၊ တုံတုံ့ရင်ဘတ်ထဲက အချစ်ကို ရှင်ပဲ ခါးပိုက်နှိုက်သွားတာလေ"

တုံတုံ့စကားအဆုံး လေပြေ့ရင်ထဲက ဖြိုးခနဲဖျဉ်းခနဲ ခံစားလိုက်ရသည်။

အရာရာကို သဘောပေါက်လိုက်သည်။

"တုံတုံ. . ဘာပြောလိုက်တယ်၊ မင်းရင်ထဲက အချစ်တွေကို ခါးပိုက်နှိုက်သွားတဲ့သူက. . ကိုယ် ဟုတ်လား"

"အင်း. . ပေါ့"

"ဟာ. . ဒါ. . ဒါဆို မင်းအချစ်တွေကို ကိုယ်ပိုင်ဆိုင်နေပြီဆိုတဲ့ သဘောပေါ့"

"လေရှူးရယ် ရှင်ကလူလည်ပဲ ကိုယ့်ဟာကိုယ် စဉ်းစားပေါ့ အင်း. . ဒါပေမယ့် တုံက အဲဒီခါးပိုက်နှိုက်ဆီက တုံ့အချစ်ကိုတော့



BURMESE CLASSIC



ရာသက်ပန် ပြန်မတောင်းတော့ပါဘူး၊ ထာဝရ ကုသိုလ်ရှင်အဖြစ် သူ့ကိုပဲ ပုံပေးလိုက်ပါတော့မယ်"

"ဟာကွာ. . ဝမ်းသာလိုက်တာတုံရယ်၊ လေရှူးဘဝမှာလေ ဒီအချိန်လောက် တစ်ခါမှ မသာယာခဲ့ဖူးဘူး၊ ကိုယ်. . ကိုယ် အရမ်းကို ချစ်နေတာ၊ ရင်ဖွင့်ခွင့်မရလို့သာ မျိုသိပ်နေရပေမယ့် တုံက ကိုယ့်ရင်ထဲမှာ တစ်စက္ကန့်တောင် ထွက်မသွားသေးပါဘူး ယုံပါကွာ"

"အင်း. . ယုံပါတယ်၊ ဒါကြောင့် တုံ မြဝတီကို ပြန်မသွားဘဲ ရန်ကုန်ကို ပြန်လိုက်လာတာပေါ့"

"အိုးရက်စ်. . ကျေးဇူးတင်တယ်"

လေပြေ တုံတုံ့ကိုယ်လေးကို ကားထဲမှာပင် လူမသိသူမသိ ဆွဲယူပွေ့ဖက်ကာ တစ်ခါမှမနမ်းဖူးသော အနမ်းတွေဖြင့် ချစ်သူအသစ်စက်စက်လေးကို နမ်းရှိုက်လိုက်သည်။

တုံတုံ ရှက်ရွံ့နေသည်မှအပ ထိုအနမ်းတွေကို ကြည်ဖြူစွာ လက်ခံသည်။ ကားထဲမှာလည်း ဘယ်သူမှ မရှိဘူးဆိုတော့လေ. . .။

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR



www.burmeseclassic.com